


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၈၉၈၁၁၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၇၅၇၁၂၀၈ |
| အဖုံးဒီဇိုင်း | - | သိန်းရွှေကြည် |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ။ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |


အဝေးကကြည့်လျှင်ပင် ပြာလွင်သောကောင်းကင်အောက်မှာ အစိမ်းနုရောင်ဝတ်စုံဖြင့် ဖြူနုလှပသည့် သူမကို နက်မှောင်ဖွော့ပျောင်းသော ဆံနွယ်ရှည်များ လေထဲတွင် လွင့်ဝဲလျက် ကန်ရေပြင်သို့ မျက်နှာမူရပ်နေတာကို တွေ့နိုင်လေ၏။

"စိမ့်"

ထိုအမည်လေးကို သူမြတ်နိုးစိုးသက်စွာ ရွတ်ဆိုလိုက်မိသည်။ အမှန်တော့ သူမလေးကို စတင်တွေ့ခဲ့သည်အချိန်မှာပင် သူနှလုံးသားထဲ အေးစိမ့်သွားရတဲ့အဖြစ်။

"ကိုယ့်ဘဝမှာ မင်းနဲ့ကြမှ ဒီလိုခံစားချက်မျိုး ဖြစ်ပေါ်မိတာပါ စိမ့်"



www.burmeseclassic.com

www.burmeseclassic.com



ရိုးသားစွာဝန်ခံရလျှင်တော့ ကျော်ဇောသာဆိုသော သူ့ဘဝတွင် မိန်းမချော မိန်းမလှလေးများစွာ တွေ့ဖူးခဲ့ပါသည်။

ထိုမိန်းကလေးအားလုံးကို သူတွဲခဲ့ပေမယ့် ရင်ခုန်လှုပ်ရှားခြင်းမရှိခဲ့ပါ။ သူတို့နှင့်သွားလာရတာ ပျော်သည်။ အချိန်တန်လျှင် လမ်းခွဲ အိမ်ပြန်ပေမယ့် သူ့ရင်ထဲ မည်သူမျှပါမလာခဲ့ပေ။

အင်းလေ အမှန်တော့ ထိုမိန်းကလေးအားလုံးသည်လည်း 'ကုမ္ပဏီပိုင်ရှင်' တစ်ဦးဖြစ်တဲ့ သူ့ထံမှ လိုချင်တာရှိကြ၍ လိုက်လျောဆက်ဆံခြင်းပါ။ ဒါကို သူနားလည်တော့ သူတို့လေးတွေနှင့် အပျော်တွဲတာမဆန်း။

သို့သော်

စိမ့်ဆိုသောမိန်းကလေးကမူ သူ့အတွက် အားလုံးနှင့်မတူသည့် ထူးခြားသော သူလေးဖြစ်၏။

**သိမ်မွေ့နူးညံ့သော** မျက်နှာလေးထက်တွင် ရိုးသားကြည်လင်သော မျက်ဝန်းလေးများနှင့် ဖြူစင်စွာပြုံးတတ်သော ပန်းနုရောင်နှုတ်ခမ်းပြည့်ပြည့်လေးတို့က သူ့အတွက် တခြားမိန်းကလေးတွေထက် ပိုလှစေတာ ငြင်းမရပေ။

အတွေးဖြင့်ပြုံးရင်း သူကားပေါ်မှဆင်းကာ သူမထံ





လျှောက်ခဲ့သည်။

"စိမ့်"

တိုးညက်စွာ သူခေါ်တော့ သူမ ညင်သာစွာလှည့်ကြည့်လာ၏။ သူပြုံးပြလိုက်သည်။

"ဩော် ရှင်၊ ရောက်လာပြီကိုး"

"အဟွန်း ဆောရီး၊ ကိုယ် နည်းနည်းနောက်ကျသွားတယ် စိမ့်"

သူမက ခေါင်းလေးအသာ ခါယမ်း၏။ ထို့နောက် ကြည်လင်သော မျက်ဝန်းလေးများဖြင့်ကြည့်ကာ

"ကိစ္စမရှိပါဘူး၊ ကျွန်မလည်း စောစောလေးကမှ ရောက်တာပါ ဦးကျော်ဇောသာ"

အနီးကပ်မြင်တွေ့နေရသော သူမမျက်နှာလေးက ပို၍ အပြစ်ကင်းစင် နူးညံ့နေ၏။ အစိမ်းရောင်ဝတ်စုံလေးမှာ သူမ၏ဖြူနုသော အသားအရေနှင့် လိုက်ဖက်ကာ သူ့မျက်စိထဲ အေးမြနေသည်။

"ကိုယ်ချိန်းတဲ့နေရာကို စိမ့် ခုလိုလာပေးတာ ကျေးဇူးတင်ပါတယ်"

ကျေနပ်ပြုံးဖြင့် သူပြောတော့ သူမ မျက်လွှာလေးချ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကျော်ဇောသာက ကျွန်မတို့ဆိုင်ရှင်သူဌေးရဲ့ မိတ်ဆွေပဲ၊ ဒီအတွက် လာပေးတာပါ"

"ကိုယ်က စိမ့်ကို ဆွဲနဲ့ပတ်သက်ပြီး ခေါ်တာမဟုတ်ဘူး၊ ကိုယ်နဲ့စိမ့်တို့ နှစ်ယောက်တည်း ကိစ္စအတွက်ပါကွာ"

သူစိတ်ထဲရှိသည့်အတိုင်းပြောတော့ သူမ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။

"ရှင်… ကျွန်မနဲ့ ဦးကျော်ဇောသာတို့ နှစ်ယောက်တည်း ကိစ္စ ဟုတ်လား"

"အဟွန်း ဟုတ်တယ် စိမ့်၊ ကြည့်ပါဦး စိမ့် ဒီနေရာသီဥတု ဘယ်လောက်သာယာတယ်ဆိုတာ"

အေးမြသော လေပြေလေညှင်းတို့က တသွဲ့သွဲ့တိုက်ခတ်လျက် စိမ်းမြသော ရွှခင်းတို့နှင့်အတူ ရောင်စုံပန်းမာလာတို့က ပြာလွင့်သော ကောင်းကင်အောက်မှာ သဘာဝပန်းချီကားချပ်တစ်ခုနှယ်။

"ဦးကျော်ဇောသာ ကျွန်မကိုချိန်းတဲ့ကိစ္စက"

"ဖြည်းဖြည်းပေါ့ စိမ့်ရယ်၊ ကဲ လာ ကိုယ်တို့ တစ်ခုခုစားရင်း ပြောကြတာပေါ့"





သူလှည့်ထွက်ရင်းခေါ်၏။ သူမက လိုက်ပါမလာပဲ

"ဟင့်အင်း ကျွန်မ ဘာမှစားချင်စိတ်မရှိပါဘူး၊ ဦးကျော်ဇောသာ ပြောစရာရှိတာပြောပါ"

တည်ငြိမ်သော မျက်နှာလေးဖြင့် သူမပြော၏။ သူသိလိုက်ပါပြီ။ သူမဟာ တကယ်ပဲ သူတွေ့ခဲ့ဖူးတဲ့ မိန်းကလေးတွေနှင့် မတူဘူးဆိုတာ။ ထို့ကြောင့် သူ တစ်ချက်ပြုံးလိုက်ရင်း

"စိမ့်က သိပ်စိတ်မြန်တယ်နော်၊ အဟွန်း ကောင်းပါတယ်လေ၊ တကယ်တော့ ကိုယ်ကလည်း ပြောချင်လွန်းတဲ့ စကားတွေကို အတင်းရင်ထဲ မျိုသိပ်ထားနေရတာပါ၊ ဒီမှာ စိမ့်"

"ရှင်၊ ပြောပါ"

သူ၏တောက်ပသော အကြည့်တို့က သူမမျက်နှာလေးပေါ် စူးနစ်ရောက်သွားသည်။

"ကိုယ် ရှင်းရှင်းပဲ ဝန်ခံချင်တယ်၊ ကိုယ် မင်းကိုချစ်မိနေပြီစိမ့်"

"ရှင်"

ရုတ်တရက် သူမ၏ဖြူနုသော မျက်နှာလေးမှာ သွေးနှင့်ပက်ဖျန်းလိုက်သလို နီရဲသွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်။

သူမဘဝမှာ သူသာပထမဆုံး ဒီလိုစကားပြောဖူးတယ်ဆိုတာ။ ထိုသို့စဉ်းစားလိုက်ရုံနှင့် သူကျေနပ်သွား၏။

"ကိုယ့်ကို အဖြေပေးမယ်မဟုတ်လား စိမ့်"

သည်အခိုက် သူမမျက်နှာလေး တင်းခနဲဖြစ်သွားလျက်နောက်သို့ခြေတစ်လှမ်းဆုတ်၏။ ထို့နောက် သူ့ကို ခပ်စိမ်းစိမ်းကြည့်သည်။

"ရှင် ကျွန်မကို အထင်သေးလို့ ဒီလိုစကားမျိုး ပြောလိုက်တာ မဟုတ်လား ဦးကျော်ဇေယျာ"

"ဘာ"

"အဟင်း ရှင်က မိန်းကလေးတိုင်းကို ဒီလိုငါပြောရုံနဲ့ရတာပဲလို့ အပိုင်တွက်ထားတာမျိုး"

"ဟာ မဟုတ်ဘူးစိမ့်"

သူ လျှင်မြန်စွာ ငြင်းလိုက်ပေမယ့် သူမက သူ့ကို အထင်သေးဟန်ဖြင့် ကြည့်လာ၏။

"ဝမ်းနည်းပါတယ် ဦးကျော်ဇေယျာ၊ ကျွန်မ အဲဒီလို မိန်းကလေးမျိုးထဲက မဟုတ်ပါဘူး"





ထို့နောက် သူ့ကို ရှောင်လျက် သူမသွားဖို့ပြင်၏။

"စိမ့်"

"အို"

သူက လျှင်မြန်စွာဖြင့် သူမလက်ကို ဖျတ်ခနဲ ဆွဲယူလိုက်ခြင်း။ သူမမျက်နှာလေးနီသွားကာ

"လွှတ်ပါ ဦးကျော်ဇေယျာ၊ ကျွန်မ သူများကို မရိုက်ချင်ဘူး"

ပြောရင်း သူ့လက်ထဲမှ သူမလက်ကို ဆတ်ခနဲဆွဲယူလိုက်၏။

"ကိုယ် ရှင်းပြပါရစေဦး စိမ့်"

"အဟင်း ရှင်က ဘာကိုရှင်းပြမှာလဲ၊ ဦးကျော်ဇေယျာ၊ ရှင်ထည်လဲတွဲနေတဲ့ မိန်းကလေးတွေအကြောင်းလား၊ ဒါမှမဟုတ် ကျွန်မရဲ့သူဌေး ဆူးအကြောင်းလား"

သူသိလိုက်ပြီ။ သူမအနေဖြင့် သူ့ကို ကောင်းကောင်းကြီး အထင်လွဲနေပြီဆိုတာကို။ ထို့ကြောင့် ခေါင်းခါယမ်းမိ၏။

"သူတို့နဲ့ ဘာမှမဆိုင်ဘူး စိမ့်၊ သူတို့အားလုံးဟာ ကိုယ့်ရင်ထဲက မိန်းကလေးတွေ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမ သက်ပြင်းလေးချလျက် သူ့ကိုကြည့်သည်။ အနီးကပ် မြင်တွေ့နေရသော ထိုယောကျ်ား၏ ချောမောခန့်ညားမှုက သူမတွေ့ ဖူးသော အမျိုးသားများနှင့် ခြားနားလှပါ၏။

သို့သော် ထိုသို့ရုပ်ရည်ချောမောခြင်း၊ ပစ္စည်းဥစ္စာပြည့်စုံခြင်းတို့က သူ့ကို မိန်းမတကာနှင့် တွဲနိုင်ဖို့ အခွင့်အရေးတစ်ခုပေးလိုက်သလိုပါပဲ။

"စိတ်မကောင်းပါဘူး ဦးကျော်ဇေယျာ၊ ကျွန်မ ရှင်နဲ့ ဒီအကြောင်းတွေ မပြောချင်ဘူး"

"ကိုယ်ကတော့ ပြောချင်တယ် စိမ့်၊ ကိုယ့်ဘဝမှာ စိမ့်ဟာ ပထမဆုံး ရင်ထဲက လေးနက်စစ်မှန်တဲ့ မေတ္တာနဲ့ ချစ်မိတာပါကွာ"

အမှန်ဝန်ခံရလျှင်တော့ သူမလိုမိန်းမငယ်လေးအဖို့ သူ၏ စကားက တုန်လှုပ်စရာပါ။ မိန်းမတိုင်းက မက်မောသည်မှာ အစစ အရာရာပြည့်စုံသော သူလိုလူ၏ အချစ်မဟုတ်လား။

ဒါပေမယ့် သူမမှာ သတိနှင့်စဉ်းစားဉာဏ်ရှိလေတော့ ဒီစကားတွေအပေါ် မသာယာနိုင်ပါ။

"အဲဒီလိုစကားမျိုး အပြောခံရတဲ့ မိန်းကလေးတွေထဲမှာ ကျွန်မက ဘယ်နှစ်ယောက်မြောက်လဲဟင် ဦးကျော်ဇေယျာ"





"မင်း"

ပန်းနုရောင်နှုတ်ခမ်းလေး အနည်းငယ်တွန့်လျက် ပြုံးရင်းမေးလိုက်ပုံက သူ့ပါးကို သူမ ရိုက်ချလိုက်တာထက်ပင် ပိုနာကျင်စေ၏။

"ခွင့်ပြုပါဦး"

သူမလှည့်ထွက်လိုက်သည်။

"မင်း ဘာကြောင့် ကိုယ့်ကို ဒီလောက်မယုံတာလဲဟင်၊ ဆုံးကြောင့်လား"

နောက်မှပါလာသော သူ့အသံကြောင့် သူမ ခြေလှမ်းများ တန့်သွားသည်။

"ဆုံးကြောင့်ဆိုရင်တော့ မင်းသိထားပါ၊ ကိုယ် ဆုံးကို လုံးဝလက်ထပ်မှာမဟုတ်ဘူး"

"ဟင်"

ထိုစကားကြောင့် ဆုံးကိုယ်စား သူမ တုန်လှုပ်မိသွား၏။ အကြောင်းကတော့ ဆုံးက သူ့ကို ဘယ်လောက်ချစ်နေတယ်ဆိုတာ သူမသိ၍ပင်။

သူမနောက်ပြန်လှည့်မကြည့်ဘဲ တစ်ခွန်းချင်းပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ကျွန်မဆီကတော့ ရှင်ဘာမှ မမျှော်လင့်ပါနဲ့ ဦးကျော်အောင်သာ"

ထိုမျှပြောပြီး သူမထွက်ခဲ့သည်။ သူဘယ်လိုကျွန်ရစ်ခဲ့မည် ဆိုတာ မစဉ်းစားချင်ပေ။ ဘာကြောင့်များ သူနှင့်သူမတို့ လာဆုံစည်း ရတာပါလိမ့်။

* * *

"စိမ့်"

"ဟင် ထူး"

အညိုပျော့ပျော့ ဆံနွယ်များက နဖူးပေါ်တွင် ဝေ့ဝဲကျလျက် အပြာနုရောင်စပို့ရှပ်ကို နက်ပြာရောင် ဂျင်းဘောင်းဘီနှင့် တွဲဝတ် ထားသည့် ထူးပုံစံက သန့်ပြန့်ချောမောနေ၏။

စိမ့်မှာတော့ မနက်က လိမ်းလာသည့် သနပ်ခါးရေကျဲ လေးပင် ပျက်ပြယ်ကာ နက်မှောင်ရှည်လျားသော ဆံနွယ်တို့ကို ဆံမြီးဖွဖွတစ်ချောင်းတည်းကျစ်လျက် အဝါနုရောင် ရင်ဖုံးအင်္ကျီ လည်တောင်လေးကို အဝါနှင့် အညိုပွင့် ရောထားသော လုံချည် လေးဖြင့် တွဲဝတ်ထားတာကြောင့် ထူးနှင့်စာလျှင် သူမအသွင်က လူကြီးဆန်နေသယောင်။





www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ဆင်းပြီမို့လား စိမ့်"

"အင်း ထူးက ဒီကိုဘာလာလုပ်တာလဲ"

အနက်ရောင် စလင်းဘက်အိတ်လေးလွယ်ကာ ရှော့ဘူး ထမင်းချိုင့်ပါသော ယိုးဒယားဆွဲခြင်းလေးအားဆွဲရင်း သူမမေးတော့ ထူးပြုံးသည်။

"ဒီနေ့ လခထုတ်ရက်လေ စိမ့်"

"ဒီတော့"

"နင်က ငါ့ကို မုန့်ကျွေးပေါ့ စိမ့်ရဲ့"

ကလေးဆန်သော ထူးစကားကြောင့် စိမ့်ရယ်လိုက်၏။ ထူးနှင့်စိမ့်ဆိုတာ တက္ကသိုလ်မှာကတည်းက ခင်မင်ရင်းနှီးခဲ့ပြီး ဘွဲ့ယူတော့လည်းအတူတူ။

ကျောင်းပြီးသွားတော့ စိမ့်က အလုပ်ဝင်ခဲ့သည့်တိုင် ထူး အလုပ်ရှာကောင်းဆဲဖြစ်၏။

"နင်လို သူဌေးက ငါ့ဆီက မုန့်စားမလို့လား ထူး"

"လာပြန်ပြီ ငါ့ကိုများ သူဌေးတဲ့၊ ဒီနေ့ထိ အလုပ်မရှိလို့ ကိုယ်ပိုင်ပိုက်ဆံမရှာနိုင်တဲ့ကောင်ပါ စိမ့်ရဲ့"

"ဒါပေမယ့် နင့်အိမ်က သူဌေးပဲလေ ထူး"





ထိုစကားကြောင့် ထူး ပခုံးတွန့်သည်။ တကယ်တော့ ကိုယ့်အိမ်အကြောင်း ကိုယ်အသိဆုံး။

"အထင်မကြီးစမ်းပါနဲ့ဟာ၊ အိမ်ကချမ်းသာတာ မဟုတ်ဘူး၊ ငါ့အစ်မချမ်းသာတာ စိမ့်၊ ငါနဲ့အမေက သူ့ကိုမှီခိုနေရတာ"

"ဘာပဲဖြစ်ဖြစ် နင့်အစ်မချမ်းသာတာလည်း နင်ချမ်းသာတာပဲပေါ့ ထူးရယ်"

ကျောင်းတက်တုန်းကလည်း ထူးသည် ငွေကို ရေလိုသုံးခဲ့၏။ ယခု ကျောင်းပြီးသွားပေမယ့် ထူးက ကိုယ်ပိုင်ကားတစ်စီးနှင့် လျှောက်လည်ကောင်းတုန်းပါ။

"ကဲ ထားပါဟာ၊ ဘယ်လိုလဲ နင် ငါ့ကို မုန့်ကျွေးမှာလား စိမ့်"

"နင်စားချင်မှတော့ ကျွေးပါတယ် ထူးရယ်၊ ကဲ ဘာစားမလဲပြော"

သည့်လိုမေးတော့ ထူးကျေနပ်သွားပြုံး၏။ အမှန်ပြောလျှင် မုန့်ဆိုလာချင်တာကလွဲ၍ ထူး စားချင်စိတ်မရှိပါ။

"အလကားပြောတာပါဟာ၊ နင့်ကိုသာ ငါကျွေးမှာပါစိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နှင်အလုပ်ရလာလို့လား ထူး"

"ရိုက်ထ်"

"ဟင် ဘာအလုပ်လဲ ထူး"

စိမ့် အံ့သြဟန်လေးဖြင့်မေး၏။ ထူးက ခေါင်းခါယမ်းကာ

"လမ်းမကြီးမှာ ပြောရမှာလား စိမ့်ရဲ့၊ လာ ငါတို့ သောက်နေကျ ကြေးအိုးဆိုင်မှပြောမယ်"

"ဟဲ့ အို"

ထူးက စိမ့်လက်ထဲမှ ဆွဲခြင်းကိုယူ၍ ကားတံခါးဖွင့်ထည့်၏။ ထို့နောက် စိမ့်အတွက် ရှေ့ခန်းတံခါးဖွင့်ပေးသည်။

"ကဲ တက် စိမ့်"

"ဟင်း နှင်တော့နော်"

ငြင်းလို့လည်းအလကားပဲမို့ စိမ့် ကားပေါ်တက်လိုက်၏ ထူး လေလေးချွန်ပြီး ကားမောင်းသူနေရာတွင် ဝင်ထိုင်သည် ထို့နောက် ထူး၏ကားလေးက လေးညို့မှလွတ်သည့်မြားနှယ်။

"ငါ့အစ်မက အခု အမျိုးသား အမျိုးသမီးဝတ် ဖက်ရှင် ဆိုင်ဖွင့်လိုက်တယ် စိမ့်"

"ဟင် ဟုတ်လား၊ အရင် အတွင်းရေးမှူးအလုပ်ဆိုတာ ကော ထူး"





"ထွက်လိုက်ပြီလေ စိမ့်"

"သြော်"

ကြေးအိုးဆိုင်ရောက်တော့ လူအနည်းငယ်သာရှိတာကြောင့် ဆိုင်က ရှင်းနေ၏။ ထူးနှင့်စိမ့်က ထောင့်စားပွဲမှာထိုင်သည်။ ကြေး အိုးနှစ်ပွဲမှာပြီးနောက် ထူးက စကားစလိုက်ခြင်းပါ။

"စိမ့် နှင်မေးဦးလေ၊ ငါ့အလုပ်က ဘာလဲဆိုတော့"

"သြော် အင်း ပြောလေထူး"

တခြားမိန်းကလေးတွေလိုမဟုတ်ဘဲ အေးစက်တည်ငြိမ် သော စိမ့်ကြောင့် ထူးမှာ အမြဲလို အားမရဖြစ်မိသည်။

သူပြောမှ ထူးက မျက်လုံးဝိုင်းလေးနှင့် မေးပေါ်ရ၏။

"ဟဲ ဟဲ ငါ့အလုပ်က အုပ်ချုပ်ရေးမှူး"

"ဘာ"

"ကျွတ် ဆိုင်ဝန်ထမ်းတွေကို အုပ်ချုပ်တဲ့ လူလို့ပြောတာ စိမ့်ရဲ့"

"သြော် အဟင်း"

ရုတ်တရက် စိမ့်က နှုတ်ခမ်းလေးပိတ်ရယ်လိုက်တော့



www.burmeseclassic.com

www.burmeseclassic.com



ထူးမျက်မှောင်တွန့်သွားသည်။

"နှင်က ဘာရယ်တာလဲ စိမ့်"

"အို ဘာမှမဟုတ်ပါဘူး၊ နှင်က အလုပ်ရမယ့်ရတော့ ရာထူးအကြီးကြီးမို့ပါ ထူး"

စိမ့်ခပ်သွက်သွက်လေး ရှင်းပြလိုက်မှ ထူး မျက်နှာကြည် လင်သွားသည်။

"အေး အဲဒါကြောင့် နှင့်ဆီပါလာခဲ့တာ စိမ့်"

"ဟင် ဘာ့အတွက်လဲ ထူး"

နားမလည်ဟန်ဖြင့် စိမ့်မေးတော့ ထူးပြုံးလိုက်သည်။ အေးချမ်းလှပသော စိမ့်မျက်နှာလေးကိုကြည့်ကာ

"နှင် အခုအလုပ်မှာ အဆင်မပြေဘူးလို့ တစ်ခါက ငါ့ကို ပြောဖူးတယ် မဟုတ်လားစိမ့်"

"အင်း ဟုတ်တယ်လေ၊ ဒါပေမယ့် တခြားအလုပ်ရှာမို ကလည်းခက်တော့ သည်းခံလုပ်ရတာပဲ ထူး"

သည်ခေတ်က အလုပ်တစ်ခုရဖို့ဆိုတာမလွယ်။ အခက် အခဲက အရည်အချင်းပြည့်စုံနေမှ တန်ဘာကျ၏။

"ဒါဆို နှင် ဆက်ပြီးသည်းခံနေစရာမလိုဘူး စိမ့်"





"ထူးရယ် နှင်ကလည်း မြှောက်ပေးနေပြန်ပြီ"

"ဟာ ငါမြှောက်ပေးတာ မဟုတ်ဘူး စိမ့်၊ နှင် အဲဒီအလုပ် က ထွက်လိုက်တော့၊ ငါတို့ဆိုင်မှာ မန်နေဂျာလာလုပ်လိုက်၊ နှင်က မကိုရှင် ဝါသနာပါတယ်မဟုတ်လား စိမ့်"

အတည့်မျက်နှာဖြင့် ထူးပြောတာကြောင့် စိမ့် အံ့ဩသွား ၏။

"နှင့်ဆိုင်မှာ ငါလုပ်ရမယ် ဟုတ်လား ထူး"

"ဟုတ်တယ် စိမ့်၊ ဆိုင်ဝန်ထမ်းတွေက များသောအားဖြင့် မိန်းကလေးတွေ၊ သူတို့က အရောင်းဝန်ထမ်းလေးတွေဆိုတော့ နှင်က အရောင်းမန်နေဂျာပေါ့ စိမ့်"

ထူးက တက်ကြွစွာပြောနေသလောက် စိမ့် ငြိမ်သက်သွား ၏။

"နှင် ဘာတွေစဉ်းစားနေတာလဲ စိမ့်၊ လခအတွက်ဆိုရင် မပူနဲ့၊ အခု နှင်ရတဲ့လခထက် သုံးဆပေးမှာ၊ အဲဒါအပြင် ရောင်း အားတက်ရင် တက်သလို ဘောနပ်စ်လည်းရမှာစိမ့်"

"အေးဟယ် နှင်ဒီလိုပြောတာ ကျေးဇူးတင်ပါတယ်၊ ငါ ချိုးစားပါရစေဦး"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်စကားကြောင့် ထူးမျက်နှာပျက်သွား၏။

“စဉ်းစားဦးမယ် ဟုတ်လား စိမ့်၊ နင်က ဘာကိုစဉ်းစားဦးမှာလဲ၊ ငါက အရောင်းမန်နေဂျာနေရာအတွက် နင်လာလိမ့်မယ်လို့ မမကို ပြောထားခဲ့ပြီးပြီ စိမ့်၊ ဘာလဲ နင်က ငါနဲ့အတူ အလုပ်မလုပ်ချင်ဘူးလား စိမ့်”

ထူး စကားနာထိုးလာ၏။ ယောကျ်ားလေးတန်မယ့် ထူးစိတ်ကောက်ချင်နေပြီဆိုတာသိတော့ စိမ့် မျက်စောင်းလေးထိုးကာ

“ကဲ ကဲ ရှင်နဲ့အတူ အလုပ်လုပ်ပါမယ်တဲ့ ကိုယ်တော်ရယ်”

“အဟား ဒီလိုမှပေါ့ စိမ့်ရ၊ ဒါဆို မနက်ဖြန် ထွက်စာတင်လိုက်၊ နင့်ကို ငါလာခေါ်မယ် စိမ့်”

“ဟဲ့ မြန်လှချည်လား ထူးရယ်”

အလုပ်တစ်နေရာနှင့်တစ်နေရာ ပြောင်းတာ ဒီလောက်မြန်လိမ့်မည်ဟု စိမ့်မထင်ခဲ့ပေ။

“မြန်မြန်ပဲ စိမ့်ရေ၊ ဆိုင်က ဖွင့်တာမကြာသေးဘူး၊ မန်နေဂျာ အမြန်လိုတယ်ဗျ”

“ဟုတ်ပါပြီတဲ့ရှင်၊ ကျွန်မသဘောပေါက်ပါပြီ”





“ကဲ သဘောပေါက်ရင် ကြေးအိုးသောက်တော့ အမြန်နှင့်အိမ်ကို ငါလိုက်ပို့မယ်ဟုတ်လား”

“သဘော သဘော”

လှပသော မျက်စောင်းလေးနှင့် သဘောဟုပြောလိုက်ပုံလေးကြောင့် ထူးရင်ထဲ ကြည်နူးသွားလျက်

“တစ်သက်လုံးအတွက်လား စိမ့်ရယ်”

ဟုသာ မေးလိုက်ချင်တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဒါ ငါတို့ဆိုင်ပဲ စိမ့်"

အဖြူရောင် မှန်တံခါးကို တွန်းဖွင့်၍ဝင်လိုက်တာနှင့် အေး စိမ့်သော အဲကွန်းလေရ၏။

"အို ဆိုင်က တကယ်သားနားတာပဲ ထွေး"

"အဲဒါ မမလက်ရာတွေလေ၊ ကဲ လာ ငါ့အစ်မနဲ့ တွေ့ ပေးမယ် စိမ့်"

အပေါ်ထပ်ရှိ ရုံးခန်းသို့ စိမ့်ကိုခေါ်လာခဲ့သည်။

"ခေါက် ခေါက်"

ထွေးက ငြိမ်သက်နေသော အခန်းကို တံခါးခေါက်လိုက် ၏။

"ဘယ်သူလဲ"





အဲဒီမှကြည်လင်ပေမယ့် အနည်းငယ်တင်းမာသော အမျိုးသမီးအသံတစ်ခုထွက်ပေါ်လာ၏။

"ကျွန်တော်ပါ မမ"

"အေး ဝင်ခဲ့"

သည့်တော့မှ ထွေးက စိမ့်ကိုငဲ့ကြည့်ကာ

"လာ စိမ့်"

ဟုဆိုလျက် မီးညိုရောင်မှန်တံခါးကို ရှေ့မှတွန်းဖွင့်ဝင်သွား၏။ မကျဉ်းမကျယ်နှင့် ရုံးခန်းလေးမှာ နီညိုရောင် ကော်ဇောများ ခင်းထားလျက် ပစ္စည်းက အပြည့်အစုံ။

ကျွန်းစားပွဲကြီး၏နောက် ဆုံလည်ထိုင်ခုံတွင် အဖြူရောင် ကုတ်အင်္ကျီလက်ရှည်ကို အဖြူရောင်ဘောင်းဘီရှည်ဖြင့် တွဲဝတ်ထားသော ရွှေညိုရောင်ဆံပင်တိုတိုနှင့် ခေတ်မီလှပချောမောသည့် အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက်။

နက်မှောင်သော မျက်လုံးများက တောက်ပလျက်။ အရောင်ရင့်ရင့် ဆိုးထားသော နှုတ်ခမ်းအစုံက တင်းတင်းစေ့ထား၏။

"ဒါ ကျွန်တော်ပြောထားတဲ့ စိမ့်ပါ မမ"



www.burmeseclassic.com

www.burmeseclassic.com



ထူးက မိတ်ဆက်ပေးတော့ သူမ၏ရှုးရှသော မျက်လုံးတွေ စိမ့်ထံရောက်လာသည်။

တစ်ခန်းလုံး အဲကွန်းလေကြောင့် အေးစိမ့်နေသည့်တိုင် စိမ့်မှာ ထိုအမျိုးသမီး၏ မျက်လုံးများအောက်တွင် ချွေးပျံလာချင်သည်။

“မင်းနာမည်က”

“မမ ကျွန်တော် ပြောထားပြီးပြီလေ”

နောက်တစ်ခါ နာမည်ထပ်မေးနေသော သူမပုံစံကို မကြိုက်ဟန်ဖြင့် ထူးဝင်ပြော၏။

သူမက ထူးကို မျက်မှောင်တွန့်ခဲ့ကြည့်ကာ

“မင်း ထွက်သွားပါ ထူး၊ ငါ သူနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်”

ထူး မျက်နှာပျက်သွား၏။ သို့သော် အမိန့်ကို မလွန်ဆန်နိုင်စွာ ထွက်သွားရသည်။

“စိမ့် ငါ အပြင်မှာရှိနေမယ်နော်”

“ရပါတယ်”

ထိုနောက် အခန်းထဲမှာ အမျိုးသမီးနှင့် စိမ့် နှစ်ယောက်





တည်း ကျန်ခဲ့သည်။

“ထိုင်ပါ”

အမျိုးသမီးက အေးစက်သောလေသံဖြင့် ပြောလာတာကြောင့် စိမ့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

“မင်း ဖက်ရှင်နဲ့ပတ်သက်ပြီး ဘာတွေလေ့လာထားလဲ”

“ရှင်”

အမျိုးသမီးက သူမကိုကြည့်ပြီး မဲ့ခနဲပြုံးသည်။

“ထူးဆီက ကြားရတာတော့ မင်းက ဖက်ရှင်ဝါသနာပါတယ်ဆိုပဲ”

“ဟုတ်ပါတယ် မမ”

“မမ ဟုတ်လား၊ ဒီမှာ ခုချိန်ကစပြီး ငါဟာ မင်းရဲ့ အလုပ်ရှင် သူဌေးပဲ၊ ဒီတော့ သူဌေးလို့ပဲခေါ်ပါ စိမ့်”

“ရှင်၊ ဟုတ် ဟုတ်ကဲ့ပါ သူဌေး”

စိတ်ထဲမှာတော့ ထူးနှင့်ထူးအစ်မတို့၏ ကွာခြားပုံကို နားမလည်။ ကလေးပုံစံလေးနှင့်ထူးသည် ရိုးရှင်းသလောက် ထူး၏ အစ်မက ခက်ထန်တင်းမာလွန်းလှပါလား။

“ငါ့အမြင်မှာတော့ မင်းဟာ ဖက်ရှင်ကို ကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပုံမပေါ်ဘူး စိမ့်၊ ဘာကြောင့်လဲဆိုတော့ ဖက်ရှင်ဆိုတာ ကိုယ်တိုက်ကလည်း အရောင်အသွေးလိုက်ဖက်စွာ ဒီနေ့ခေတ်ရဲ့ပုံစံ အမီ လိုက်နိုင်မှ ဖက်ရှင်ပဲ''

စိမ့်မျက်နှာ အနည်းငယ်နီသွား၏။ ယနေ့ စိမ့်ဝတ်တာက အပြာနုရောင် ရင်ဖုံးလည့်တောင်အင်္ကျီလေးကို ချိတ်အဆင် အပြာ နုနုနှင့် တွဲဝတ်ထားခြင်း၊။

ခေတ်မီစွာဝတ်ထားသော အမျိုးသမီးပုံစံနှင့်စာလျှင်တော့ စိမ့်ပုံစံ တုံးနေသယောင်ဖြစ်နေ၏။

''ကျွန်မက''

စိမ့်နှုတ်ခမ်းလေးဟကာ ရှိသေး၏။ အမျိုးသမီးက လက် ကာပြသည်။

''ဘယ်လိုပဲ ဖြစ်ဖြစ်၊ မင်းက ငါ့မောင်ရဲ့ မိန်းကလေး ဆိုတော့ သူပြောထားသလို လုပ်ပေးရမှာပေါ့၊ အေး မင်းအရည် အချင်း ဘယ်လောက်ရှိတယ်ဆိုတာ ငါ စောင့်ကြည့်ရဦးပဲ စိမ့်''

သူမ သက်ပြင်းလေးကြိတ်ချလိုက်၏။ ထူးကို ဆက်ဆံရ တာလွယ်သလောက် ထူး၏အစ်မသည် မလွယ်ကြောင်း စိမ့် ရိပ်မိပြီ။





''ကျွန်မ ကြိုးစားပါမယ် သူဌေး''

ခပ်ရဲရဲ သူမကတိပေးတော့ အမျိုးသမီးနှုတ်ခမ်းတွန့်ပြုံး၏။ ကြည့်ကြသေးတာပေါ့ ဆိုတဲ့သဘော။

''ကောင်းပြီလေ၊ ကဲ ဒီနေ့ကစပြီး မင်း အလုပ်ဝင်နိုင်ပြီ''

ထိုနောက် အမျိုးသမီးက ကွန်ပျူတာခလုတ်ဖွင့်၏။ စိမ့်ကို သွားတော့ဆိုတဲ့သဘော စိမ့် နေရာမှ ထရပ်လိုက်သည်။

''ကျွန်မ သူဌေးကို ပြောစရာတစ်ခုရှိပါတယ်''

''ဘာလဲ မင်းက ငါ့ဆီက အခွင့်အရေးတောင်းချင်လို့ လား စိမ့်''

အမျိုးသမီး၏အမေးကို စိမ့် ခေါင်းခါယမ်းလိုက်သည်။

''မဟုတ်ပါဘူး၊ ကျွန်မပြောချင်တာက ကျွန်မဟာ ထူးရဲ့ သူငယ်ချင်းတစ်ယောက်ပါ၊ ထူးရဲ့ မိန်းကလေးမဟုတ်ဘူးဆိုတာ ပါပဲ''

''ဘာ''

စိမ့်အပြောကြောင့် အမျိုးသမီး မျက်မှောင်တွန့်သွား၏။

''ခွင့်ပြုပါဦး''

စိမ့် နှုတ်ဆက်ပြီးထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

နောက်မှလှမ်းတားသံကြောင့် စိမ့် ရပ်သွား၏။

"မင်း ငါ့နာမည်ကိုတော့ သိလား"

"ဟင့်အင်း ကျွန်မထူးဆီက တစ်ခါမှ မေးမကြည့်ခဲ့ဖူး ပါဘူး သူဌေး"

မျက်နှာချင်းဆိုင် ပြန်လှည့်ရင်း စိမ့်ဖြေလိုက်၏။ သူမက စိမ့်ကို စူးစိုက်ကြည့်ကာ

"ငါ့နာမည်က ဆူးတဲ့၊ အဟင်း မင်းက စိမ့်၊ ငါကဆူး အင်း တစ်နေရာတည်းမှာ မင်းနဲ့ငါ ဒီမှာ တိုက်တိုက်ဆိုင်ဆိုင် လာဆုံတာပဲ၊ ကဲ မင်းသွားနိုင်ပြီ စိမ့်"

အမိန့်ပေးပြီး သူမက နေရာမှ ထထွက်သွား၏။ စိမ့် သက်ပြင်းလေးချကာထွက်ခဲ့သည်။

"အဆင်ပြေရဲ့လား စိမ့်"

"ဟင် ထူး"

ယခုထက်တိုင် အပြင်ဘက်မှာစောင့်နေသော ထူးကြောင့် အံ့သြသွား၏။

"မမက နည်းနည်းတင်းတယ်ဟာ၊ နင်ခွင့်လွှတ်ပါနော်





စိမ့်"

"အင်း…အေးပါ၊ သူဌေးဆိုတာ ဒီလိုပါပဲ"

"စိမ့်ကလဲဟာ"

အစ်မဖြစ်သူကိုယ်စား ထူးကစိမ့်ကို အားနာနေသည်။ စိမ့်ပြုံးကာ

"ဟဲ့ နင်ကသူဌေးမှမဟုတ်ဘဲ ထူးရဲ့"

"ဟင် အဟဲ ဟုတ်သားပဲ စိမ့်၊ ဘာပဲဖြစ်ဖြစ် ငါတော့ နင်နဲ့အတူ အလုပ်လုပ်ရမှာကို ပျော်တယ်စိမ့်"

တကယ်ပဲ ထူးမျက်နှာက ပျော်ရွှင်ဟန်ဖြင့် ကြည်လင်နေ သည်။

"ငါလည်း ပျော်ပါတယ် ထူးရယ်"

"တကယ်"

"ဩော် တကယ်ပေါ့၊ ငါက ညာနေရဦးမှာလား ထူး"

"အေး အေးပါဟာ"

နှစ်ယောက်သား အောက်သို့ဆင်းခဲ့၏။ အောက်မှာ ဆိုင်ဝန် ထမ်းမိန်းကလေးတွေရောက်နေပြီ။ အားလုံးက စိမ့်ကို လှမ်းကြည့် သည်။

www.burmeseclassic.com



"ကဲ အားလုံးနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဒါ မင်းတို့ရဲ့ အရောင်းမန်နေဂျာ စိမ့်တဲ့"

ထူးက စိမ့်ကို ဝန်ထမ်းတွေနှင့် မိတ်ဆက်ပေးသည်။ အားလုံးကို စိမ့်ပြုံးပြလိုက်၏။

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"

စိမ့်က စနှုတ်ဆက်တော့ သူတို့အားလုံး ပြုံးသွားလျက်

"မမကို ကြိုဆိုပါတယ်ရှင်"

ညီညာသောအသံလေးတွေက စိမ့်ကို အားတက်စေလေ၏။

● ● ●



စိမ့်က လုပ်ငန်းခွင်တွင် တက်ကြွသော မိန်းကလေး တစ်ယောက်ဖြစ်သည်။ အလုပ်ခွင်တွင် ဘယ်တော့မှ နောက်ကျ တယ်ဆိုတာမရှိ။

"ဝန်ထမ်းတွေအတွက် ယူနီဖောင်းကို မင်းဘယ်လို စီစဉ် လဲ စိမ့်"

သည်နေ့ ရုံးခန်းတွင် ဆူး၊ ထူးနှင့်စိမ့်တို့ အစည်းအဝေး သဘောမျိုး ပြုလုပ်ကြ၏။ လူကြီးပိုင်း အစည်းအဝေးဟုဆိုလျှင် ရမှား။

ဆူးအမေးကြောင့် စိမ့် နေရာကထလိုက်သည်။

"ဟုတ်ကဲ့ ယူနီဖောင်းက အလဲအလှယ်ပြုဖို့လည်း လို တယ်ဆိုတော့ နှစ်စုံသတ်မှတ်ပါတယ်၊ ကော်ဖီရောင်နဲ့ နက်ပြာ



www.burmeseclassic.com

www.burmeseclassic.com



ဝါ သူဌေး"

"ဘယ်လိုပုံစံလဲ စိမ့်"

ထူးက စိတ်ဝင်စားစွာမေး၏။ စိမ့်က ဆူးကိုကြည့်ကာ

"ဖက်ရှင်ဆိုင်ဆိုတော့ ဝန်ထမ်းတွေဝတ်စားတာကအစ ခေတ်မီဖို့လိုတာကြောင့်ကော မြန်မာဆန်ဆန် လုံခြုံမှုရှိဖို့အတွက် ထပ်ခွဲစကဒ်နဲ့ ကုတ်အင်္ကျီပုံစံ စီစဉ်ထားပါတယ် သူဌေးရဲ့"

စိမ့်၏တင်ပြမှုအဆုံး ဆူးမျက်နှာ တင်းခံနဲဖြစ်သွားသည်။

"မလိုချင်ဘူး၊ စကာဒ်ဆိုရင်လည်း ဒူးဆစ်ကျော်ထိ တိုတာမျိုးပဲလိုချင်တယ် စိမ့်၊ ဖက်ရှင်ဆိုင်ဆိုမှတော့ ခေတ်မီဖို့အဓိကပဲ"

"ရှင်"

ဆူးအမိန့်ကြောင့် စိမ့် မျက်နှာပျက်သွားသလို ထူးက

"ဟာ မမကလည်း စိမ့်ပြောတာ အဆင်ပြေသားပဲ မိန်းကလေးတွေဆိုတော့ ဒီလောက်တိုတိုဝတ်ဖို့ မလိုပါဘူးဗျ"

"ထူး နင့်ပါးစပ်ပိတ်စမ်း၊ ဘာလဲ ငါ့ဆိုင်မှာ ဒီလိုဝတ်ရဲတဲ့ လူမရှိဘူးလား၊ ဒါဆို ဝတ်ရဲတဲ့လူထပ်ရှာရမယ်"

တကယ်တမ်းမှာ ဆူးကိုယ်တိုင်က ခေတ်ရေစီးနေသူဖြစ် ၏။ ယခုလည်း ပေါင်တိုစကာဒ်ကျပ်ကို စပို့ရှပ်လည်ဟိုက်နှင့်တွဲ





ဝတ်ကာ လေးလက္ကလောက်မြင့်သော ဒေါက်ချွန်ခွာသေးဖိနပ်နှင့် ဘကယ့်နိုင်ငံခြားစတိုင်လ်။

"ဒီလိုတော့ မလုပ်ပါနဲ့မမ၊ စိမ့် တင်ပြတာလည်း နည်း နည်း ပြန်စဉ်းစားပေးပါဦး"

စိမ့်ဘက်မှ လိုက်ပြောသောထူးကို ဆူး မျက်စောင်းလှမ်း ထိုး၏။

"ကောင်းပြီလေ၊ ဒူးဆစ်ဖုံးစကာဒ်ပေါ့ ဒါထက်ပိုမပြင်နိုင် ဘူး၊ ဒါ ခေတ်မီဖက်ရှင်ဆိုင်ပဲ"

"ကျွန်မ နားလည်ပါပြီ သူဌေး"

"ကဲ ဒါဆို အစည်းအဝေးပြီးပြီ၊ ထူး ဒီနေ့ မင်း ဆိုင်မှာ ကြီးကြပ်ပါ၊ ငါသွားစရာရှိတယ်"

"ဘာလဲ ကိုကိုကျော်ဆီလား"

"ဒါ မင်းအလုပ်မဟုတ်ပါဘူး"

ဆူးက ပြောပြီး လက်ကိုင်အိတ်ယူ၍ထွက်သွား၏။ ထူး နှင့်တွန့်ကျန်ခဲ့သည်။

"နင် စိတ်ညစ်နေပြီလား စိမ့်"

နှစ်ယောက်တည်း ကျန်တော့ ထူးမေးသည်။ စိမ့် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးခါယမ်းကာ

"ရပါတယ်ဟာ ဘယ်နေရာမဆို အကောင်းနဲ့အဆိုး တွဲဖ
တာမဟုတ်လား၊ သေချာတာကတော့ နင်နဲ့နင့်အစ်မက စရိုက်ချင်း
ဆန့်ကျင်ဘက်ပဲ ထူး"

"ဟဲ ဟဲ ငါက သဘောကောင်းတာကို နင်ပြောတာ
မဟုတ်လား စိမ့်"

စိမ့် ဘာမှမပြောဘဲ လှည့်ထွက်ခဲ့၏။ ထူး နောက်ကပ
လာသည်။ ယူနီဖောင်းအတွက် စိမ့် ပြင်ဆင်ရ၏။ ဆူးက အမိန့်
သည့်အတိုင်းသာမလုပ်လျှင် ဒီကဝန်ထမ်းအားလုံးကို အလုပ်ထုတ်
ပစ်မည့်ပုံ မဟုတ်လား။

"မမက ဘဝကို အကောင်းဆုံးဖြစ်ချင်တဲ့လူမျိုးပဲ စိမ့်
ငယ်ငယ်ကတည်းက ငါတို့နဲ့မတူဘူး၊ သူ့ဘာသာ သီးသ
တစ်ယောက်တည်း နေတတ်သလို စာလည်းကြိုးစားတယ်၊ သူ့
အဝတ်အစား အသုံးအဆောင်အားလုံးကို သီးသန့်ထားတယ်
ဘယ်သူကိုင်တာမှ မကြိုက်ဘူး"

ညနေအလုပ်ဆင်းချိန်မှာ ထူးနှင့်စိမ့်တို့ အပြင်မှာတွေ့
စကားပြောခြင်းပါ။





"အင်း သူဌေးပုံစံမြင်လိုက်တာနဲ့ ငါလည်း အကဲခတ်မိပါ
တယ် ထူး၊ နင့်မှာ အစ်မရှိတယ်ဆိုပေမယ့် သူဌေးလိုပုံစံမျိုး မထင်ခဲ့
ဘူး"

စိမ့်က ရိုးသားစွာဝန်ခံလိုက်၏။ ထူး၏အစ်မသည် ထူးလို
သဘောကောင်းလိမ့်မည်ဟု ထင်ခဲ့၏။

"အေးဟာ နင်နဲ့မမက အရင်တုန်းက တစ်ခါမှ မတွေ့ခဲ့
ကြဘူးကိုး စိမ့်"

"တွေ့ဖို့လည်း မလိုအပ်ခဲ့တာပဲလေ"

စိမ့်က ထပ်မံဖြည့်စွက်ပြောလိုက်၏။ ထူးက စိမ့်ကို
ငေးငေးကြည့်သည်။

"နင် ပိုလှလာတယ် စိမ့်"

"ဟဲ့ နေရင်းထိုင်ရင်း ငါ့ကို ဘာကြောင့်လာမြှောက်နေ
တာလဲ ထူး"

မျက်စောင်းထိုးကာ စိမ့်မေးတော့ ထူးပြုံးသည်။

"မြှောက်တာမဟုတ်ဘူး ငါတကယ်ပြောတာ စိမ့်၊ ဒီနေ့
ခေတ်မှာ နင့်လို မြန်မာဆန်ဆန်နဲ့ မျက်စိအေးပြီးလှတာမျိုး ရှားသွား



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါဟာ၊ သူ့ဒွေးက ငါ့ပုံစံက တော်ပုံမို့လို့ မျက်စိစပါးမွေးစူးနေတာ ထူးရဲ့"

လက်ရှိအမှန်တရားကို စိမ့်ပြောတော့ ထူး ခေါင်းခါယမ်း၏။

"မမက ခေတ်မီတာကို သိပ်ဂုဏ်ယူတာ၊ သူကိုယ်တိုင်လည်း ခေတ်မီအောင်နေတာ နင့်အမြင်ပဲ စိမ့်၊ ဒါပေမယ့် ငါတို့လိုယောကျ်ားလေးတွေက မျက်စိအေးတဲ့ အလှပဲကြိုက်တယ်စိမ့်"

"ဘာပြောတယ် ထူး"

သည်တော့မှ ထူးတစ်ယောက် စကားမှားသွားဟန်ဖြင့်ဟက်ခနဲရယ်၏။

"ဆောရီး ငါကများသောအားဖြင့် ယောကျ်ားတွေရဲ့သဘာဝကိုပြောတာပါ စိမ့်"

"အမယ် ဒီလိုဆို ခေတ်မီခေတ်ဆန်တဲ့ မိန်းကလေးတွေကိုကြိုက်တဲ့သူ မရှိတော့ဘူးလား ထူး"

စိမ့်အမေးကြောင့် ထူး ပခုံးတွန့်သည်။

"ရှိတာပေါ့ စိမ့်၊ တချို့လူတွေက ပူပူလောင်လောင်အလှကို မက်မောတယ်လေ၊ ဒါပေမယ့် ငါ့အထင် အဲ့ဒီအလှဟာ ခဏ





ပါပဲဟာ"

"နင့်အစ်မကြားရင် စိတ်ဆိုးဦးမယ်နော် ထူး"

စိမ့်သတိပေးတော့ ထူး သက်ပြင်းချ၏။ အစ်မဖြစ်သူ၏ပုံစံဟာ စိမ့်လိုဆိုရင် ဘယ်လောက်ကောင်းမလဲဟု တွေးမိသည်။

"ငါ့အစ်မလည်း မထူးပါဘူး စိမ့်"

တစ်စုံတစ်ရာကို ရည်ရွယ်၍ ထူးပြောသည်။

"နင် ဘာကိုဆိုလိုတာလဲ ထူး"

စိမ့်မေးတော့ ထူးခေါင်းခါယမ်းသည်။ နောက်တော့ ဘာမှမဖြစ်လေဟန်နှင့် စိမ့်ကို ပြုံးပြလျက်

"ကဲ သွားစို့ စိမ့်"

"ဟင် ဘယ်ကိုလဲ ထူး"

"ငါ နင့်ကို လိုက်ပို့မယ်လေ စိမ့်"

"နေပါစေဟာ ဒီကဘတ်စ်စီးသွားရင် ရောက်ပါတယ်ထူး"

အားနာစိတ်ဖြင့် စိမ့်က ငြင်းလိုက်၏။ ကိုယ့်အတွက်နှင့်သူတစ်ပါးကို ဒုက္ခမပေးလိုပေ။

"လာစမ်းပါဟာ နင့်ကို တစ်ယောက်တည်း မလွှတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး စိမ့်"

"အမယ် ငါ ဒီလိုပဲပြန်နေကျ ထူး"

စိမ့်တို့လို သာမန်မိန်းကလေးတွေအဖို့ အလုပ်တက်အလုပ်ဆင်းကို ဘတ်စ်ကားများသာ အားကိုးနေရ၏။

"ငါနဲ့တွေ့တဲ့အချိန်မှာတော့ နင် တစ်ယောက်တည်း မပြန်ရဘူး စိမ့်"

"ဒါဆို နင်က ငါ့ကို နေ့တိုင်းလိုက်ပို့နိုင်လို့လား ထူး"

အရွဲ့တိုက်ကာ စိမ့်မေးလိုက်ပေမယ့် ထူး ဆတ်ခနဲခေါင်းညိတ်၏။

"စိတ်ချ၊ ငါ နေ့တိုင်းလိုက်ပို့မယ် စိမ့်"

"အလကားပြောတာပါ ထူးရယ်၊ ငါ့အတွက် ဒုက္ခမရှာပါနဲ့"

"ဒီမှာ စိမ့်၊ ငါ့မှာ နင့်အတွက်ဆိုပြီး ဘယ်တုန်းကမှ ဒုက္ခမရှိဘူး၊ ဒီလောက်ဆို နင် ငါ့စိတ်ကို သိသင့်ပါပြီ"

လှပအေးချမ်းသော စိမ့်မျက်နှာလေးကိုကြည့်လျက် ထူး အစိပ္ပါယ်နှင့်ပြောခြင်းပါ။

သို့သော် စိမ့်က ရီးသားတာလား၊ မသိချင်ယောင်ဆောင်





တာလားမဆိုနိုင် ပခုံးလေးအသာတွန့်လျက်...

"ကဲပါလေ ဒီတစ်နေ့တော့ နင့်ကို လိုက်ပို့ခွင့်ပြုလိုက်မယ်"

ဟုဆိုပြီး ထူးဖွင့်ပေးသော ကားတံခါးမှတစ်ဆင့် ဝင်လိုက်လေ၏။ စိမ့် ဒီလိုလိုက်လျှောတာကိုပဲ ထူးမှာ ကျေနပ်နေရသည် မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဆူးတို့ မတွေ့တာကြာပြီနော် ကိုကိုကျော်"

ခေတ်မီစွာလှပနေသော ဆူးက မျက်နှာချင်းဆိုင်ရှိ ချောမောခန့်ညားသည့် အမျိုးသားကို မက်မောသောမျက်ဝန်းများဖြင့်ကြည့်လျက် လွမ်းသလိုဟန်နှင့်ပြောလိုက်၏။

"ဟုတ်လား၊ ဘယ်လောက်တောင်ကြာသွားလို့လဲ ဆူး"

အချိန်ကို သတိမထားမိဟန်ဖြင့် ပြန်မေးလိုက်သော ကျော်ဇောသာကြောင့် ဆူး မျက်နှာလေး ပျက်ချင်သွားရသည်။

ဦးကျော်ဇောသာ။

အသက်အားဖြင့် သုံးဆယ်ကျော်ဝန်းကျင်ရှိ ထိုယောကျ်ားသည် "ဇော"လုပ်ငန်းစုကြီး၏တစ်ဦးတည်းသောသား ကုမ္ပဏီပိုင်ရှင်တစ်ယောက်လည်းဖြစ်၏။





ဂုဏ်အရ ဦးတပ်ခေါ်ရပေမယ့် သူ့ကိုကြည့်လိုက်လျှင် ပေါ့ပါးသော လူငယ်လေးတစ်ယောက်လို အမြဲတမ်း သွက်လက်ဖျတ်လတ်လျက်။

'ကျော်ဇောသာ'ဆိုတာ လူကုံထံမိန်းကလေးများကြားတွင် ရေပန်းစားနေသော ယောကျ်ားတစ်ယောက်။

သည်လိုလူကိုမှ ဆူးက အပိုင်ဖမ်းဆုပ်ကိုင်နိုင်ခဲ့ခြင်းဟု မကြာခဏ ဘာသာဂုဏ်ယူမိ၏။

သို့သော်

ဆူးနှင့်ပတ်သက်လျှင် သူ့ဘက်က ဒီလိုခပ်ပေါ့ပေါ့ ဆက်ဆံတာမျိုးကြုံရတိုင်း မကြာခဏ စိတ်အနှောင့်အယှက်ဖြစ်ပေမယ့် ဘာမှမဖြစ်သလို ဆူး ဟန်ဆောင်ရ၏။

"အနည်းဆုံးတော့ နှစ်လရှိပြီလေ ကိုကိုကျော်"

"သြော် ဟုတ်လား၊ အလုပ်ကိစ္စ ကိုယ်ဖြင့် ဒီလောက်ကြာမှန်း မသိလိုက်ဘူး ဆူး၊ ဒါနဲ့ ဆိုင်ကော အဆင်ပြေရဲ့လား ဆူး"

မကြာခင်က ဆူးဖွင့်လှစ်လိုက်သော ဖက်ရှင်ဆိုင်ကို ရည်ညွှန်းလျက် သူမေးခြင်းဟု နားလည်၏။

"ပြေပါတယ် ကိုကိုကျော်၊ ကိုကိုကျော် ကူညီမှတော့



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေတာရှိပါဦးမလားဟင်''

''ဟုတ်ပြီလေ၊ အဆင်ပြေတယ်ဆိုရင် ကိုယ်ဝမ်းသာပါတယ် ဆူး၊ ဒီနေ့ ဆူးနဲ့တွေ့ဖို့ချိန်းတာ အဲဒီကိစ္စကြောင့်ပါ''

ပြောရင်း သူက လက်မှနာရီကို တစ်ချက်ကြည့်၏။ ဆူးမျက်နှာပျက်သွားသည်။ ယနေ့အဖို့ ကိုကိုကျော်နှင့်ချိန်းထား၍ ဆူးမှာ ညကတည်းက အိပ်မပျော် တစ်မနက်လုံး အလှပြင်လာလိုက်ရတာ ကိုကိုကျော်နှင့်တွေ့လျှင် ဝတ်ဖို့အဝတ်ရွေးရတာ ဗီရိုတစ်လုံးကုန်၏။

သည်လို ဆူးဘက်က အချိန်တွေအများကြီး ပေးထားခဲ့ပါလျက် ကိုကိုကျော်က တစ်ခဏနှင့် ပြန်မည့်ဟန်မို့ စိတ်ထဲကြိတ်ကာ ငိုချင်သွားရ၏။

''ကိစ္စရှိလို့လား ကိုကိုကျော်''

ရင်ထဲက ခံစားချက်ကို မျက်နှာတွင်မပေါ်အောင် ကြိုးစားရင်း ဆူးမေးလိုက်၏။

သူခေါင်းညိတ်ကာ

''ဟုတ်တယ် ဆူး၊ ချိန်ထားတဲ့ကိစ္စရှိတယ်၊ ကဲ အိုကေလေ၊ ဆိုင်ကိစ္စအတွက် လိုအပ်တာရှိရင် ကိုယ့်ကိုပြောပါ ဆူး''





''ဟင့်အင်း ဘာမှမလိုအပ်တော့ပါဘူး ကိုကိုကျော်''

လျှင်မြန်စွာ ခေါင်းခါယမ်းရင်း ဆူးငြင်းလိုက်၏။ ကိုကိုကျော်ထံမှ ပိုက်ဆံတွေထက် ဆူးလိုချင်တာ ကိုကိုကျော်၏ စိတ်ဝင်စားမှုဖြစ်သည်။

''ဒီနေ့ ဆူးသိပ်လှတယ်''ဆိုသောစကားမျိုး။

''ဆူးနဲ့မတွေ့ရတာကြာလို့ ကိုယ် သိပ်လွမ်းတာပဲကွာ''

စသည်ဖြင့် သူ့ထံမှ မျှော်လင့်ခဲ့၏။ အဟင်း တကယ်တော့ ဒီလိုမျှော်လင့်တာ ဆူး ရူးတာပါပဲလေ။

ကျော်ဇောသာဆိုတဲ့ ယောကျ်ားတစ်ယောက်ထံမှ ဒီလိုစကားမျိုး ဆူး ဘယ်တုန်းက ကြားရခဲ့ဖူးလို့လဲ။

''ဒါဆို ကိုယ်သွားတော့မယ် ဆူး''

''ဩော် အင်း''

သူနှင့်အတူ ဆူးနေရာမှ ထရပ်လိုက်၏။ သူက ဆူးကို တစ်ချက်ပြုံးပြပြီး ထွက်သွားသည်။

''ကိုကိုကျော်''

ဆူးခေါ်သံကြောင့် သူလှည့်ကြည့်၏။ ဆူးအသာလျှောက်လှမ်းကာ ပြုံးပြရင်း



www.burmeseclassic.com

www.burmeseclassic.com



"တိုကိုကျော်အားရင် ဆိုင်ကိုလာကြည့်ပါဦးလားဟင်၊ ဆိုင်မှာ အမျိုးသားဝတ် နောက်ဆုံးပေါ်ဖက်ရှင်တွေ ရောက်နေပြီ"

"ကောင်းပြီလေ၊ ကိုယ်အားတဲ့အခါပေါ့ အိုကေ"

ထိုမျှသာပြောပြီး သူကျောခိုင်းလေ၏။ မြင့်မားသောအရပ်မှာ ပြည့်တင်းသော သူ၏ကျောပြင်ကိုကြည့်ပြီး သက်ပြင်းကြိတ်ချမိတာက ဆုး။

သည်လူတစ်ယောက်ကို ပိုင်ဆိုင်ဖို့ ဆုး ဘယ်လိုကြိုးစားရမည်လဲဟု အကြိမ်ကြိမ် စဉ်းစားခဲ့၏။

တကယ်တော့ သူနှင့်တွေ့ခဲ့ကြတာ တစ်နှစ်သာရှိသေးသည်။ ကုမ္ပဏီပိုင်ရှင်ဖြစ်သော သူ့ထံသို့ ဆုး အတွင်းရေးမှူး လျှောက်ခဲ့ရာမှ စတင်သည်။

"မင်းမှာ လိုအပ်တဲ့ အရည်အချင်းတွေရှိတဲ့အပြင် မင်း ပုံစံက အတွင်းရေးမှူးတစ်ယောက်နဲ့ လိုက်ဖက်တယ်"

ဟု သူကိုယ်တိုင် မှတ်ချက်ပေး၍ ဆုးကို အလုပ်ခန့်ခဲ့ခြင်း။ ကိုယ့်ကိုကိုယ် အမြဲတမ်း ကျော့ရှင်းလှပအောင်နေခဲ့ခြင်း၊ အဝတ်အစားကို သပ်ရပ်ခေတ်မီစွာ ဝတ်တတ်ခြင်းတို့က ဆုး၏ပေါ်လွင်မှုဖြစ်ခဲ့၏။





"ဆုးကို လိုအပ်တာရှိရင် ဆုံးမပါ သူဌေး၊ ဆုး ကြိုးစားပါ့မယ်"

လှပသော အပြုံးဖြင့် ဆုးက သူ့ထံအပ်ခဲ့၏။ တကယ်တော့ ဆုး၏ရည်ရွယ်ချက်က ကုမ္ပဏီပိုင်ရှင်၏ အတွင်းရေးမှူး ဖြစ်ရုံမဟုတ်ပါ။ ကုမ္ပဏီပိုင်ရှင်၏ ဇနီးတစ်ယောက်ဖြစ်ဖို့ပင်။

ထို့ကြောင့် သူ့အပေါ် လိုအပ်တာတွေထက် ဆုးက ဂရုစိုက်ခဲ့၏။ အသေးအဖွဲလေးကအစပေါ့။ ဆုး၏ရည်ရွယ်ချက် အောင်မြင်သည်ဟု ဆိုရမည်။

ခြောက်လခန့်ကြာသောအခါ

"ကိုယ် ဆုးကို ပြောစရာရှိတယ်"

"ဟုတ်ကဲ့ သူဌေး"

ဘာမှမသိသော မျက်ဝန်းများဖြင့် ဆုးက ရိုကျိုးစွာကြည့်၏။ သူက ဆုးနားရပ်လာကာ

"အဟွန်း အဲဒီအကြောင်းပဲဆုး၊ ဒီနေ့ကစပြီး ကိုယ့်ကို သူဌေးလို့ မခေါ်ပါနဲ့လား"

"ရှင်"

မျှော်လင့်ထားသောအရာမို့ ဆုးစိတ်ထဲ ကြိတ်ဝမ်းသာလိုက်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ဖြစ်ခြင်း။

သို့သော် ထိုဝမ်းသာမှုကို အပြင်တွင် မပေါ်စေရပါ။

"ကိုယ် ဆုးကို ဒီထက်ပိုရင်းနှီးချင်ပါတယ်"

"အို"

"ဆုးက ခွင့်ပြုမယ်ဆိုရင်ပေါ့လေ"

သူလိုလူတစ်ယောက်အတွက် ဒီလိုစကားမျိုးပြောတာပင် လွန်လှပြီဟု ဆုးသိ၏။

'ကျော်အောသာ'ဆိုတဲ့ လက်ညှိုးညွှန်ရာ'စေ'တစ်လုံးပိုင်ရှင်။

သည်လိုအခွင့်အရေးမျိုးကို ဆုးမှမဟုတ်ဘဲ လိုချင်တဲ့ မိန်းကလေးတွေ အများကြီးဟု ဆုးနားလည်သည်။

ထို့ကြောင့်

"ဆုးကို စဉ်းစားခွင့်မပေးတော့ဘူးလားဟင်"

သည်တော့ သူ ပခုံးတွန့်ပြီးလျက်

"မင်းသဘောပဲလေ"

ထိုနောက် ဆုးနားက ထွက်ဖို့ပြင်၏။ သူနှင့်ပတ်သက်၍ ဆုးမှာ ဆက်ပြီးမှုမနေနိုင်တော့ပေ။





"ဒါဆို ဆုးက သူ့ကို ဘယ်လိုခေါ်ရမလဲ"

မဝံ့မရဲဟန် ဆုး၏အမေးကြောင့် သူခေါ်လှမ်းတန့်လျက် ငြိမ့်လှည့်ကြည့်သည်။ သူပြုံးကာ

"ဒါကလည်း မင်းသဘောပဲလေ ဆုး"

ကြည့်စမ်း ဘယ်လောက်ဆိုးတဲ့လူပဲ။ သူ့ဘက်မှစပြောခဲ့ဆမယ့် ကျန်တာ ဆုးသဘောတဲ့။

ဆုး မျက်စောင်းထိုးပစ်လိုက်ချင်ပေမယ့်

"ဒါ ဒါဆို ကိုကိုကျော်လို့"

"အဟွန်း ကောင်းသားပဲ ဆုး၊ တကယ်တော့ ကိုယ့်အတွက် နာမည် နာမ်စားတွေက အဓိကမဟုတ်ပါဘူးလေ"

သူပြောရင်း ဆုးပခုံးနှစ်ဘက်ကို ဆုပ်ကိုင်လာ၏။ သည်နောက် သူနှင့်ဆုး အလုပ်ချိန်အပြင်ဘက်မှာ တွေ့ဆုံခဲ့ကြတာ ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။

သူကခေါ်လျှင် သွားတွေ့လိုက်တာ ဆုးတာဝန်။ နေ့ရယ် ညရယ်လို့ ဆုးမှာ ရွေးခွင့်မရှိပေ။

ထို့အတွက် ဆုးရလိုက်တာတွေကလည်း တိုက်တာ မြေ ငွေတို့ဖြစ်၏။ သူက ရက်ရောစွာပေးတတ်သည့် လူစား။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီအလုပ်ကထွက်လိုက်တော့ ဆူး၊ ပြီးတော့ မင်း ဝါသနာပါရာ တစ်ခုခုလုပ်ပါ"

သူ့အမိန့်နှင့် ဆူး အလုပ်မှထွက်၍ ဖက်ရှင်ဆိုင်ဖွင့်ဖြစ်ခဲ့၏။ ဆိုင်အတွက် အားလုံးတာဝန်ကို သူယူခဲ့သည်။

သို့သော် ဆူးစိတ်ထဲမှာ ဒီ့အတွက် ဝမ်းမသာနိုင်ပါ။

* * *



မနက်ခင်း နေခြည်နုနု၏အလင်းရောင်က စိမ့်၏အခန်းထဲသို့ ဖြာကျလာသည်။ နှစ်ခြိုက်စွာအိပ်ပျော်နေရမှ စိမ့်မျက်ဝန်းလေးများ ပွင့်လာရ၏။

"အို မိုးတောင်လင်းပြီပဲ"

စိမ့်အိပ်ရာမှထကာ ပြတင်းတံခါးကို ဖွင့်လိုက်သည်။ ညက မိုးရွာထားတာကြောင့် ခြံထဲရှိ သစ်ပင်လေးတွေ စိမ်းစိုလန်းဆန်းနေတာတွေ့ရတော့ စိမ့်ရင်ထဲ ကြည်နူးသွား၏။

လှပလိုက်တဲ့ မနက်ခင်းလေး။

"သမီး"

"ဟင် မေမေ၊ အစောကြီးနိုးတာလား"

အမေကပြုံးလျက် အခန်းထဲဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"မစောပါဘူး သမီးရယ်၊ စောစောကပဲနိုးတာ"

"ခြံထဲမှာ စိမ်းစိုနေတာပဲ မေမေ"

"ဟုတ်တယ် သမီး၊ ညကမိုးရွာထားတော့ ရေဖျန်းလိုက်သလိုပဲ"

"ဟုတ်တယ် မေမေ၊ စံပယ်တွေပွင့်နေရောပေါ့၊ စိမ့်သွားကြည့်လိုက်ဦးမယ် မေမေ"

"အေး အေး၊ သမီးအဖေလည်း ခြံထဲမှာ"

ကလေးတစ်ယောက်လို စိမ့် ခြံထဲပြေးဆင်းခဲ့သည်၊ တကယ်တော့ စိမ့်တို့ခြံလေးက ပေလေးဆယ်ခြောက်ဆယ်မျှသာရှိပြီး ပျဉ်ထောင်သွပ်မိုးနှင့် ကျယ်ဝန်းသော ဝရန်တာပါရှိသည့် တစ်ထပ်အိမ်လေးကို ခြံနောက်ဘက်တိုးဆောက်ထား၏။

သည့်အတွက် ခြံရှေ့မှ မြေပိုကာ သီးပင်စားပင်များ စိုက်ထားသလို စိမ့်အကြိုက် ပန်းပင်လေးများလည်း စိုက်ပျိုးထား၏။

"ဖေဖေ"

ခြံထဲရောက်တော့ စိမ့်၏ဖခင်ဖြစ်သူ ဦးလှုအေးက အပင်လေးတွေကို ပေါင်းဆွနေသည်။

စိမ့်ကိုမြင်တော့ ပြုံးသွားလျက်





"ဟော သမီး နိုးပြီလား၊ ညကမိုးရွာတော့ သမီးရဲ့ စံပယ်ပင်လေးတွ ပွင့်နေပြီကွယ့်"

"ဟုတ်လား ဖေဖေ"

ဦးလှုအေးသတင်းပေးမှုကြောင့် စိမ့် စံပယ်ပင်လေးတွေနား အမြန်ရောက်သွား၏။

"အို အများကြီးပွင့်နေတာပဲ ဖေဖေ"

စိမ်းစိုသောအရွက်လေးတွေကြားမှာ အဖြူရောင်စံပယ်ပန်းပွင့်လေးများက စီရီပွင့်လျက် စိမ့်အတွက် ဘာနဲ့မှမလဲနိုင်သည့် ပီတိဖြစ်စရာမြင်ကွင်း။

"နှင်းဆီတွေကိုလည်း ကြည့်ပါဦးသမီး"

"ဟယ် သူတို့လည်း ဖူးပွင့်လို့ပါလား"

ကလေးတစ်ယောက်လို စိမ့်ပျော်သွား၏။ ယခုလိုမနက်ခင်းစောစောမှာ ကိုယ်တိုင်စိုက်ပျိုးထားတဲ့ အပင်လေးတွေက ပန်းပွင့်လေးများကို တွေ့ရတာလောက် ကျေနပ်စရာမရှိပေ။

"စိမ့်ရေ ဒီကိုလာဟော့ ဒီမှာ မာလကာသီးကြီးတွေ ဝင်းနေတာပဲဟ"

ထိုအသံပိုင်ရှင်က စိမ့်၏အစ်ကိုကြီး ကိုမိုးပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်တို့မှာ မိသားစုလေးယောက်ရှိ၏။

မိဘနှစ်ပါးသော အဖေဦးလှအေးနှင့် အမေဒေါ်နှင်းတို့မှာ ဘဝကို ရိုးရိုးသားသား နေလာကြသူများပါ။

ဦးလှအေးက ရုံးတစ်ရုံးမှာ စာရေးကြီးဖြစ်ကာ မကြာခင် ကပင် အလုပ်မှ အငြိမ်းစားယူထား၏။

ဒေါ်နှင်းအေးကတော့ အလယ်တန်းပြဆရာမတစ်ဦး ဖြစ်ကာ ရပ်ကွက်ထဲရှိကျောင်းမှာ ဖြစ်သည်။

ဦးလှအေးနှင့်ဒေါ်နှင်းတို့မှ မွေးဖွားလာသော သားကြီး ကိုမိုးနှင့် အသက်ငါးနှစ်ကွာသည့် စိမ့်တို့ဖြစ်၏။

"တို့မိသားစုက ဘဝမှာ ပိုက်ဆံမချမ်းသာပေမယ့် စိတ်တော့ ချမ်းသာတယ်ဟေ့၊ ရှိသမျှလေးနဲ့ ရောင့်ရဲတင်းတိမ်ပြီး ဘဝကို ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ နေနိုင်တာကိုက တန်ဖိုးရှိတာပဲ"

မိသားစုထမင်းဝိုင်းတွင် ဦးလှအေးက မကြာခဏ ထိုသို့ ပြောတတ်၏။ တကယ်လည်း စိမ့်တို့မိသားစုလေးမှာ သူများတွေလို မချမ်းသာသည့်တိုင် တစ်ဦးကိုတစ်ဦး ချစ်ခင်လေးစားညီညွတ် မှုဖြင့် စိတ်ချမ်းသာရ၏။

"တို့မိသားစုက ကင်းသုံးကင်းနဲ့နေတာ၊ အကြွေးကင်း





တယ်၊ ရန်ကင်းတယ်၊ အပျော်အပါးကင်းတယ်"

ဦးလှအေးက ရိုးသားသော ဝန်ထမ်းတစ်ယောက်ဖြစ်၏။ ဝင်စင်ယူတော့လည်း နာမည်ကောင်းနှင့်ပါ။ ဒေါ်နှင်းကလည်း ဆရာမကောင်းတစ်ယောက်၊ မိခင်ကောင်းတစ်ယောက်အဖြစ် ရပ်ကွက်ထဲမှာ အလေးစားခံရသူတွေ။

ကိုမိုးမှာ ဘွဲ့ရပြီးနောက် အဖေလို ရုံးစာရေးကြီးဖြစ်လာ၏။ ကြာခင်ကပဲ အမေ၏ကျောင်းမှာ မူလတန်းပြ ဆရာမလေးတိုးတိုး နှင့် အိမ်ထောင်ကျကာ အိမ်မှာပဲနေကြသည်။

"ကိုကိုလည်း အစောကြီးနိုးနေတာကိုး၊ ဟယ် မာလကာ သီးကြီးတွေ အများကြီးပဲ"

အပင်ထက်မှ မာလကာသီးကြီးတွေမြင်တော့ စိမ့် ကလေး တစ်ယောက်လို ပျော်ရွှင်စွာအော်သည်။

"ကဲ မရွှေစိမ့်၊ ပန်းခူးမှာလား မာလကာသီး ခူးမှာလား"

ကိုမိုးက ညီမဖြစ်သူကို ပြုံး၍မေးလိုက်၏။ စိမ့်ရယ်လိုက် ဘာ

"ပန်းလည်းခူးမယ် မာလကာသီးလည်းခူးမယ်"

"ဒီကောင်မလေး တယ်လောဘကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ညီမငယ်နဖူးကို ချစ်စနိုးဖြင့်ထုသည်။ စိမ့် တိမ်းရှောင်ရင်း

"မတိုးကော ကိုကို"

"ထုံးစံအတိုင်း မနက်စာချက်နေမှာပေါ့ စိမ့်"

"အင်း မတိုးရောက်လာမှ မေမေနဲ့ အဖော်ရသွားတယ်၊ စိမ့်လည်း ပန်းတွေခူးပြီးရင် သွားကူလိုက်ဦးမယ် ကိုကို"

မိသားစုအလုပ်များကို မနက်စောစောထကာ တစ်ယောက်တစ်လက်ဝိုင်းလုပ်ကြတာ စိမ့်တို့မိသားစုလေး၏ ချစ်စရာအကျင့်ပါ။

မနက်ကိုးနာရီထိုးတာနှင့် အားလုံး လုပ်ငန်းဝင်ဖို့ အသင့်ဖြစ်ကြ၏။

ခြံထဲမှာအလုပ်တွေပြီးတာနှင့် ရေချိုး၊ အဝတ်အစားလဲကာ မနက်စာဝိုင်းစားကြသည်။

စိမ့်တို့အိမ်၏မနက်စာက ထမင်းပူပူကို ပဲပြုတ်နှင့်ကြော်ငါးရံ့ခြောက်ဖုတ် ခရမ်းချဉ်သီးပန်ထွေဖျော်တို့ဖြစ်၏။

အလုပ်သွားကြသူတွေမို့ ထမင်းချိုင့်အတွက် အသားဟင်းဆီပြန်တစ်ခွက်ချက်ရသည်။

"စိမ့်ကော အလုပ်မှာ အဆင်ပြေရဲ့လား"





ယောင်းမဖြစ်သူ တိုးတိုးက မေးလာ၏။ ဒေါ်နှင်းကပါ စိမ့်ကို လှမ်းကြည့်ရင်း

"မေမေလည်း အဲဒါမေးမလို့သမီး၊ ခုပြောင်းလိုက်တဲ့ အလုပ်က အဆင်ပြေရဲ့လားကွယ်"

"ပြေပါတယ် မေမေ၊ လခလည်းကောင်းပါတယ်၊ လကုန်ရင် မေမေနဲ့မတိုးအတွက် လက်ဆောင်ဝယ်ပေးရမယ်"

အပြုံးလေးဖြင့် စိမ့်ပြောတော့ ဦးလှလေးနှင့် ကိုမိုးက တစ်ယောက်ကိုတစ်ယောက်ကြည့်၏။

"အဖေ စိမ့်မျက်နှာလိုက်တယ်နော်၊ ကျွန်တော်တို့သားအဖဖို့တော့ မပါဘူး"

"အို တိုးက ကိုမိုးနဲ့အဖေ့အတွက် လက်ဆောင်ဝယ်ပေးမှာပေါ့၊ မဟုတ်ဘူးလား စိမ့်"

ယောင်းမဆိုပေမယ့် မတိုးက စိမ့်အတွက် အစ်မလို အမေတို့အတွက် သမီးကြီးတစ်ယောက်လိုပါပဲ။

စိမ့်ရယ်ကာ

"နေပါစေ မတိုးရယ်၊ အဖေနဲ့ ကိုကို့အတွက်လည်း စိမ့်က ကန်တော့မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြင်လား ကိုမိုး၊ ငါ့သမီးက သိတတ်ပါတယ်ကွ"

အဖေက အားရကျေနပ်စွာပြော၏။ ကိုမိုးကရယ်၍ ခေါင်းညိတ်သည်။

"အလကားစတာပါ ညီမလေးရယ်၊ ကိုကိုတို့ကသာ ငါ့ ညီမကို ဝယ်ပေးရမှာ"

"ဟုတ်တယ် စိမ့်၊ စိမ့်က အပျိုလေးဆိုတော့ လိုတာတွေ ဝယ်သုံးပါ၊ စိမ့်ကိုကိုနဲ့မမတို့အတွက် မပူပါနဲ့ကွယ်"

သားသမီးတွေ စည်းလုံးချစ်ခင်စွာရှိနေတာ ဦးလှအေးနှင့် ဒေါ်နှင်းတို့ ပြုံးရွှင်စွာကြည့်နေ၏။ လောကမှာ ပိုက်ဆံချမ်းသာဖို့ထက် စိတ်ချမ်းသာဖို့က အရေးအကြီးဆုံးမဟုတ်လား။

"အမေတို့မိသားစု တစ်ယောက်ကိုတစ်ယောက် ဒီလိုချစ်ချစ်ခင်ခင်နေကြတာမြင်တော့ သိပ်ကို စိတ်ချမ်းသာတာပဲကွယ်"

"ဟုတ်တယ်၊ ခုချိန် အဖေတို့မျက်စိမှိတ်သွားလည်း စိတ်ချရပြီ"

ဦးလှအေးကပါ ဝင်ပြောသည်။

"အို အဖေကလည်း မဟုတ်တာ စိမ့်ကို အိမ်ထောင်မချပေးရသေးဘဲနဲ့ ဘာလို့ ဒီစကားတွေပြောရတာလဲ"





"ဟုတ်သားပဲ အဖေ၊ အဖေ ဒီလောက်ကျန်းကျန်းမာမာကြီး ရှိနေတာကိုး"

ကိုမိုးနှင့်မတိုးက မျက်နှာမကောင်းဘဲပြောကြတော့ ဦးလှအေးက

"ဟ ငါက ဥပမာပြောတာပါကွ၊ ငါ့သမီးနဲ့ ငါ့သားက မွေးတဲ့ မြေးတွေကို ထိန်းဦးမှာကွ"

"အို အဖေကလဲ"

ယခုထက်တိုင် ချစ်သူမရှိသေးသော စိမ့်မှာ ထိုစကားကြားရတာပင် ရှက်နေလျက် နေရာမှထပြေးခဲ့တော့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

သည်နေ့က ရာသီဥတုသာယာ၏။ ညက မိုးရွာထားတာကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး စိမ်းလန်းစိုပြေကာ ဘယ်နေရာမဆို သစ်လွင်နေတယ်ဟု ထင်ချင်စရာ။

အဖြူရောင်တိမ်ဆုပ် တိမ်ပွင့်တို့က ပြာလဲ့သောကောင်းကင်ထက်မှာ ဟိုတစ်စု ဒီတစ်စုဖြင့်ရှိနေသလို မနက်ခင်း၏ လေပြေနုနုက လူသားတွေအတွက် လန်းဆန်းစေသည်။

"တီ တီ"

ဖုန်းသံမြည်လာတာကြောင့် သူကိုင်လိုက်၏။

"ဟဲလို"

"ဦးကျော်ဇေသာလား၊ ကျုပ် ထွန်းဦးပါဗျ"

"ဟာ…ဟုတ်လား ပြော"





ဦးထွန်းဦးဆိုတာက သူ၏စီးပွားရေးပါတနာတစ်ယောက်ဖြစ်သည်။ မှန်တာပြောရလျှင် ကျော်ဇေသာအတွက် အားကိုးနိုင်သော လူတစ်ယောက်။

"ခင်ဗျားပြောထားတဲ့ကိစ္စ အဆင်ပြေသွားပြီဗျ၊ ဦးကျော်ဇေသာ"

"ဟာ တကယ်လားဗျ ကိုထွန်းဦး"

"ဩော် ဆရာသမားရယ်၊ သေချာလို့ ကျုပ်ဖုန်းဆက်တာပေါ့ဗျ"

"အိုကေ သင့်ခ်ယူ သင့်ခ်ယူ၊ ခုတော့ ကျွန်တော်အပြင်ရောက်နေလို့ ညနေကြမှ ခင်ဗျားနဲ့ ဒင်နာစားရင်းတွေ့မယ် ကိုထွန်းဦး"

"ကောင်းပြီဗျာ"

သာယာသောမနက်ခင်းမှာ မင်္ဂလာရှိသော သတင်းကြားသောကြောင့် သူပျော်သွားရ၏။ ထို့ကြောင့် ကားမောင်းရင်း လေပင်ချွန် လိုက်သေးသည်။

'ဇော'စီးပွားရေးအုပ်စုတွင် မာမီဒေါ်ခင်မြဇင်မှာ ဥက္ကဋ္ဌဖြစ်၍ အဒေါ်နှင့်ဦးလေးတစ်ယောက်က ဒါရိုက်တာအဖွဲ့ဝင်များဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူလည်း ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ဖြစ်ပေမယ့် ကိုယ်ပိုင်ကုမ္ပဏီတစ်ခု တည်ထောင်ကာ သီးခြားလုပ်ငန်းများဖြင့် အောင်မြင်နေ၏။

"ဦးကျော်ဇေသာတို့ကတော့ ကြည့်လိုက်ရင် အမြဲပျော်နေတာပဲဗျာ၊ ခင်ဗျားကို အားကျတယ်"

အကြောင်းမသိသော မိတ်ဆွေတချို့က ထိုသို့ဆိုလာလျှင် သူ ခပ်ဟက်ဟက်ရယ်ကာ ရင်ထဲမှာ နာကျင်မှုအား ဘယ်သူမှမသိအောင် ဖုံးဖိထားရတတ်၏။

"ဘယ်လိုလဲဗျ ခင်ဗျားခုချိန်ထိ လူပျိုကြီးလုပ်တုန်းပဲလား ဦးကျော်ဇေသာ"

"အဟွန်း ဟွန်း၊ ဒါ အကောင်းဆုံးပေါ့ဗျာ"

သူပေါ့ပါးစွာဖြေလိုက်သည့်တိုင် မျက်စိထဲ ဖျတ်ခနဲ 'မဦး' ကို သတိရမိ၏။

သူ့ဘဝတွင် ပထမဦးဆုံးချစ်ခဲ့သော မိန်းမမှာ မဦးဖြစ်သည်။

"ကျုပ်က ခင်ဗျားတို့ထင်သလို လူပျိုကြီးလုပ်တာ လက်မထပ်ချင်လို့မဟုတ်ဘူးဗျ၊ ချစ်ဦးသူနဲ့ကွဲခဲ့လို့"





တကယ်တော့ သူ့ဘဝမှာ တစ်ကြိမ်တစ်ခါမျှ လက်မထပ်ဖူးပါလျက်နှင့် မိန်းကလေးများကို အပျော်တွဲသည်။

ဒါပေမယ့် သူ ဘယ်သူ့ကိုမှမချစ်ခဲ့ပါ။ သူ့ရင်ထဲက အချစ်အားလုံး မဦးကိုပုံပေးထား၍ လက်ကျန်အချစ်ပင်မရှိတော့ဟု ထင်ရ၏။

ထို့ကြောင့် ယနေ့ချိန်ထိ လက်မထပ်ခဲ့ခြင်းဖြစ်၏။ သူနှင့်တွဲသော မိန်းကလေးအားလုံးကို 'ချစ်တယ်'ဟူသော စကားတစ်ခါမျှ မပြောဘူးခဲ့ပေ။

"မင်း ဒီလိုမိန်းကလေးပေါင်းစုံနဲ့ ထည်လဲတွဲနေတာကို မာမီ သဘောမကျဘူး ကျော်၊ မင်းအသက်အရွယ်နဲ့ အိမ်ထောင်တစ်ခုကို အတည်တကျပြုသင့်ပြီ"

မာမီက သူ့ကို မကြာခဏ သတိပေး၏။ ခက်တာက သူ့နှလုံးသားထဲ ဘယ်မိန်းကလေးမှ စူးနစ်စွာရောက်မလာခြင်းဖြစ်သည်။

"ကျွန်တော် သဘောကျတဲ့ မိန်းကလေးကို မာမီက သဘောကျမှာမို့လို့လား"

သူ့ငွေးမကြီး ဒေါ်ခင်မြဖင်သည် မိဘမျိုးရိုးစဉ်ဆက်

www.burmeseclassic.com



ချမ်းသာခဲ့သလို ခင်ပွန်းဦးသာခင် လက်ထက်မှာလည်း ပိုမိုတိုးပွားခဲ့၏။ ယနေ့ထက်တိုင်လည်း လုပ်ငန်းများစွာကို အောင်မြင်စွာ ချုပ်ကိုင်နိုင်သူ။

"ဘာလဲ ဟို မင်းရဲ့ အတွင်းရေးမှူးမကို ပြောတာလား၊ အဲဒီ့မိန်းမမျိုးတော့ ငါ လုံးဝသဘောမကျဘူး၊ သူ့မျက်လုံးတွေကို ငါ သဘောမကျဘူး"

မာမီပြောတာ ဆူးကိုပါ။ သူ့ကုမ္ပဏီတွင် ဆူးနှင့်ဆုံဖူးသည့်အချိန်မှစကာ မာမီမနှစ်သက်ခြင်းဖြစ်၏။

"မင်းနားမှာ အဲဒီလိုမိန်းကလေးမျိုးရှိတာ ငါသဘောမကျဘူး၊ အလုပ်ထုတ်ပစ်လိုက်ပါ"

တစ်ချက်လွှတ်အမိန့်ပေးခဲ့၏။ တကယ်တမ်းမှာ ဆူးကို တွဲနေခဲ့ပေမယ့် သူကိုယ်တိုင်ရင်ထဲ နှစ်နှစ်ကာကာမရှိ။ ဆူးက သူ့အတွက် တွဲလို့ကောင်းသော မိန်းကလေးတစ်ယောက်အဖြစ် သဘောထား၏။

"မာမီ သဘောမကျရင် မရှိစေရပါဘူး"

ကြားရလျှင် မာမီအတွက် သူက သားလိမ္မာလေး တစ်ယောက်လို။ သို့သော် သူကိုယ်တိုင်က ကိုယ်နှင့်တွဲနေသည့်





မိန်းကလေးနှင့် အလုပ်သဘောမျိုး မဆက်ဆံချင်တာကြောင့် ဆူးကို အလုပ်ထုတ်ခဲ့၏။

ကျေနပ်လောက်တဲ့ လျော်ကြေးနဲ့ပေါ့လေ။

အမှန်တော့ သူက ဆူးနှင့်လမ်းခွဲဖို့ စဉ်းစားထားသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့ကတော့ သူ့အတွက် ကံကောင်းသော နေ့တစ်နေ့ဟုဆိုရမည်။

မနက်စောစောမှာ မင်္ဂလာသတင်းရောက်လာခြင်း မဟုတ်လား။ စိတ်ပျော်တာကတစ်ကြောင်း လူရှင်းသောမနက်ခင်းမို့ ကားအရှိန်ကို ပိုမြှင့်မောင်းမိစဉ်

"အို"

မှတ်တိုင်ရှိရာသို့ လျှောက်လာသော စိမ့်သည် အနားမှ ဖြတ်မောင်းသွားသော အဖြူရောင်လန်ခရူဆာကားတစ်စီးမှာ ညမိုးရွာထားသော ရွှံ့အိုင်ထဲကျကာ သူမထံသို့ ရွှံ့တို့လာစင်ကုန်လေ၏။

စိတ်ကြည်နူးသောမနက်ခင်းလေးမို့ အဖြူရောင်လည်ကောင် ရင်ဖုံးအင်္ကျီလက်တင်လေးကို အပြာနုပေါ်တွင် အဖြူဆုပ်ဖွင့်ပန်းများပါသည့် လုံချည်နှင့်တွဲဝတ်ကာ နက်မှောင်သော ဆံနွယ်များကို အဖြူရောင်ပဝါလေးနှင့် စုစည်းချည်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ စိမ့်တစ်ကိုယ်လုံး နွံတွေစင်ကုန်လျက် မနက်ခင်းလေး အကျည်းတန်သွားရတဲ့အဖြစ်။

''ကျွိ''

ကျော်ဇေသာက ကားကို ဘရိတ်အုပ်ပစ်လိုက်သည်။ အရှိန် ဖြင့်မောင်းလာတာမို့ 'ကျွိ'ခနဲပင် ဖြစ်သွား၏။

နောက်မှန်ကတစ်ဆင့်ကြည့်မိတော့ အဖြူရောင်အရိပ်လေး တစ်ခု။ သူဖြတ်မောင်းခဲ့မိသော နွံအိုင်ကြောင့် အဖြူရိပ်မှာ နွံတွေ စင်သွားပါလား။

သူကားကို နောက်ပြန်ဆုတ်လိုက်သည်။ မိန်းကလေးက ပေနေသောနွံများကို သုတ်ဖို့ ကြိုးစားနေ၏။

''နွံတွေ သိပ်ပေသွားသလား''

''ဟင်''

အနည်းငယ်ဩရှပေမယ့် ကြည်လင်သောအသံကြောင့် စိမ့် ဖျတ်ခနဲမော့ကြည့်မိသည်။

စောစောက နွံအိုင်ကိုနင်းသွားတဲ့ ကားပါလား။ စိမ့်ရှေ့ရှိ နေသောသူမှာ ကားပိုင်ရှင်ဟု နားလည်လိုက်၏။

စိမ့် ခေါင်းလေးညိတ်ကာ 'ဟုတ်ကဲ့'ဟုဖြေရင်း လက်





ကိုင်အိတ်ထဲမှ အသင့်ဆောင်ထားတတ်သော တစ်သျှူးစကို ဆုတ်သည်။

''ကိုယ် ဘာလုပ်ပေးရမလဲ''

''ရှင်''

အစအဆုံးမပါသော သူ့မေးခွန်းကြောင့် စိမ့် မျက်လုံးဝိုင်း လေးများဖြင့် ကြည့်မိ၏။

''ဩော် ဟို ဒီနွံတွေပေတာ ကိုယ့်ကြောင့်ဆိုတော့''

စိမ့် မျက်နှာလေးတည်လျက် ခေါင်းခါယမ်းလိုက်၏။

''ရပါတယ်''

''မဟုတ်ဘူးလေ မင်းကြည့်ရတာ အပြင်တစ်ခုခုသွားမယ့် ပုံပဲ၊ ဒါကြောင့်''

သူပြောရင်း အပေါ်ကုတ်အင်္ကျီထဲမှ လယ်သာပိုက်ဆံအိတ် ကိုထုတ်သည်။ ထို့နောက် အသစ်စက်စက် အစိမ်းရောင် ထောင် တန်တစ်ထပ်ကိုထုတ်ကာ

''ရော့''

''ဟင် ဒါက''

ပိုက်ဆံလှမ်းပေးနေသော သူ့ကို စိမ့် နားမလည်သလို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်၏။

"ဒီပိုက်ဆံနဲ့ မင်းအဝတ်အစားသစ်တွေ ဝယ်လိုက်ပါ"

ပြောပြောဆိုဆို သူက စိမ့်လက်ထဲ ပိုက်ဆံထိုးထည့်ပေးပြီး ကားပေါ်ပြန်တက်ဖို့ပြင်၏။

"ဒီမှာ ဒီမှာရှင့်"

စိမ့်ခေါ်ရင်း သူ့နားရောက်သွားသည်။ ထို့နောက် သူ့ကို တည်ငြိမ်သော မျက်လုံးများဖြင့် စိမ့်ကြည့်လိုက်၏။

"ရှင့် ပိုက်ဆံပြန်ယူပါ၊ ကျွန်မအတွက်လိုအပ်တာ ရှင့်ပိုက်ဆံ မဟုတ်ပါဘူး"

သူ့ပိုက်ဆံများကို ပြန်ပေးပြီး စိမ့် လှည့်ထွက်ခဲ့သည်။ အိမ်တစ်ခေါက်ပြန်ကာ အဝတ်အစားလဲရဦးမည်လေ။

● ● ●



ထိုနေ့က အလုပ်ခွင်သို့ သူမ အချိန်အနည်းငယ်လွန်မှ ရောက်ရလေ၏။ တိုက်ဆိုင်ချင်တော့ အရင်က နေ့လယ်ခင်းလောက် မှ ရောက်လာတတ်သော ဆူးမှာ စိမ့်ထက်အရင်ရောက်နေခြင်းပင်။

"ဘယ်လိုလဲ မန်နေဂျာလုပ်တဲ့လူက အလုပ်ခွင်ကို အချိန် လေးစားရင် ကျန်တဲ့ဝန်ထမ်းတွေကို ဘယ်လိုဆုံးမမလဲ စိမ့်"

ဆူးက မျက်နှာထားတင်းစွာဖြင့် ပြစ်တင်စကားဆိုလာ၏။ ည်ကိစ္စမှာ စိမ့်ဘက်ကအလွန်မို့ တောင်းပန်လိုက်ရ၏။

"နောက်တစ်ခါ ဒီလိုမဖြစ်စေရပါဘူး သူဌေး"

"မမကလဲဗျာ စိမ့်တစ်ခါတလေ နောက်ကျတာပဲကို"

ထူးဝင်ပြောသည်။ ဆူးကမကြိုက်ဟန်ဖြင့်

"ဒါ အလုပ်လုပ်နေတာ ထူး၊ စိမ့်က မင်းသူငယ်ချင်း း ဘက်လိုက်ပြောစရာမလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထူးအဆူခံလိုက်ရတာကြောင့် စိမ့် စိတ်မကောင်းဖြစ်သွား၏။

"ဟုတ်ပါတယ် ထူး၊ သူဌေး မလွန်ပါဘူး၊ စိမ့်အပြစ်ရှိလို့ ဆူခံရတာပါ၊ ထူး ဘာမှဝင်မပြောပေးပါနဲ့နော်"

"ဟင်း…အင်းလေ"

ထူးမှာ မျက်စိရှေ့တွင် စိမ့်ဆူခံရတာကို မကြည့်ချင်ပြီမို့ ရုံးခန်းထဲကထွက်ခဲ့သည်။

မဆူးကလွန်တယ်ဟု စိမ့်ထင်၏။ အလုပ်ခွင်သို့ စိမ့်အမြ တမ်း စောရောက်လာတတ်တာကြတော့ တစ်ခါမှ မချီးမွမ်းခဲ့ဖူးပေ၊

"ထူးက မင်းကိုတော့ တော်တော်ခင်ပုံပါပဲ စိမ့်၊ ဒါပေ မယ့် ထူးရဲ့သူငယ်ချင်းဆိုပြီးတော့ မလိုအပ်တဲ့ အခွင့်အရေးတွေ ယူဖို့တော့ မကြိုးစားပါနဲ့"

စိမ့် မျက်နှာပျက်လျက် ခေါင်းခါယမ်းလိုက်၏။ သည်မှာ အလုပ်စဝင်ကတည်းက စိမ့်ကိုယ်စိမ့် ထူး၏သူငယ်ချင်းဟု တစ်ခါ မျှ မမှတ်ဘဲ အလုပ်ကိုသာ တာဝန်ကျေအောင် ကြိုးစားခဲ့ပါသည်။

"ကျွန်မ အဲဒီစိတ်ကူးမျိုး တစ်ခါမှမရှိဖူးပါဘူး သူဌေး"

"ကောင်းပြီလေ၊ ဒါ တို့ဘက်က ကြိုတင်သတိပေးတာ





ပါ၊ နောက်တစ်ခါ ဒီလိုနောက်ကျတာမျိုး မဖြစ်စေပါနဲ့၊ ကဲ ပြင်သွားနိုင်ပြီ"

ဆူးရှေ့မှ စိမ့် ထွက်ခဲ့၏။ တကယ်တော့ ဒီလိုနောက်ကျရ တာ မနက်က ဟိုလူ့ကြောင့်ပါ။

အလုပ်ခွင်သို့ အချိန်မီလာသောစိမ့်မှာ သူမောင်းသော ကားကြောင့် အဝတ်အစားတွေ ရွှံ့စင်၍ ပြန်လဲလိုက်ရတဲ့အတွက် ဒီလိုနောက်ကျခြင်းဖြစ်၏။

သူဌေးတွေက 'တောင်းပန်ပါတယ်'ဆိုတဲ့ စကားတစ်လုံး ကိုသုံးဖို့ အတော်ဝန်လေးဟန်တူပါရဲ့။ စိမ့်ကို ပိုက်ဆံပေးပြီး အထင် သေးစွာ ဆက်ဆံခဲ့၏။

"ကျွန်မအတွက် ပိုက်ဆံမလိုပါဘူး"

ထိုကဲ့သို့ပြောပြီး သူ့ထံပြန်ပေးခဲ့သည်။ အမှန်တော့ ပိုက်ဆံ ပေးခြင်းထက် 'တောင်းပန်ပါတယ်'ဟူသော စကားတစ်လုံးသာ ထိုအချိန်က သူ့မအတွက် လိုအပ်ခဲ့၏။

သူ့အတွက် ဒီကိစ္စဟာ သာမန်ပေမယ့် စိမ့်အတွက်ကတော့ လုပ်ငန်းခွင်မှာ လာထိခိုက်ရတဲ့အဖြစ်။

ဟင်း စိမ့် သက်ပြင်းလေးသာ ကြိတ်ချမိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘာလို့နောက်ကျတာလဲဟင်"

မျက်နှာမကောင်းစွာဖြင့် ထွက်လာသော စိမ့်ကို ဝန်ထမ်းမိန်းကလေးတွေမေးသည်။

စိမ့် အသာခေါင်းခါယမ်းလိုက်ရင်း

"မမျှော်လင့်တဲ့ ကိစ္စတစ်ခုကြောင့်ပါ၊ ကဲ အလုပ်ခွင်မှာ ကြိုးစားကြစို့"

စိမ့်က ခေါင်းဆောင်တစ်ယောက်၏ တက်ကြွသော အပြုံးဖြင့် ပြောလိုက်ရင်း အားလုံးကို လုပ်ငန်းခွင်ထဲဝင်စေသည်။

"စိမ့်"

"သြော် ထူး"

အနားသို့ ထူးရောက်လာတာကြောင့် စိမ့် ပြုံးပြလိုက်၏။

"နင် မမကို စိတ်မဆိုးဘူးလား စိမ့်"

"ဟင့်အင်း သူဌေးက ငါ့အလုပ်ရှင်ပဲ၊ ငါနောက်ကျလို့ ဆူတာ စိတ်မဆိုးပါဘူး ထူး"

အေးဆေးစွာ စိမ့်ပြောတော့ ထူး ခေါင်းညိတ်သည်။

"နင်ကတော့ တကယ်သည်းခံနိုင်တယ်စိမ့်၊ ဒါနဲ့ မနက်က နင်ဘာလို့ နောက်ကျတာလဲ၊ နေများမကောင်းလို့လား စိမ့်"





ထူးကမေးရင်း စိမ့်မျက်နှာကို အကဲခတ်ကြည့်သည်။ စိမ့် ခေါင်းလေးခါယမ်း၏။

"ဟင့်အင်း နေမကောင်းလို့မဟုတ်ဘူး ထူး"

"ဒါဖြင့်"

"မမျှော်လင့်တဲ့ ကိစ္စတစ်ခုကြောင့်ပါ ထူး"

သည်တော့မှ ထူးက ပိုစိတ်ဝင်စားလာ၏။

"ဘာကိစ္စလဲ စိမ့်၊ ငါ့ကို ပြောစမ်းပါ"

"သြော် အမှန်တော့ မနက်က ငါ အချိန်မီလာတာပါ ထူး၊ ဒါပေမယ့် လမ်းမှာ ကားတစ်စီးက ရွံ့အိုင်ဖြတ်မောင်းတော့ ငါ့အဝတ်အစားတွေ ညစ်ပတ်ကုန်လို့ အိမ်တစ်ခေါက်ပြန်လဲတာနဲ့ နောက်ကျသွားတာပါ"

"ဟင် အဲဒီကားက လမ်းဘေးမှာ နင်လျှောက်လာနေတာ မမြင်ဘူးလား စိမ့်"

ထူးက ထိုကားပိုင်ရှင်ကို မကျေနပ်သလို ခပ်ဆတ်ဆတ်မေး၏။ စိမ့် နေရာမှာ ထူးသာဆိုလျှင်တော့ ထိုကားပိုင်ရှင်နှင့် ရန်ဖြစ်မှာသေချာသည်။

စိမ့်က သည်းခံတတ်တာကြောင့် ဘာမှမဖြစ်ခဲ့ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်က ထူးကို ပြုံးပြလိုက်ရင်း

“ဩော် ထူးရယ်၊ သူလည်းမမြင်လို့နေမှာပါ”

“ဒါဆို နှင့်ကို တောင်းပန်သွားလား စိမ့်”

“အင်း”

ကိစ္စငြိမ်းစေရန်အတွက် စိမ့် ခေါင်းညိတ်လိုက်ရ၏။ အမှန်တော့ ထိုကားပိုင်ရှင်ထံမှ 'တောင်းပန်ခြင်းစကားသည် သူ့အတွက် ခဲယဉ်းပုံပါ။

“ဒါဆို စောစောက မမကို ဒီအကြောင်းရှင်းပြပါလား စိမ့်ရယ်”

“နေပါစေ ဘယ်လိုအကြောင်းပဲဖြစ်ဖြစ် ငါ့ဘက်က နောက်ကျတာပဲလေ ထူး”

ထူး သက်ပြင်းသာကြိတ်ချ၏။ တကယ်တော့ အစ်မလုပ်သူ၏ စိတ်ဓာတ်ကို ထူးအသိဆုံးပါ။ စိမ့်ဘက်မှ ရှင်းပြလည်း ခွင့်လွှတ်မည်မဟုတ်။

ထိုစဉ် ဆူး ရုံးခန်းမှဆင်းလာ၏။

“ထူး ဘာလုပ်နေတာပဲ၊ ဒီနေ့ ဒေါ်နုယ်လီတို့ဆီသွားပြီး ဘာဒီဖိုင်းအသစ်တွေ ရောက်လဲဆိုတာကြည့်ခဲ့၊ ငါ ဖုန်းဆက်ပြီးပြီ”





“ဟုတ်ကဲ့ မမ”

ထူးက စိမ့်ကို တစ်ချက်ကြည့်ပြီး ထွက်သွားသည်။ ဆူးက တစ်ဆိုင်လုံး စစ်ဆေး၏။

“ဘာလိုအပ်တာရှိပါသေးလဲ သူဌေး”

စိမ့်က ဆူးနားရပ်ရင်းမေးသည်။ လက်ပိုက်ထားသော ဆူးက စိမ့်ကိုမကြည့်ဘဲ

“ခင်းကျင်းပြင်ဆင်ထားတာတွေ အားလုံးတော့ကောင်းပါတယ် စိမ့်၊ အဓိက ရောင်းအားတက်ဖို့ပါ”

“ဟုတ်ကဲ့၊ ကျွန်မတို့ဘက်က ကြိုးစားပါ့မယ် သူဌေး”

“ကောင်းပြီ၊ လကုန်လို့ စာရင်းချုပ်လိုက်ရင် အဖြေထွက်လာမှာပဲလေ”

သည်မျှသာပြောပြီး ဆူးအပေါ် ပြန်တက်သွား၏။ စိမ့်က ဝန်ထမ်းမိန်းကလေးများကို

“ဖောက်သည်တွေကို အတတ်နိုင်ဆုံး စိတ်အနှောင့်အယှက်ကင်းကင်းနဲ့ ရောင်းအားကောင်းဖို့ အားလုံး ကြိုးစားကြနော်”

“စိတ်ချပါ မမ”



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကိုယ်တိုင်ကလည်း အလုပ်အားတာနှင့် ဆိုင်ထဲရောက်လာသော ဖောက်သည်များကို ပျူငှာလိုက်လှဲစွာ ကြိုဆိုပြီး လိုက်ရှင်းပြတတ်၏။

"ဒီဆိုင်ကပစ္စည်းတွေက သိပ်ဈေးကြီးတော့ ဒီဇိုင်းကြိုက်ပေမယ့် ဝယ်ဖို့အတော်စဉ်းစားရတယ်၊ အသင့်အတင့် ဈေးနှုန်းလောက်နဲ့ ဒီဇိုင်းဆန်းဆန်းလေးတွေတင်နိုင်ရင် ပိုကောင်းမယ်"

ဆိုင်ရှင်ဆူးက နောက်ဆုံးပေါ် နိုင်ငံခြားဖက်ရှင်များကိုသာ တင်၏။ စိမ့်အနေနဲ့ပြောရလျှင် လူတန်းစားမရွေးဝယ်နိုင်ရန် ဈေးသင့်သော အထည်များကိုလည်း တင်စေချင်ပါသည်။

"ဟုတ်ကဲ့၊ သူဌေးကို ကျွန်မတို့ တင်ပြပေးပါ့မယ်"

ဖောက်သည်တွေ၏ဆန္ဒကိုမှတ်ထားပြီး အစည်းအဝေးမှာ တင်ပြရမှာ စိမ့်၏အလုပ်မဟုတ်လား။

* * *



"ဒေါက် ဒေါက်"

နှစ်ချက်ဆင့်၍ တံခါးခေါက်သံကြောင့် နှစ်ခြိုက်စွာအိပ်ပျော်နေရာမှ သူနိုးလာ၏။ သူဆိုတာ ကျော်ဇောသာ။

"ကျော် ကျော်"

"ဟုတ် မာမီ၊ ကျွန်တော်နိုးပါပြီ"

သည်လိုမနက်တိုင်း သူ့ကိုလာနှိုးတတ်တာ မာမီတစ်ယောက်သာရှိသည်မို့ အိပ်ရာက ဝုန်းခနဲထလိုက်၏။

ထို့နောက် တံခါးဖွင့်ပေးလိုက်တော့ မာမီဝင်လာသည်။

"မင်းနယ့်ကွယ်၊ ညက ဘယ်အချိန်ပြန်ရောက်လို့ ဒီလောက်အိပ်ရာထ နောက်ကျရတာလဲ ကျော်"

"အဟွန်း၊ ဟို စော စောပါတယ် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



မာမီက မယုံဟန်ဖြင့် သူ့ကို မျက်စောင်းထိုး၏။

"မင်း အသက်မငယ်တော့ဘူးနော် ကျော်၊ ဆယ်ကျော်သက်လေးတွေလို ညဥ့်နက်သန်းခေါင် လျှောက်လည်နေရမယ့် အရွယ် မဟုတ်ဘူး"

"ကျွန်တော် သိပါတယ် မာမီရဲ့"

အမှန်တော့ အသက်ဆုံးဆယ်ကျော်အရွယ် သူ့ကိုယ်သူ ဘယ်သောအခါမှ လူကြီးတစ်ယောက်ဟုမတွေးဘဲ ဘဝကို လူငယ်တစ်ယောက်လိုသာ လွတ်လပ်ပေါ့ပါး ပျော်ရွှင်စွာနေခဲ့၏။

"အေး သိရင်လည်း လက်ထပ်ဖို့ကြိုးစားတော့ မင်းစိတ်ကြိုက်မတွေ့ရင် ငါ့စိတ်ကြိုက် ရှာပေးရမလား ကျော်"

"ဟာ့ မ မလုပ်ပါနဲ့ မာမီ၊ ကျွန်တော်ရှာပါ့မယ်"

မာမီက တကယ့်လုပ်မည့်ဟန်မို့ သူ အလန့်တကြားတားလိုက်၏။

တကယ်တော့ လက်ထပ်ဖို့ကိစ္စကို သူတစ်ခါမှ မစဥ်းစားခဲ့ဖူးပါ။ ဒါကလည်း သူတကယ်ချစ်သော မိန်းကလေးမျိုး မတွေ့၍ ဖြစ်မည်။

"ဟိုအတွင်းရေးမှူးမနဲ့မင်း ပြတ်ပြီမို့လား"





"ဟုတ်ကဲ့ မာမီ"

ဆူးနှင့်ကိစ္စကို မာမီဆိုလိုခြင်းဖြစ်၏။

"အင်း မင်း သူ့ကို ဘယ်လောက်တောင် ပေးလိုက်ရတာပါလိမ့်"

လောကကြီးအကြောင်း နောကျေနေပြီးဖြစ်သော မာမီပါ။ သူခေါင်းကုတ်ပြုံးကာ...

"အဟွန်း နည်းနည်း နည်းနည်းပါ မာမီ"

"ဟင်း... ဟိုကလည်းလိုချင်တာရလို့ ကျေနပ်လိုက်တာ မဟုတ်လား၊ အင်းလေ ဘာပဲဖြစ်ဖြစ် ပြတ်ဖို့အဓိကပါ၊ ခုချိန်ကစပြီး မင်းလက်ထပ်မယ့် မိန်းကလေးကိုရှာတော့"

"ဟုတ်ကဲ့"

"ကဲ မြန်မြန်ရေချိုးတော့၊ မနက်စာပြင်ထားမယ်"

ပြောပြီး မာမီထွက်သွား၏။ သူတံခါးပိတ်လိုက်သည်။

သည်တစ်ခေါက် ဆူးကို လမ်းခွဲဖို့ဆုံးဖြတ်၍ ပေးခဲ့တာကြောင့် အတော်များသွား၏။ မာမီသာသိရင် သူ့အဆူခံထိဖို့ သေချာသလို ဆူးကိုလည်း ပို၍အထင်သေးမှာဖြစ်၏။

ဟူး လက်ထပ်ဖို့ မိန်းကလေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မာမီက သူ့ကို အမိန့်ပေးသွားပြီ။ သူသာမရှာနိုင်ခဲ့လျှင် မာမီရှာမှာသေချာ၏။ ဒါက သူ့အတွက် အထူးအခွင့်အရေး မာမီ ပေးသွားခြင်း။

လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်က အဖြစ်အပျက်ကို သတိရမိ၏။

"အဲဒီမိန်းကလေးနဲ့ မင်းကို ငါ လုံးဝသဘောမတူဘူး ကျော်အောသာ၊ သူ့ကို လက်ထပ်လိုက်ရင် မင်းဘဝအညွန့်ကျိုးသွားမယ်၊ ပြီးတော့ မင်းအရွယ်ဟာ လက်ထပ်ရမယ့်အရွယ်မဟုတ်ဘူး ပညာသင်ရမယ့်အရွယ်ပဲ ကျော်အောသာ"

တင်းမာခက်ထန်စွာ ပြောနေသော ဒေါ်ခင်မြဖင်ရှေ့မှာ အသက်ဆယ့်ရှစ်နှစ်အရွယ် လူငယ်လေးတစ်ယောက်။

"ကျွန်တော် မဦးကို သိပ်ချစ်ပါတယ် မာမီ"

"တိတ်စမ်း၊ မင်းတို့လို မနူးမနပ် ဆယ်ကျော်သက်လေးတွေအတွက် 'အချစ်'ဆိုတာ တကယ့်အထင်ကြီးစရာ မှတ်နေပေမယ့် ငါ့အတွက်ကတော့ မိခင်တစ်ယောက်အနေနဲ့ သားဖြစ်တဲ့ မင်းဘဝရဲ့ အညွန့်ကို အကျိုးမခံနိုင်ဘူး၊ မင်း အဲ့ဒီမိန်းကလေးကို တကယ်ချစ်တယ်ဆိုရင် နိုင်ငံခြားကို ပညာသွားသင်ပါ ကျော်အော





သာ"

သူခေါင်းခါယမ်းလိုက်၏။ ချစ်တဲ့မဦးကိုထားပြီး သူ ဘယ်မှမသွားချင်ပေ။

"မာမီ နိုင်ငံခြားသွားစေချင်ရင် သွားပါ့မယ်၊ ဒါပေမယ့် မဦးနဲ့ လက်ထပ်ပြီးမှ"

"ငါပြောတာကို နားထောင်စမ်း၊ ကျော်အောသာ မင်း ငါ့စကားနားထောင်ရင် မင်းပြန်လာတဲ့အခါ အဲ့ဒီမိန်းကလေးနဲ့ လက်ထပ်ပေးဖို့ ငါ ကတိပေးတယ်"

"ဗျာ တ တကယ်လား မာမီ"

သူ အံ့ဩဝမ်းသာစွာ မေးတော့ မာမီခေါင်းညိတ်သည်။

"အင်း မာမီ သားကို ကတိပေးပြီးရင် အမြဲတည်ခဲ့တာပဲ မဟုတ်လား"

ဒါလည်းဟုတ်တာကြောင့် မာမီကို သူယုံလိုက်၏။ ပညာသင်တဲ့ကာလ ခွဲခြားရုံကလွဲလို့ 'မဦး'ကို သူ တစ်သက်တာပိုင်ဆိုင်ရမှာလေ။

"ကျွန်တော်သွားမယ် မာမီ"

မာမီ မျက်နှာပြုံးသွား၏။ သူ့ကို ညင်သာစွာ ပခုံးဖက်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သားဟာ မာမီကို စိတ်ဆင်းရဲအောင် မလုပ်ဘူးဆိုတာ သိတယ်၊ ဒါကြောင့် သားဘဝ ကံကောင်းမှာပါ"

"မဦးကို ကျွန်တော်သွားနှုတ်ဆက်မယ်နော် မာမီ"

"အင်းပါကွယ် မာမီကိုယ်တိုင် လိုက်ပို့မှာပေါ့"

ချစ်သူနှင့် နှစ်ယောက်တည်းတွေ့ချင်ပေမယ့် မာမီ ဒီမှ လိုက်လျောတာပဲ ကျေနပ်လိုက်ရ၏။

"မင်းသွားတော့မှာပေါ့နော် မောင်"

သူနှုတ်ဆက်တော့ မျက်ရည်တွေဝဲလျက် မဦးမေး၏။ မာမီ ကားပေါ်မှာ စောင့်နေတာကြောင့် အိမ်ထဲမှာ မဦးနှင့်သူ နှစ်ယောက်တည်း။

"ဟုတ်တယ် မဦး၊ တကယ်တော့ ကျွန်တော်သွားတာ မဦးအတွက်ပါ"

"ဘာပြောတယ် မောင်"

မဦးက နားမလည်သလိုမေးတော့ သူပြုံးလိုက်၏။ မဦး ကိုယ်လေးကို ညင်သာစွာဖက်ကာ

"မာမီက သူ့စကားနားထောင်ရင် အပြန်မှာ ကျွန်တော်





နဲ့မဦးကို လက်ထပ်ပေးမယ်တဲ့"

"ဪ"

မဦးပါးပြင်သို့ မျက်ရည်တွေ ဝေါခနဲ စီးကျလာ၏။ သူအံ့ဩကာ

"ဘာဖြစ်လို့ ငိုရတာလဲ မဦးရယ်"

သည်တော့ မဦးခေါင်းခါယမ်းကာ မျက်ရည်တွေသုတ်ရင်း

"ဝမ်း ဝမ်းသာလို့ပါကွယ်"

"အဟွန်း ကျွန်တော်သိသားပဲ၊ ဒီစကားကြားရင် မဦး ဝမ်းသာမယ်ဆိုတာ"

"မောင်ရယ်"

သူ့ရင်ခွင်မှာ မှီကာ မဦးရှိုက်ငို၏။ ကျောပြင်လေး သိမ့်သိမ့်တုန်နေသော မဦးကို သူ နှစ်သိမ့်လိုက်သည်။

"ကျွန်တော်တို့ခွဲနေရတာ ခဏပါ မဦးရယ်"

ထိုနေ့ မဦးကို တွေ့ခြင်းသည် နောက်ဆုံးဖြစ်၏။ နောက်ရက် သူနိုင်ငံခြားသို့ ထွက်ခဲ့သည်။ လေးနှစ်ဆိုသော အချိန်ကာလ ကုန်ဆုံးချိန်မှ သူ အမိမြေသို့ ပြန်ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သား"

"မာမီ"

လေဆိပ်မှာ မာမီလာကြိုနေသည်။ မာမီကိုတွေ့ရဝမ်းသာ

ပေမယ့် သူ့မျက်လုံးတွေက တစ်စုံတစ်ယောက်ကိုရှာလို့။

"ဘယ်သူ့ကို ရှာနေတာလဲသား"

အကင်းပါးသော မာမီကမေးတော့ သူ ရှက်ပြုံးနှင့်

"ဟို မဒီးကို"

"ြော် အင်း ကဲ သား၊ အိမ်ရောက်မှ ဒီအကြောင်းတွေ

ပြောကြတာပေါ့ကွယ်"

"မဒီး ဘာဖြစ်လို့လဲ မာမီ"

သူ့ရင်ထဲ စိုးရိမ်စွာမေးမိသည်။ မာမီက ဘာမှမဖြေခဲ့ပါ

အိမ်ရောက်တော့

"ဒေါ်စီ"

"ဟုတ်ကဲ့ မမကြီး"

"သားကို ပြောပြလိုက်ပါ"

ဒေါ်စီဆိုတာက မာမီ၏လူယုံတော် အိမ်ထိန်းအမျိုးသ

ကြီးဖြစ်သည်။





"သား ဘာကိုပြောခိုင်းတာလဲ မာမီ"

သူနားမလည်စွာမေးနေခိုက်မှာပဲ ဒေါ်စီသည် သူကို

မကောင်းသလိုကြည့်လာ၏။ ထိုနောက် သူ ဘယ်လိုမှမယုံနိုင်

သာ စကားကို ဆိုလာသည်။

"ဝမ်းနည်းပါတယ်ကွယ်၊ ကလေးရဲ့ မဒီးက ဆုံးပါပြီ"

"ဗျာ"

ရုတ်တရက် ဒေါ်စီစကားက သူ့အတွက် မယုံနိုင်စရာ။

"ဒါ ဘာကိုပြောတာလဲ မာမီ၊ မဒီးက မဒီးက"

မေးရင်း သူ့အသံတွေတုန်လာရသည်။

"ဟုတ်တယ် သား၊ သူ ရုတ်တရက် အပြင်းဖျားပြီး"

"ဗျာ…ဒါ…ဒါတကယ်လား မာမီ၊ ဟင်"

မာမီသက်ပြင်းချ၏။

"တကယ်ပါသားရယ်"

သူ ဖျတ်ခနဲ မျက်နှာကို အုပ်လိုက်မိ၏။ မျက်ရည်ပူ

စက် ပါးပြင်ပေါ်ကြွေကျခဲ့သည်။

"ကျွန်တော် မယုံဘူး"

သူအော်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကို ထိန်းပါသား၊ မဦးဆုံးတာ မာမီကိုယ်တိုင်သွားခဲ့ပါတယ်"

"ကျွန်တော့်ကို မာမီဘာလို့ အကြောင်းမကြားတာလဲဟင်"

မာမီကို အပြစ်တင်သလိုမေးခဲ့မိသည်။ မာမီက သူ့ကို အပြစ်မမြင်ဟန်ဖြင့်

"သားအတွက်ပါကွယ်"

● ● ●



နာကျင်ခဲ့သော အတိတ်ကအဖြစ်ကို သူအတတ်နိုင်ဆုံးမေ့ဖို့ကြိုးစားသည်။ မဦးကိုယ်စား သားအပေါ် အချစ်အားလုံးပုံခဲ့ဆဲ။

နောက်ထပ်မိန်းမတစ်ယောက်ကို သူ့ဘဝမှာ ချစ်နိုင်လိမ့်မည်ဟု မထင်ခဲ့ပေမယ့်…

စိမ်းလန်းသောဝန်းကျင်နှင့် အဖြူရိပ်လေးတစ်ခု။

"ကျွန်မအတွက်လိုအပ်တာ ငွေမဟုတ်ဘူး"

အေးချမ်းသောမျက်နှာလေးမှာ တခြားမိန်းကလေးတွေလို စိတ်ဆိုးသည့်အရိပ်မရှိဘဲ ပိုက်ဆံတွေပြန်ပေးရင်း တည်ငြိမ်စွာပြောသွားတဲ့စကား။

အဟွန်း ဒီမိန်းကလေးကတော့ သူတွေ့ဖူးသမျှ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တွေထဲမှာ ထူးခြားတယ်ဟု ထင်မိ၏။

"ကလင် ကလင်"

အတွေးလွန်နေရာမှ ဖုန်းသံမြည်လာတာကြောင့် သူကိုင်လိုက်၏။

"ဟဲလို"

"ကျော်"

"ဟာ အန်တီလေး"

ယခုပဲ မဦးအကြောင်းတွေးနေသည်။ ဝင်လာတာက အန်တီဖုန်းဖြစ်၏။

"ညက အန်တီလေး ဖုန်းဆက်သေးတယ်၊ မင်း ဖုန်းပိတ်ထားလို့"

"အဟွန်း ဟုတ်တယ် အန်တီ၊ ကျွန်တော် မိတ်ဆွေတွေနဲ့ အပြင်ရောက်နေလို့ပါ"

အန်တီလေးက သူ့အပေါ် နားလည်ပေးတတ်၏။ သူပြောတော့ အန်တီရယ်၏။

"မိတ်ဆွေတွေဆိုတာ မိန်းကလေးတွေတော့ မဟုတ်လောက်ပါဘူးနော် ကျော်"





"အဟွန်း ဟွန်း မဟုတ်ပါဘူးဗျာ၊ ဒါနဲ့ အန်တီကော အဆင်ပြေလား"

စက်ဘူမှာရောက်နေတဲ့ အန်တီလေးက မာမို့ညီမငယ်ဖြစ်၏။

"ပြေပါတယ် ကျော်"

"ဟုတ်ကဲ့၊ ဒီမှာတော့ အားလုံးအဆင်ပြေပါတယ် အန်တီ"

"အလုပ်ကထားပါတော့ ကျော်၊ မင်း လက်ထပ်ဖို့ကိစ္စကော"

"ဗျာ၊ အဟွန်း ကြည့်ရတာ မာမီက အန်တီလေးကို ဒီကိစ္စနဲ့ အကူအညီတောင်းတာလား"

မာမီအကြောင်းသိနေတာကြောင့် သူပြုံးကာ မေးမိ၏။ အန်တီလေးရယ်သည်။ သူမေးတာမှန်နေပြီပဲ။

ပြောရလျှင် သူနှင့်အန်တီလေးက အစ်မနှစ်မောင်ငယ် တစ်ယောက်လို ရင်းနှီးတဲ့သူတွေဖြစ်၏။

"ကျော်"

"ပြောပါ အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



"မမက မင်းကို လက်ထပ်ဖို့ စဉ်းစားနိုင်းထားတယ်ဆို"

"အဟွန်း…ဟုတ်တယ် အန်တီလေးရေ"

သူရယ်ရင်းပြော၏။ မာမီက သူ့ကိုမနိုင်လျှင် အန်တီလေးအား ပြောနိုင်းတတ်တာအကျင့်။

"အဲဒါ မမစိတ်ချမ်းသာအောင် ကျော်က လက်ထပ်ဖို့ စဉ်းစားဦး"

"ဘာလဲ အန်တီလေးကကော ကျွန်တော့်ကို လက်ထပ်စေချင်ပြီလား"

ခပ်နောက်နောက် သူမေးတော့ အန်တီလေးရယ်၏။

"အဟင်း ဒါပေါ့ကွယ်၊ ကျော်ကမွေးတဲ့ကလေးကို အန်တီလေးချီချင်သေးတယ်၊ ပြီးတော့ မင်းအသက်က လက်ထပ်သင့်ပြီ"

"ဟုတ်ကဲ့ပါဗျာ၊ အန်တီလေးကပါ တိုက်တွန်းတော့ ကျွန်တော် စဉ်းစားရမှာပေါ့"

"မင်းအတွက်ပါကွယ်"

တကယ်တော့လည်း အန်တီလေးက သူ့ကို သံယောဇဉ်အရှိဆုံးပါ။ ဒါကို သူသိ၏။





"ခက်တာက ကျွန်တော့်နှလုံးသားက ဘယ်မိန်းကလေးကိုမှ ချစ်လို့မရဘူး အန်တီလေး"

"သြော်ကွယ် မင်းတကယ်ချစ်တဲ့ မိန်းကလေးမျိုး မတွေ့သေးလို့ပါ ကျော်"

အန်တီလေးပြောတာ မှန်သလိုပါပဲ။ ဘဝမှာ တကယ်ချစ်တဲ့သူကတော့ သူနှင့်စောစီးစွာ လမ်းခွဲခဲ့ရ၏။ ယခုတစ်ခါကော

"ကျွန်တော့်အထင်တော့ နောက်ထပ် ကျွန်တော်ချစ်နိုင်တဲ့ မိန်းမမျိုးတွေ့ဖို့ဆိုတာ မလွယ်ဘူးထင်တယ် အန်တီလေး"

"စကားကို အကုန်မပြောပါနဲ့ကွယ်၊ မင်းအသက် ငယ်ပါသေးတယ် ကျော်၊ တကယ်ချစ်တဲ့ မိန်းမမျိုးကို တွေ့ဦးမှာပါ"

သူသက်ပြင်းကြိတ်ချမိလိုက်၏။ ဝန်ခံရလျှင်တော့ မိန်းကလေးတွေနှင့်တွဲရတာကို သူလည်း ငြီးငွေ့လာပါပြီ။

"ကောင်းပါပြီ အန်တီလေး၊ ကျွန်တော် တကယ်ချစ်တဲ့ မိန်းကလေးတွေ့ရင် လက်ထပ်ပါ့မယ်"

သူကတိပေးလိုက်၏။

"ခုချိန်ထိ မတွေ့သေးဘူးလား ကျော်"

သူလို အစစအရာရာပြည့်စုံသော လူနားမှာ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေဝိုင်းနေတာ အန်တီလေးသိ၍ မေးခြင်း။

"ကျွန်တော့်နှလုံးသားက မိန်းမမြင်တိုင်း ရင်မခုန်တတ်တာခက်တယ်ဗျ၊ အဟွန်း"

"အင်း အင်း၊ ဒီလိုနာနာပြော မကြာခင် အန်တီလေးရေ ကျွန်တော်တကယ်ချစ်တဲ့ မိန်းမတွေ့ပြီလို့ ဖုန်းမဆက်နဲ့သိလား၊ ကျော်"

သူရယ်လိုက်၏။

"တွေ့ရင်တော့ အကောင်းဆုံးပါပဲဗျာ"

ရယ်မော၍ သူပြောလိုက်၏။ အန်တီလေးစကား တစ်နေ့မှန်လာနိုင်မလားပဲ။

"အိုကေ ဘိုင်"

"ဘိုင်"

အန်တီလေး ဖုန်းချသွား၏။ သူလည်း အလုပ်သွားဖို့ပြင်သည်။ ရေချိုး အဝတ်အစားလဲပြီး ထွက်ခဲ့၏။

ရုတ်တရက် သတိရလိုက်တာက နက်မှောင်ရှည်လျားသော ဆံနွယ်များနှင့် မိန်းကလေးတစ်ယောက်။ တစ်ချိန်က မဉီးလိုပုံစံလေးပါလားဟု တွေးမိ၏။





"မင်းအန်တီလေးဆီက ဖုန်းလား ကျော်"

"ဟုတ်ကဲ့ မာမီ၊ ကျွန်တော်ကို လက်ထပ်ဖို့ မာမီနားချနိုင်းတာ မဟုတ်လား"

သူမေးတော့ မာမီပြုံးသည်။

"မင်း ဒီအရွယ်မှာ အိမ်ထောင်မပြုရင် အသက်ကြီးလာမှ ခက်လိမ့်မယ် ကျော်"

သူပြုံးလိုက်သည်။ မာမီက သူ့အတွက် ပူနေသလောက် သူက အေးဆေးနေသည်။

"ဘာလဲ မာမီ ကျွန်တော်ကို စိတ်မချဘူးလား"

"အသေအချာပေါ့ ကျော်၊ မာမီလည်း အသက်ကြီးတော့ မြေးချီချင်ပြီကွယ့်"

မာမီပွဲသိ၏။

သေချာစဉ်းစားတော့ မာမီ့မှာ သူများတွေလို မြေးချီစရာမရှိ။ အလုပ်တွေထဲမှာပဲ အချိန်ကုန်နေရတဲ့အဖြစ်။ မာမီ့အတွက် သနားသလို ဖြစ်မိရပါ၏။

"မာမီက မြေးရလာရင် ကျွန်တော်ကို ဂရုစိုက်မှာ မဟုတ်ဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခပ်ရွဲရွဲပြောတော့ မာမီ မျက်စောင်းထိုး၏။

"မင်းကိုယ်မင်း ကလေးများမှတ်နေသလားသား၊ မင်းအရွယ် သူများတွေ မိသားစုနဲ့ဖြစ်ကုန်ပြီ၊ အသက်ကြီးမှ မာမီ မင်းကြောင့် စိတ်အေးချင်တယ်"

ဒါပေမယ့် မာမီ့ကို သူကတိမပေးနိုင်ခဲ့ပါ။ သူ့ဘဝကို သူအသိဆုံးမဟုတ်လား။

မနက်စာပြီးတာနှင့် မာမီ့ကို နှုတ်ဆက်ပြီး သူကုမ္ပဏီသို့ ထွက်ခဲ့၏။

"ဟာ ဒီလမ်းမှာ ဆူရဲ့ဖက်ရှင်ဆိုင်ရှိတာပဲ"

အချိန်ရတာကြောင့် သူစိတ်ကူးပေါက်ကာ ဆူး၏ဖက်ရှင်ဆိုင်သို့ ကားကိုဦးတည်လိုက်၏။

မိတ်ဆွေသဘောမျိုးနှင့် ခဏဝင်ကြည့်တာပါ။

ဆိုင်ရှေ့သို့ရပ်လာသော လန်ခရူဆာကားပေါ်မှ အနောက်တိုင်းဝတ်စုံဖြင့် ချောမောခန့်ညားသော အမျိုးသားတစ်ယောက် ဆင်းလာ၏။

"ကြွပါရှင်၊ ဒီနေ့ အမျိုးသားဝတ်တွေထဲက နောက်ဆုံးပေါ်ဒီဇိုင်းတွေ ရောက်ပါတယ်"





သည်လိုအထူးဧည့်သည်မျိုးကြတော့ အရောင်းမန်နေဂျာဖြစ်တဲ့ 'စိမ့်'ကိုယ်တိုင် လိုက်လံဖွာကြိုဆို၏။

"ဟင်"

ကော်ဖီရောင်ဝတ်စုံလေးဖြင့် နက်မှောင်ပျော့ပျောင်းသည့် ဆံပင်ရှည်ကြီးများကို အရင်းမှာ အဖြူနှင့် အညိုပွင့် ဆံကုပ်လေးဖြင့် စည်းထားသော မိန်းကလေးကို မမျှော်လင့်ဘဲ ဒီဆိုင်မှာ တွေ့လိုက်ရသည့်အတွက် သူ အံ့သြသွားသည်။

အဖြူရိုပ်။

ဟုတ်တယ် မနက်စောစောတစ်ခုမှာ တွေ့ခဲ့တဲ့ အဖြူရိုပ်လေးပါလား။

"အို ရှင်"

စိမ့်မှာလည်း ယခုမှ သူ့မျက်နှာကိုကြည့်မိလျက် အံ့သြဟန်လေးဖြစ်သွား၏။ သူပြုံးလိုက်ရင်း...

"ကိုယ် နက်ခ်တိုင်တစ်ခုလောက် လိုချင်တယ်"

"ရှင် ဟုတ်ကဲ့"

သည်အချိန်မှာ သူက ဆိုင်၏ဧည့်သည်မို့ သူမပြုံးကြည်သော မျက်နှာလေးဖြင့် လိုက်ပြရ၏။



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းအတွက်ဆိုရင် ဒီနက်ခ်တိုင်တွေက သင့်တော်ပါလိမ့်မယ်ရှင်"

အနီးကပ်တွေ့ရသော သူမ၏မျက်နှာလေးက ဖြူစင်နူးညံ့ကာ အသံချိုချိုအေးအေးလေးဖြင့် ဂရုတစိုက် ရှင်းပြနေတာကို သူပြုံး၍ နားထောင်နေလိုက်၏။

● ● ●



"အို့ ကိုကိုကျော်"

ယခုမှဆိုင်သို့ရောက်လာသော ဆုးသည် ရှေ့မှာ မှတ်မိနေသည့် အဖြူရောင် လန်ခရူဆာကားကို တွေ့လိုက်ကတည်းက ရင်ခုန်သွားရ၏။

ကိုကိုကျော်။

သူ့ကားပါလားဟု အသိဖြင့် ဆိုင်ထဲသို့ဝင်လိုက်သည်။

ကြည့်စမ်း ထင်တဲ့အတိုင်း သူရောက်နေတာမို့ ဆုး မျက်နှာလေး ကျေနပ်စွာပြုံးသွားရသည်။

"ဩော် ဆုး"

သူက ဆုးကို သာမန်တစ်ချက်သာ နှုတ်ဆက်၏။

"ကိုကိုကျော်ရယ် လာမယ်ဆိုရင် ဆုးကိုကြိုတင်ဖုန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်ဘူး၊ ဆူး စောင့်နေမှာပေါ့"

မည်သူကိုမျှ ဂရုမစိုက်ခဲ့သော ဆိုင်ရှင်ဆူးက တစ်ယောက် တည်းရောက်လာသော ထိုအမျိုးသားအား အထူးလိုက်လှဲဖော်ရွေ နေတာကြောင့် ဝန်ထမ်းတွေအတွက် စိတ်ဝင်စားစရာဖြစ်သွား၏

ဆူးက ပျာပျာသလဲပြောနေပေမယ့် သူက အေးဆေးတည် ငြိမ်စွာပင်

"ရပါတယ် ဆူး၊ ကိုယ် လမ်းကြုံလို့ဝင်လာတာပါ"

ထိုအပြောကြောင့် ဆူး မျက်နှာပျက်ချင်သွားပေမယ့် ထုံး အတိုင်း အပြုံးမပျက်အောင်နေ၏။

"ဘာပဲဖြစ်ဖြစ် ကိုကိုကျော် ဆူးဆီလာတာကိုပဲ ဆူး ဝမ်းသာလှပြီသိလား"

သူက ဘာမှမပြောဘဲ စိမ့်ထံကြည့်ကာ...

"စောစောက နက်ခ်တိုင်အကြောင်း ပြောပါဦး"

"ရှင်၊ ဟုတ်ကဲ့"

ရုတ်တရက် ဆူးရောက်လာကာ ငြေသည်ကို နှုတ်ဆက် နေတာကြောင့် စိမ့် လုပ်ငန်းရပ်ထားလိုက်ရ၏။

ငြေသည်က ပြန်လည်တောင်းဆိုတာကြောင့် စိမ့် ရှင်းပြ





မည်ပြုစဉ်

"ရတယ် စိမ့်၊ မင်းလုပ်စရာရှိတာသွားလုပ်တော့၊ ကိုကို ကျော်အတွက် နက်ခ်တိုင်ကို ငါပဲ ရွေးပေးလိုက်မယ်"

ဆူးက မျက်နှာတည်တည်ဖြင့် စိမ့်ကို နှင်ထုတ်လိုက်၏။ သည်တော့လည်း စိမ့် သွားရုံပေါ့။

"ဟုတ်ကဲ့ သူဌေး"

စိမ့် ထွက်သွားမည်ပြုတော့...

"ခဏနေပါဦး"

လှမ်းတားလိုက်တာက ကျော်အေးသာ။ စိမ့် ခြေလှမ်းလေး ရပ်သွားသည်။

"ကိုယ့်အတွက် အလုပ်ရှုပ်မခံပါနဲ့ ဆူး၊ ဒီက ဝန်ထမ်းနဲ့ ကိုယ့်ကိုထားခဲ့ပါ"

သူတည်ငြိမ်စွာပင် ဆူးကိုပြောလိုက်၏။ ဆူးမျက်နှာပျက် သွားသည်။

"ဘယ်လိုပြောလိုက်တာလဲ ကိုကိုကျော်၊ ကိုကိုကျော် ရောက်လာတုန်း ဆူး ဂရုစိုက်ရမှာပေါ့၊ သွားတော့ စိမ့်"

ဆိုင်ရှင်နှင့်ငြေသည်ကြားမှာ စိမ့်က ဘယ်သူ့စကားနား



www.burmeseclassic.com

www.burmeseclassic.com



သောင်ရမှန်းမသိ။ ဆူးက မကြိုက်သော မျက်လုံးများဖြ

လှမ်းကြည့်မှ စိမ့် သက်ပြင်းကြိတ်ချ၍ ထွက်ခဲ့၏။

ကျော်ဇေသာ ပခုံးတွန့်ကျန်ခဲ့သည်။ ဆူး၏ဒီလို တစ္

ထိုးပုံစံက သူ့အတွက်ရိုးနေပြီ။

"ကဲ ဒီနေ့တော့ ဆိုင်ကို ရောက်အောင်ဝင်တာပါ၊ ကို

သွားတော့မယ်"

"အို ပြန်တော့မလို့လား ကိုကိုကျော်၊ ဆူး ကိုကိုကျေ

အတွက် လက်ဆောင်ပေးလိုက်ပါရစေဦး"

ဆူးက ဖျာဖျာသလဲပြောသည်။ သူ ခေါင်းခါယမ်းလို

၏။

"ဒီဆိုင်ထဲကပစ္စည်းတွေက ရောင်းဖို့မဟုတ်လား

ကိုယ်လိုချင်ရင်ဝယ်မှာပါ ဟုတ်လား"

"ကိုကိုကျော်"

သို့သော် သူက ခပ်မတ်မတ်ခြေလှမ်းများဖြင့် ကာ

ထွက်သွားသည်။ ဆူး နောက်မှလိုက်သွား၏။

"ဒီနေ့လာတဲ့အတွက်၊ ဆူး ကျေးဇူးတင်ပါတယ် ကို

ကျော်"





ဟန်ဆောင်အပြုံးဖြင့် ဆူးနှုတ်ဆက်သည်။

"မလိုပါဘူး ဆူး၊ ကိုယ် ဒီကိုမကြာခဏရောက်မှာပါ"

"အို လာခဲ့ပါ ကိုကိုကျော်၊ ဖုန်းသာကြိုဆက်လိုက်ပါ၊

ူး စောင့်နေပါ့မယ်"

"အပျွန်း ကိုယ့်အတွက် အလုပ်ပျက်မခံပါနဲ့ဗျာ၊ ကဲ

ိုင်"

ပြောပြီး သူ့ကားကို ဝေါခနဲမောင်းထွက်ခဲ့၏။ သူ့မျက်ဝန်း

ဲမှာ အံဖြူရိပ်လေးပါလာသည်။

အပျွန်း ဒီမနက်ပဲ သူလေးကို သတိရနေတာ။ ယခုတော့

ည်း တိုက်တိုက်ဆိုင်ဆိုင်ပါလား။

"ဆိုင်ကို မကြာခဏရောက်မှာပါ"

ဟု သူက ကိုယ့်အဓိပ္ပါယ်နှင့်ကိုယ် ဆူးအားပြောခဲ့ခြင်းပါ။

ိုင်မှာ အဖြူရိပ်လေးရှိနေတာ မဟုတ်လား။

ကျော်ဇေသာထွက်သွားသည်နှင့် ဆူးမျက်နှာထားတင်း

င်းဖြင့် ဆိုင်ထဲပြန်ဝင်လာ၏။

"စိမ့် အပေါ်လိုက်ခဲ့ဦး"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆူးက ခေါ်တာကြောင့် စိမ့်လိုက်သွားရသည်။ ဝန်ထမ်း
တွေက သူတို့နှစ်ယောက်ကို ကြည့်ကျန်ခဲ့၏။

"စောစောကလူက ချောလိုက်တာနော်"

"ချောတာမဟုတ်ဘူး ယောကျ်ားပီသ ခန့်ညားတာ"

"လူကလည်း တကယ့်ဘော့စ်ပဲ၊ စီးလာတဲ့ကားက အပ
စား၊ ဝတ်ထားတဲ့ စိန်လက်စွပ်ကြီးကလည်း အရောင်တစ်ဖျပ်ဖျပ်နဲ့"

မိန်းကလေးတွေဆိုတော့ ကျော်ဇောသာ၏ပုံစံက သူတို့
အတွက် အထင်ကြီးလေးစားစရာ။

"နင်တို့စိတ်နဲ့တောင် မပစ်မှားနဲ့နော်၊ အဲဒါ ဘော့စ်ရဲ့
လူဖြစ်မယ်"

"ဟုတ်တယ် ဟုတ်တယ်၊ တစ်သက်လုံး ဘယ်သူ့ကိုမှ
ဂရုမစိုက်ခဲ့တဲ့ တို့သူဌေးက အဲ့ဒီလူကြတော့ ဖျာယာကိုခတ်နေတာပဲ
နော်"

"ရှူး တိုးတိုး၊ ကြားသွားလို့ အပေါက်ခံနေရဦးမယ်"

မျက်နှာထားတင်းသော ဆူးကို ကြောက်ကြရသည်မို့
တစ်ဦးနှင့်တစ်ဦး သတိပေး၏။

ထိုအချိန် ဆူး၏ရုံးခန်းထဲတွင်





"ကိုကိုကျော် ဘယ်အချိန်တုန်းက ရောက်တာလဲ"

"ရှင်"

ဆူး၏ရုတ်တရက်အမေးကြောင့် စိမ့် နားမလည်ဖြစ်သွား
သည်။ ဆူးက စိမ့်ကို ခပ်စူးစူးကြည့်ကာ

"စောစောက ဧည့်သည်ကိုပြောတာ"

"သြော် သူဌေးမရောက်လာခင်လေးပါ"

အမှန်အတိုင်း စိမ့်ဖြေလိုက်၏။

"သူ ငါ့ကို မေးသေးလား"

"ဟင့်အင်း"

စိမ့် ခေါင်းခါယမ်းရင်း ဖြေတာကိုပဲ ဆူးအတွက် ခံပြင်း
လိုဖြစ်ရ၏။ အမှန်တော့ ကျော်ဇောသာက ဆူးကို အမှတ်တရ
စေချင်တာပါ။

"အေး သူက ငါ့ရဲ့ရင်းနှီးတဲ့ မိတ်ဆွေပဲ"

"ဟုတ်ကဲ့ ကျွန်မတို့ ဂရုစိုက်ပါ့မယ် သူဌေး"

စိမ့်၏ထိုအပြောကြောင့် ဆူး မျက်ခုံးလေးတွန့်ခနဲဖြစ်သွား
သည်။

"အဲဒါကို ပြောနေတာ မဟုတ်ဘူး၊ သူလာရင် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဖို့ မင်းကို သတိပေးနေတာ စိမ့်"

"ရှင် ဟုတ်ကဲ့"

ဆူးက ပိုင်ရှင်ဆိုပေမယ့် များသောအားဖြင့် ဆိုင်မှာအမြဲ ရှိနေတာမဟုတ်ပေ။

"အေး သွားတော့"

သို့သော် စိမ့်က မသွားသေးဘဲ ဆက်ရပ်နေသည်။

"ကျွန်မတစ်ခုမေးပါရစေ သူဌေး"

"ဘာလဲ"

စိတ်မရှည်ဟန်ဖြင့် ဆူးက စိမ့်ကိုလှမ်းကြည့်၏။ သည်နေ့ ကိုကိုကျော်၏ အပြုအမူက ဆူးရင်ထဲ အနှောင့်အယှက်ဖြစ်စေ တာ် ငြင်းမရ။

"တကယ်လို့ သူဌေးမရှိတဲ့အခါ စောစောကစည့်သည် လာရင်ကော"

ဆူး နှုတ်ခမ်းလေး တင်းတင်းစေ့သွားပြီးမှ

"ငါ မရှိရင်လည်း မင်းက ဒီဆိုင်ရဲ့ အရောင်းမန်နေဂျာ ပဲ၊ သူ့ကို ကောင်းကောင်းဂရုစိုက် ဧည့်ခံပါ စိမ့်"

"ကျွန်မ သိပါပြီ သူဌေး ခွင့်ပြုပါဦး"





စိမ့် နှုတ်ဆက်ပြီးထွက်သွားသည်။ ဆူးတစ်ယောက်တည်း ဘာကို စိတ်ဆိုးရမှန်းမသိဘဲ ရုံးခန်းထဲ ဟိုဒီလမ်းလျှောက်နေမိ၏။

ဆူးစဉ်းစားနေတာက ကျော်ဇောသာဆိုတဲ့ လူအကြောင်း လေ။

* * *



www.burmeseclassic.com

www.burmeseclassic.com

စိမ့်တဲ့။

သူလေးနာမည်ကို မထင်မှတ်ပဲ သူသိလိုက်ရတဲ့အဖြစ်။ တကယ်ပဲ မျက်နှာလေးက မြင်တဲ့လူရင်ထဲ စိမ့်ခနဲ ဖြစ်သွားအောင် အေးမြစေ၏။

မထင်မှတ်ဘဲ အနီးကပ်တွေ့ခဲ့ရသော သူမမျက်နှာလေးမှာ နူးညံ့သိမ်မွေ့သလောက် မျက်တောင်ကော့များ ဝန်းရံထားသည့် လှပသော မျက်ဝန်းအစုံက ဖြူစင်ကြည်လင်လွန်းလှ၏။

အဟွန်း မင်းဆီကို ကိုယ်မကြာခဏ ရောက်ဖြစ်တော့မယ်ထင်ပါရဲ့ စိမ့်ရယ်။ တကယ်ပဲ တစ်ပတ်အတွင်းမှာ သူ ထိုဆိုင်သို့ ရောက်သွားပြန်သည်။

"မစိမ့် ဟိုမှာ သူဌေးရဲ့ အထူးဧည့်သည်"





စာရင်းစစ်နေသော စိမ့်မှာ အေးမာလာပြောတာကြောင့် ဖျတ်ခနဲကြည့်မိသည်။

"အို သူပါလား"

အေးမာအပါအဝင် ဝန်ထမ်းမိန်းကလေးများကလည်း သူ့ကို လှမ်းကြည့်၏။ စိမ့်က အားလုံးကို သတိပေးလိုက်သည်။

"အားလုံး ကိုယ့်အလုပ်ကိုယ်လုပ်ကြပါ"

ထို့နောက် စိမ့်ကိုယ်တိုင် သူ့ကို ကြိုလိုက်၏။

"ကြွပါရှင်"

"အဟွန်း ဟိုတစ်ခေါက်က ကိုယ် နက်ခ်တိုင်မဝယ်ဖြစ်လိုက်ဘူး"

"ဟုတ်ကဲ့"

သူရောက်လာတာ နေ့လယ်မို့ ဆူးမရှိပါ။ အပြင်သွားနေတာကြောင့် စိမ့်ကပဲ သူ့ကို ဂရုတစိုက် ရှင်းပြသည်။

"ကျွန်မတို့သူဌေးလည်း စောစောကပဲ အပြင်ထွက်သွားပါတယ်ရှင်"

ဆူးမရှိကြောင်း စိမ့်ပြောလိုက်ခြင်းပါ။ သူ ပခုံးတွန့်ကာ

"ကိုယ် သူ့ဆီလာတာ မဟုတ်ပါဘူး စိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

သူ့နှုတ်ဖျားမှ 'စိမ့်'နာမည် ခေါ်လိုက်တာကြောင့် ရုတ်တရက် အံ့သြသွားစဉ်

"အဟွန်း ဟိုတစ်ခါ မင်းနာမည်ကို ဆူးခေါ်လိုက်သံကြားလို့ပါ"

"သြော် ဟုတ်ကဲ့"

"ကိုယ့်နာမည်ကော မင်းသိလား စိမ့်"

"ရှင်...ဟင့်အင်း"

စိမ့်ခေါင်းခါယမ်းတော့ သူပြုံး၏။ သူက အဝတ်အစားတွေ လိုက်ကြည့်နေတာကြောင့် စိမ့် အနားမှာရှိနေသည်။

"ကိုယ့်နာမည် ကျော်ဇေသာ"

"ဟုတ်ကဲ့"

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်နေတာ မဟုတ်ပေမယ့် သူ ကိုယ့်ဆိုင်လာသော ဧည့်သည်မို့ စိမ့် အလိုက်သင့် ခေါင်းညိတ်ရ၏။

"ကိုယ့်အတွက် နက်ခ်တိုင်တစ်ခုလောက် မင်းရွေးပေးမလား စိမ့်"





စိမ့်ဘက်ကြည့်ကာ သူပြောသည်။ ဧည့်သည်က တောင်းဆိုလာတာကြောင့် စိမ့် ခေါင်းညိတ်လိုက်၏။

"လူကြီးမင်းအတွက် ကျွန်မ ရွေးပေးပါ့မယ်ရှင်"

ပြောရင်း စိမ့်က မကြာသေးခင်ကမှရောက်လာသော အညိုပျော့ပေါ်မှာ အဖြူကြယ်ပွင့်လေးတွေပါသည့် နက်ခ်တိုင်လေးကို ရွေးပေးလိုက်၏။

"ဒီနက်ခ်တိုင်လေးက ရောက်တာမကြာသေးသလို လူကြီးမင်းနဲ့လည်း အဆင်ပြေမယ်လို့ ထင်ပါတယ်"

သူယူကြည့်သည်။ ထို့နောက် ခေါင်းညိတ်၏။

"ကိုယ် ဒါကို စည်းကြည့်လို့ရမလား"

"အို ရပါတယ်ရှင်၊ ဒီမှာ မှန်အသင့်ပါ"

ကိုယ်လုံးပေါ်မှန်ရှေ့ သူရပ်လိုက်၏။ စိမ့်က သူ့နားရပ်နေတာကြောင့် မှန်ထဲမှာ နှစ်ယောက်အရိပ်ပေါ်နေသည်။

သူက ဒီနေ့အသားရောင် ရှပ်အင်္ကျီလက်ရှည်ကို သဏ္ဌာလပ်ပျော့ အညိုဖျော့ရောင်ဘောင်းဘီရှည်နှင့် တွဲဝတ်ထားသလို စိမ့်ကလည်း ကော်ဖီရောင် ယူနီဖောင်းလေးနှင့် ဝတ်စုံဆင်တူလိုဖြစ်ကာ နှစ်ယောက်သား လိုက်ဖက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က နက်ခ်တိုင်စည်းတာ မကျွမ်းကျင်ဘူးကွ"

"ကျွန်မ စည်းပေးပါ့မယ်"

သည်ဆိုင်မှာ အနောက်တိုင်းဝတ် အမျိုးသားဝတ်စုံများ တင်ထားကတည်းက ဆိုင်ရှိ ဝန်ထမ်းအားလုံး နက်ခ်တိုင်စည်းနည်းကို ကျွမ်းကျင်အောင် ကျင့်ထားရပါ၏။

စိမ့်က သူ့ရှေ့မှာရပ်လျက် နက်ခ်တိုင်ကို ကျွမ်းကျင်စွာ စည်းပေးမိသည်။ သွယ်လျဖြူနုပြည့်တင်းပျော့ပျောင်းသော သူမ လက်ချောင်းလေးများက လှုလေးလိုပဲလှုပ်နေတာ သူသတိပြုမိလိုက်၏။

"အဆင်ပြေရဲ့လားဆိုတာ ကြည့်ပါဦး လူကြီးမင်း"

နက်ခ်တိုင်စည်းပြီးချိန်မှာ စိမ့်က ပြောသည်။ သူမှန်ထဲကြည့်လိုက်၏။

"အိုကေ မင်းက နက်ခ်တိုင် ကောင်းကောင်းစည်းတတ်တာပဲ စိမ့်"

"ဒါ ကျွန်မတို့အလုပ်ဆိုတော့ လေ့ကျင့်ထားရပါတယ်ရှင်"

ရှိုးသားစွာ စိမ့်ပြောလိုက်သည်။ သူပြုံးကာ





"ကိုယ် ဒါလေးပဲ ယူလိုက်မယ် စိမ့်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်"

အပြုံးလေးဖြင့် စိမ့်ပြောမိ၏။ ကိုယ့်ဆိုင်ကပစ္စည်းတစ်ခု အရောင်းထွက်တာ စိမ့်အနေနဲ့ ဝမ်းသာစရာမဟုတ်လား။

"အမျိုးသားဝတ် ဝတ်စုံတွေကော ကြည့်ဦးမလားရှင်"

"အဟွန်း နောက်တစ်ခေါက်ပေါ့ စိမ့်၊ ကဲ ကိုယ်ငွေရှင်းမယ်"

သည်မှာ စိမ့် အခက်တွေ့သွား၏။ ဦးကျော်ဇောသာက ဆုံး၏ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေဆိုတော့ ပိုက်ဆံလက်ခံသင့် မခံသင့်ဆိုတာ

"ကိုယ် ကက်ရှာမှာရှင်းရမှာလား စိမ့်"

"ရှင် ဟုတ်ကဲ့"

စိမ့်က သူ့ကို ကက်ရှာတွင် ငွေရှင်းစေ၏။ သူ့ဖေ့မိတ်ဆွေဆိုပေမယ့် သူက ပစ္စည်းလာဝယ်တာကြောင့် ငွေလက်ခံရမှာ စိမ့်တာဝန်ဖြစ်သည်။

"နောက်လည်း မကြာခဏ လာပေးပါနော်"

"အဟွန်း ကောင်းပါပြီဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူက နက်ခ်တိုင်ကိုမဖြုတ်ဘဲ စည်းသွား၏။ သူ့ဆိုင်မှ အထွက်ထိ စိမ့်က လိုက်ပို့ပေးသည်။

အတော်တာဝန်ကျေသော မိန်းကလေးပဲ။ တကယ်တော့ ဆူးမှာထားတာကြောင့် စိမ့်က ကိုယ့်အလုပ်ကိုယ်လုပ်ခြင်း။

"သွားပြီ"

သူက စိမ့်ကို နှုတ်ဆက်ပြီး ကားမောင်းထွက်ခဲ့၏။ ကားမောင်းရင်း မကြာခဏ စိမ့်စည်းပေးလိုက်သော နက်ခ်တိုင်ကို ငုံ့ကြည့်မိရသည်။

မှန်တာပြောရလျှင် သူ့ဘဝမှာ မိန်းမတစ်ယောက်၏နက်ခ်တိုင်စည်းပေးခြင်းကို ဒါပထမဆုံးအကြိမ် ခံယူဖူးခြင်း။

စိမ့်က အနီးကပ် နက်ခ်တိုင် စည်းပေးနေစဉ် သူ့စိတ်ထဲ ရုတ်တရက်ပေါ်ပေါက်လာတာက

"စိမ့်က သူ့ကို ဒီလိုမျိုး တစ်သက်လုံး စည်းပေးလျှင် ဘယ်လောက်ကောင်းမလဲ" ဟူ၍ပင်။

မာမီက လက်ထပ်ဖို့ပြောတဲ့အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် သူလာတွေ့တာ စိမ့်ဖြစ်နေ၏။

ဟုတ်တယ် သူ့ဘဝမှာ စိမ့်လို နူးညံ့သိမ်မွေ့တဲ့ မိန်းကလေး





တစ်ယောက် လိုနေတာပါလား။

လက်ရှိသူနားကပ်နေသော မိန်းကလေးတွေသည် သူ့ကိုထက် သူ၏ပိုင်ဆိုင်မှုများအပေါ် မက်မောစိတ်ဖြင့် မျက်လုံးတွေထဲမှာ ရွှမ်းမီးတွေဖြင့် ဝင်းတောက်နေတတ်သည်။

စိမ့်ကတော့...။

"ဘာ ဆိုင်ကို ကိုကိုကျော်လာသွားတယ် ဟုတ်လား၊ စိမ့်"

ဦးကျော်ဇေယျာသာထွက်သွားပြီး မကြာမီ ဆူးပြန်ရောက်လာ၏။

စိမ့်က တာဝန်အရ ဦးကျော်ဇေယျာသာလာသွားကြောင်း ဆူးထံ သတင်းပို့သည်။

"ဟုတ်ကဲ့ ပြန်သွားတာ မကြာသေးပါဘူး သူဌေး၊ ကျွန်မလည်း သူဌေးမှာတဲ့အတိုင်း သူဌေးမရှိလို့ သူ့ကို ဂရုတစိုက် ဧည့်ခံပေးပါတယ်"

ဆူးမှာ ကျော်ဇေယျာသာလာတာနှင့် လွဲသွားတာကြောင့် စိတ်ထဲ အလိုမကျဖြစ်နေ၏။ စိမ့်ကို မျက်နှာတည်တည်ဖြင့်ကြည့်သာ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို ကိုကိုကျော်လာတာ မင်း ငါ့ကို ဖုန်းဆက်ပြီး ပြောသင့်တယ် စိမ့်"

"ရှင်"

ဦးကျော်ဇောသာဟာ ဆူးအတွက် ဒီလောက်အရေးကြီးသော လူတစ်ယောက်ဟု စိမ့်မသိပါ။

"ဟုတ်ကဲ့ နောက်တစ်ခါ သူဌေးပြောသလို ကျွန်မ သတင်းပို့ပါမယ်၊ ကျွန်မကို ခွင့်ပြုပါဦး"

စိမ့်ပြောပြီး ရုံးခန်းထဲက ထွက်ခဲ့လိုက်သည်။ သို့သော်

"နေဦး"

နောက်မှ ဆူး၏ဟန့်တားသံကြောင့် စိမ့် ခြေလှမ်းတန့်သွားသည်။

"သူ ဘာလာလုပ်တာလဲ စိမ့်"

"နက်ခ်တိုင်လာဝယ်တာပါ သူဌေး"

ဆူးနှင့်မျက်နှာချင်းဆိုင်ရင်း စိမ့်ဖြေ၏။

"ဘာ နက်ခ်တိုင်လာဝယ်တယ် ဟုတ်လား၊ သူဝယ်သွားလား"

"ဟုတ်ကဲ့"





"နက်ခ်တိုင်ကို သူကိုယ်တိုင်ရွေးတာလား စိမ့်"

သည်လိုအချိန်မျိုး ဆူးမရှိလိုက်ရတဲ့အတွက် အထူးအခွင့်အရေးတစ်ရပ် ဆုံးရှုံးလိုက်သလို ခံစားမိ၏။

"မဟုတ်ပါဘူး၊ သူက အဆင်ပြေတာကြည့်ပေးပါဆိုလို့ ကျွန်မရွေးပေးလိုက်တာပါ သူဌေး"

"ဟင် မင်း ရွေးပေးတာကို သူယူသွားတာလား စိမ့်"

"ဟုတ်ကဲ့"

စိမ့်မှာ ဆူးမေးတာဖြေရင်း စိတ်ညစ်လာ၏။ ဆိုင်ဖွင့်ထား…ဈေးလာဝယ်တာ ဒီလောက်ဆန်းကြယ်နေသလားဟု စိမ့်မှ …တ်ရှုပ်ထွေးစွာ တွေးမိသလို

ဆူးမှာလည်း ပထမတစ်ခေါက် ကိုကိုကျော်လာစဉ် ဆူး…ယ်တိုင်ရွေးပေးသော နက်ခ်တိုင်ကို သူငြင်းပယ်ခဲ့တာ ပြန်စဉ်း…ချက် တစ်စုံတစ်ရာအပေါ် မကျေလည်နိုင်ပေ။

"နက်ခ်တိုင်ဖိုး မင်း ပိုက်ဆံလက်ခံလိုက်တယ်ပေါ့ စိမ့်"

မျက်မှောင်တွန့်ကာ ဆူးမေး၏။ စိမ့်က တည်ငြိမ်သော …နှာဖြင့်

"ဒါက ကျွန်မတာဝန်လို့ ထင်ပါတယ်၊ သူက ဆိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းစည်းလာဝယ်သလို၊ ကျွန်မတို့ကလည်း အရောင်းဝန်ထမ်းအနေနဲ့ ဝယ်တဲ့ပန်းစည်းတန်ဖိုးကို လက်ခံလိုက်တာပါ သူဌေး''

စိမ့်က အတတ်နိုင်ဆုံး စိတ်ရှည်စွာ ရှင်းပြလိုက်၏။ ဒါကိုပဲ ဆူး မျက်နှာတင်းခနဲဖြစ်ကာ

''နေပါဦး ဒါမင်းက ငါ့ကို ပြန်ပြောနေတာလား စိမ့်''

''ရှင် သူဌေးဘာကို ဆိုလိုတယ်ဆိုတာ ကျွန်မနားမလည် ပါဘူး၊ ကျွန်မက ကိုယ့်အလုပ်ကိုယ်လုပ်တဲ့အကြောင်း တင်ပြတာ ပါသူဌေး''

ထိုအခိုက်အတန့်မှာ စိမ့်နှင့်ဆူးတို့ နှစ်ယောက်သား မျက်လုံးချင်းဆုံသည်။

''ကိုကိုကျော်ဟာ ဘယ်သူလဲဆိုတာ မင်းသိရဲ့လားဟ စိမ့်၊ အဲဒါ ငါနဲ့ လက်ထပ်မယ့်သတို့သားလောင်းပဲ''

ဆူးအပြောကြောင့် စိမ့် ရုတ်တရက် အံ့သြပေမယ့် ဦးကျော်ဇေယျာနှင့် ပတ်သက်လျှင် ဒါကြောင့် ဆူးတစ်ယောက် ကဲကဲလှုပ်ဖြစ်နေတာကိုးဟု စိမ့်နားလည်လိုက်၏။

''ဟုတ်ကဲ့ ကျွန်မမှတ်ထားပါ့မယ် သူဌေး၊ နောက်တစ်ခါ ဦးကျော်ဇေယျာလာရင် ပိုက်ဆံမယူဖို့''





''ဘာ မင်းက ကိုကိုကျော်ကို ဘယ်လိုခေါ်လိုက်တာလဲ စိမ့်၊ ဦးကျော်ဇေယျာ ဟုတ်လား၊ အဟင်း မင်းက အတော် ခြေသွက်ပါလား စိမ့်၊ ကိုကိုကျော်နာမည်တောင် မင်းကမေးထား လိုက်ပြီကိုး''

ဆူး၏အပြောကြောင့် စိမ့် မျက်နှာလေး ရဲခနဲဖြစ်သွား သည်။

''ကျွန်မကို ဒီလိုမစွပ်စွဲပါနဲ့ သူဌေး၊ ဦးကျော်ဇေယျာက ရှင် သူ့နာမည်ပြောပြလို့ပါ''

''ဘာ ကိုကိုကျော်က ပြောပြတယ်ဟုတ်လား စိမ့်၊ ငါ တော့ နားမလည်တော့ဘူး၊ မင်းလိုအရောင်းဝန်ထမ်း မိန်းကလေးကို ဘာကြောင့် ကိုကိုကျော်က သူ့နာမည် ပြောပြလဲဆိုတာ''

အရောင်ရင့်ရင့်ဆိုးထားသော နှုတ်ခမ်းကို ခပ်မဲ့မဲ့ပြုံးလျက် တစ်ကိုယ်လုံးအား ဖောက်ထွင်းမတတ်ကြည့်ကာ ဆူးပြောသည်။

ဆူး၏စကားက စိမ့်ကို နှိမ်လိုက်တာဟု သိပေမယ့် ထူး မျက်နှာထောက်၍ သည်းခံဖို့ ဆုံးဖြတ်လိုက်၏။

ထို့ကြောင့်

''ကျွန်မကို ခွင့်ပြုပါဦး''



www.burmeseclassic.com

www.burmeseclassic.com



ရုံးခန်းထဲမှ စိမ့်ထွက်ခဲ့လိုက်သည်။ အပြင်ရောက်မှ ဓ
ကောင်းလေသနည့်ကို စိမ့် တစ်ဝရှုရှိုက်မိရ၏။

"စိမ့်"

"ဟင် ထူး"

ထူးက စိမ့်ကို မျက်နှာမကောင်းစွာကြည့်သည်။

"နှင်နဲ့မမတို့ ပြောတဲ့စကားအားလုံး ငါကြားပြီးပါပြီ စိမ့်"

"ဟင် နှင် အစောကြီးကတည်းက ရောက်နေတာ
ထူး"

"အင်း"

ထူး ခပ်လေးလေးခေါင်းညိတ်၏။ စိမ့် သက်ပြင်းေ
ချသည်။

"ဒီကိစ္စမှာ ငါလွန်တယ်လို့ နှင်ထင်သလား ထူး"

"ဟင့်အင်း နှင် လုံးဝမလွန်ပါဘူး စိမ့်၊ နှင်က ကို
အလုပ် ကိုယ်လုပ်တာပါ၊ လွန်တာက မမပဲ စိမ့်"

ကိစ္စအားလုံး အစမှအဆုံး ထူးကြားခဲ့တာမို့ အစ်မဖြ
တစ်ဖက်သတ်လွန်နေပြီဟု ထူးသိ၏။

"မမအတွက် နှင့်ကို ငါတောင်းပန်ပါတယ် စိမ့်"





"အဟင်း သူ့ငွေးအတွက် နှင်က ဘာကြောင့်တောင်းပန်ရမှာလဲ ထူး၊ ငါ့စိတ်ထဲ ဘာမှမရှိပါဘူးဟာ၊ ကဲ ငါ အောက်ဆင်းတော့မယ် ထူး"

ထူးက စိမ့်ကို ရပ်ကြည့်ကျန်ခဲ့သည်။ အလုပ်ခွင်မှာ စိမ့် ဘယ်လိုစေတနာထား ကြိုးစားတယ်ဆိုတာ ထူးအသိဆုံးပါ။

ဆူး ရုံးခန်းထဲသို့ ထူးတံခါးဖွင့်ဝင်လိုက်၏။

"သြော် ထူး နှင်လာတာနဲ့အတော်ပဲ၊ ငါအခုပဲ အပြင်သွားမလို့"

"ဒီမှာ မမ၊ မမ စိမ့်အပေါ်ပြောတာတွေ မလွန်လွန်းဘူးလားဟင်၊ ကိုကိုကျော်နဲ့ပတ်သက်ပြီး မမ ဘာကြောင့် ဒီလိုအမြဲတမ်း ကဲကဲဆတ် ဖြစ်နေရတာလဲ"

စိမ့်ဘက်မှ မခံနိုင်၍ ထူး အစ်မဖြစ်သူကို အပြစ်တင်မိ၏။

ဆူးမျက်နှာ တင်းမာသွားလျက်

"ဘာလဲ စိမ့်ကနှင့်ကို တိုင်လိုက်တာလား ထူး"

"မမ ဘာကြောင့် စိမ့်ကို သံသယဖြစ်နေတာလဲ၊ စိမ့်က မမထင်သလို မိန်းကလေးမဟုတ်ဘူး"

ဆူးနှုတ်ခမ်း မဲ့ခနဲဖြစ်သွားသည်။ ထို့နောက် ထူးကိုစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ

"နေပါဦး နင် စိမ့်ကို ကြိုက်နေတာလား ထူး"

"ဟင်"

မထင်မှတ်သော ဆူး၏အမေးကြောင့် ရုတ်တရက် ထူး ဘာပြောရမှန်းမသိဖြစ်စဉ် ဆူးက ပြုံးမဲ့မဲ့ဖြင့်

"စိမ့်ကို ကြိုက်နေတယ်ဆိုရင်လည်း အမြန်ဖွင့်ပြောလိုက်တော့ ထူး၊ ငါ နင်နဲ့ စိမ့်ကို သဘောတူတယ်"

သဘောကောင်းစွာ ဆူးက ဆိုနေ၏။ ထူးအံ့ဩကာ

"မမ တကယ်ပြောတာလား"

"အဟင်း တကယ်ပေါ့ထူး၊ နင့်အတွက် စိမ့်က မဆိုးပါဘူး"

ထူးနှင့်စိမ့် ပြေလည်သွားလျှင် ဆူးအတွက် အနှောင့်အယှက်တစ်ခု ကင်းတယ်ဟု အောက်မေ့လျက် တိုက်တွန်းစကားပြောခြင်းပါ။

"ဒါက ထားပါဦး၊ စောစောက ကိုကိုကျော်နဲ့ပတ်သက်ပြီး စိမ့်ကို မမ ပြောလိုက်ပုံက"

"လူဆိုတာ ကိုယ့်နေရာကိုယ်သိဖို့ ငါသတိပေးလိုက်တာ





ပဲ ထူး"

ဆူးစကားကြောင့် ထူး ခေါင်းခါယမ်း၏။

"ကိုကိုကျော်က မမရဲ့ခင်ပွန်းလောင်းဟုတ်လား အဟက် မမက ခုထိ အခြေအနေကို မသိတာလား၊ ဒါမှမဟုတ် တမင်မသိချင်ယောင်ဆောင်နေတာလားဟင်၊ ကိုကိုကျော်က မမကို ဒီဆိုင်ကြီး လုပ်ပေးလိုက်တာ ဘယ်လိုသဘောနဲ့ဆိုတာ သဘောမပေါက်ဘူးလား"

အစစအရာရာ လည်နပ်အကင်းပါးသော 'မဆူး' လိုမိန်းမတစ်ယောက်က ဒီနေရာမှာ ဘာကြောင့် 'အ'နေတာလဲ မောင်တစ်ယောက်အနေဖြင့် ထူး ကရုဏာဒေါသဖြစ်မိ၏။

ဆူး မျက်နှာပျက်ကာ

"မင်း မင်း ဘာကိုဆိုလိုတာလဲ ထူး"

"မမ သိပါတယ်၊ ကိုကိုကျော်က မမကို လက်မထပ်နိုင်လို့ ဒီဆိုင်ကို လျော်ကြေးအဖြစ် ပေးလိုက်တယ်ဆိုတာ"

"ဘာ ဘာ ဟင့်အင်း၊ မဟုတ်ဘူး၊ ကိုကိုကျော်က ငါ့ကို လက်ထပ်မှာ ထူး"

ကိုယ့်ကိုကိုယ် ယုံကြည်ဟန်ဖြင့် ပြောလိုက်သည့်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆူး အားယူဖို့ မတတ်သာသလို မတ်မတ်ရပ်နေသော ခြေထောက်ကို ယိုင်ခနဲဖြစ်တာကြောင့် အနီးရှိထိုင်ခုံမှာ အားအင်ကုန်ခမ်းသလို ဝင်ထိုင်လိုက်၏။

ထူးက အစ်မဖြစ်သူကို စိတ်ပျက်သလိုကြည့်ပြီး အခန်းထဲမှ ထွက်ခဲ့လေသည်။

* * *

"သူဌေး ဧည့်သည်ရောက်နေပါတယ် ခင်ဗျာ"

ရုံးခန်းထဲသို့ သူဝင်မည်ပြုစဉ် အတွင်းရေးမှူးက လာပြော၏။ သူ့ခွင့်ပြုချက်မရဘဲ ရုံးခန်းထဲဝင်ရောက်နေသော ဧည့်သည်ဆိုတာကြောင့် မျက်မှောင်တစ်ချက်တွန့်သွားလျက်

"ဘယ်သူလဲ"

"အမျိုးသမီး တစ်ယောက်ပါ သူဌေး"

ဘယ်သူလဲဟု သူတွေးရင်း တံခါးဖွင့်ဝင်လိုက်၏။

"ကိုကိုကျော်"

"ဟင် ဆူး"

ရွှေညိုရောင် ဆံပင်များနှင့် ဆူးသည် ခေတ်မီစွာလှပနေပါ၏။ သူ့ကိုမြင်တာနှင့် နေရာမှထလာကာ နှုတ်ဆက်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် သူ့မျက်နှာတည်သွား၏။

"ကိုကိုကျော် ရုံးခန်းက အရင်အတိုင်းပဲနော်"

အပြုံးဖြင့်ပြောလာသော 'ဆုး'ကို သူတစ်ချက်ကြည့်လိုက်၏။

"ဒီကို မင်း ဘာကိစ္စနဲ့လဲ ဆုး"

"ဘယ်လိုမေးလိုက်တာလဲ ကိုကိုကျော်၊ ဆုးက ကိုကိုကျော်ဆီ ကိစ္စရှိမှလာရမယ့်လူလားဟင်"

ညှို့မျက်ဝန်းများဖြင့် သူ့ကိုကြည့်ကာ ဆုး အပြောကြောင့် ခေါင်းခါယမ်းလိုက်၏။

"မင်းမှာ ဆိုင်နဲ့မဟုတ်လား ဆုး"

"ဆုး သိပါတယ်၊ နေ့လယ်က ကိုကိုကျော် ဆိုင်ကို လာသွားတယ်ဆို"

ဆုးမေးရင်း သူ့လည်တိုင်ကို လှမ်းကြည့်၏။ အညိုနုရောင် နက်ခ်တိုင်က စိမ့် ရွေးပေးလိုက်တာလား။

"အင်း ဟုတ်တယ်"

ဆုးကိုမကြည့်ဘဲ သူဖြေ၏။ ဆုးက သူ့နားလျှောက်လာကာ





"ကိုကိုကျော်ကို ဆုး ပြောထားသားပဲ၊ လာမယ်ဆိုရင် ကြိုဖုန်းဆက်ပါလို့၊ ခုတော့ ဆုးက အပြင်သွားနေတာနဲ့"

"ဒီမှာ ဆုး၊ ကိုယ်လည်း ပြောခဲ့ပြီလေ၊ ကိုယ်ဆိုင်ကို လာတယ်ဆိုတာ လိုအပ်တဲ့ ပစ္စည်းတချို့ဝယ်ဖို့ပါ၊ မင်းဆီကို လာတာမဟုတ်လို့ ကြိုတင်ဖုန်းဆက်စရာလည်း မလိုဘူးထင်တယ်"

ပြတ်သားစွာ သူပြောတော့ ဆုး မျက်နှာလေးပျက်သွား၏။ သို့သော် ချက်ချင်းဘာမှမဖြစ်ဟန်ဆောင်ကာ

"ဆုးဆိုင်က ဘယ်ပစ္စည်းမဆို ကြိုက်ရင် ကိုကိုကျော် ယူသွားလို့ရတာပဲကွယ်၊ ဘာပိုက်ဆံမှ ပေးစရာမလိုတာ ကိုကိုကျော် သိလျက်နဲ့၊ ဆိုင်ဝန်ထမ်းတွေက မသိလို့ ကိုကိုကျော်ပိုက်ဆံကို လက်ခံထားတာ ခွင့်လွှတ်ပါနော်၊ အခု ဆုးလာတာ အဲ့ဒီပိုက်ဆံ ပြန်ပေးဖို့ပါ"

ထိုစကားကြောင့် နှုတ်ခမ်းတွန့်ခဲ့ပြုံးမိသူက ကျော်ဇောသာ။ ဆုးကိုကြည့်လိုက်ရင်း

"စီးပွားရေးနဲ့ လူမှုရေးကို မရောပါနဲ့ဆုး၊ အတော်ပဲ ဆုးလာတာနဲ့ ကိုယ်လည်း ဆုးကို ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဘာများလဲ ကိုကိုကျော်”

သူက ဆိုဖာဆက်တီတွင် ဆုးနှင့် မျက်နှာချင်းဆိုင် ဝင်ထိုင်၏။

“အမှန်တော့ ကိုယ်စောစောကတည်းက ပြောဖို့ပါ ဆုး”

တည်ငြိမ်လွန်းသော သူ့မျက်နှာကိုကြည့်ကာ ဆုးရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

“ဒီလိုပါ ဆုး၊ ကိုယ်နဲ့ဆုး ခုချိန်ကစပြီး မိတ်ဆွေတွေအဖြစ် ဆက်ဆံကြဖို့”

“ရှင်”

ရုတ်တရက် ဆုးလုံးဝမျှော်လင့်မထားသော စကားမို့ မျက်နှာမှာ သွေးဆုတ်သလို ဖြူလျော့သွားရ၏။

“ကိုယ် အကြိမ်ကြိမ်စဉ်းစားပြီးမှ ဒီကိစ္စကို ဆုံးဖြတ်ခဲ့တာပါ ဆုး”

“ဒါ ဒါ ဘယ်လိုဖြစ်နိုင်မှာလဲ ကိုကိုကျော်၊ ကိုကိုကျော်နဲ့ ဆုးတို့အဆင့်က မိတ်ဆွေလို့ သဘောထားနိုင်စရာ လူတွေလားဟင်”

သူနှင့်ပတ်သက်ပြီး ဆုး မျှော်လင့်ထားတာက လက်ထပ်





ဖြစ်၏။ ‘ဇော’စီးပွားရေးလုပ်ငန်းစုကြီး၏ သားဖြစ်သော ကုမ္ပဏီပိုင်ရှင် ဦးကျော်ဇောသာနှင့် ဆုးတို့၏ ခမ်းနားသော မင်္ဂလာပွဲကိုပါ။

ယခုတော့ သူ၏စကားတွေက ဆုး၏ မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်လိုက်သလိုပါပဲ။

“ကိုယ်နားလည်ပါတယ် ဆုး၊ ဒါပေမယ့် ကိုယ့်အနေနဲ့ ဆုးကို မိတ်ဆွေအဖြစ်ပဲ သဘောထားချင်တယ်၊ ဆုးအနေနဲ့လည်း ကိုယ်နဲ့ပတ်သက်ပြီး နစ်နာလိမ့်မယ်လို့ မထင်ပါဘူး”

ထိုစကားက ဆုးမျက်နှာကို ဖြတ်ရိုက်လိုက်သလို နာကျင်စေ၏။

“ဩော် ဒါဆို ကိုကိုကျော်က ဒီဆိုင်ကို လျော်ကြေးအဖြစ် သတ်မှတ်ပြီး ဆုးကို ပေးခဲ့တာပေါ့ ဟုတ်လားဟင်”

“လျော်ကြေးဆိုတဲ့စကားက ပြင်းထန်လွန်းပါတယ် ဆုး၊ ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်အနေနဲ့ ကိုယ် လက်ဆောင်ပေးတယ်လို့ သဘောထားပါ”

သူ့ဘက်မှ အေးဆေးစွာပြောနေသလောက် ဆုးရင်ထဲ လောင်ကာ ခေါင်းကိုသွက်သွက်ခါယမ်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"သဘောမတူဘူး၊ ဆုး လုံးဝသဘောမတူဘူး ကိုကိုကျော် ပြောပါဦး၊ ဆုးမှာ ဘာအပြစ်ရှိလို့လဲ ကိုကိုကျော်"

သူ စိတ်ပျက်စွာ ဆုးကိုကြည့်မိ၏။ တကယ်တော့ သူတွဲခဲ့သမျှ မိန်းကလေးတွေထဲမှာ ဆုးတစ်ယောက်သာ သတ်မှတ်ချိန်ထက် ကြာသွားခဲ့သည်။

ဒါကလည်း သူ့အပေါ် ဆုး၏ လိုက်လျောနိုင်မှုကြောင့်ဟု ဆိုလျှင်မမှား။ ထိုအတွက် သူ့ဘက်မှလည်း မည်သူ့ကိုမျှ မပေးဘူးသော ထောက်ပံ့မှုမျိုး အပြည့်ပေးခဲ့သည်။

"မင်းမှာ ဘာအပြစ်မှမရှိပါဘူး ဆုး၊ အပြစ်ရှိတာက ကိုယ်ပါ၊ အခု ကိုယ့်မှာ တကယ်ချစ်ရမယ့်မိန်းကလေး တွေ့နေပြီ ဆုး"

"ဟင် ဘာ ဘာပြောလိုက်တယ် ကိုကိုကျော်၊ ကိုကိုကျော်မှာ တကယ်ချစ်ရမယ့် မိန်းကလေး တွေ့နေပြီ ဟုတ်လား၊ အဟင်း ဆုးကို လာပြီး မလိမ်ပါနဲ့ ကိုကိုကျော်၊ ကိုကိုကျော် ဘယ်လိုလူမျိုးလဲဆိုတာ ဆုးကောင်းကောင်းသိပါတယ်"

"ကျော်ဇောသာ"ဆိုသော လူတစ်ယောက်ဟာ မိန်းကလေးများကို အပျော်တွဲခဲ့တာကလွဲလျှင် 'ချစ်တယ်'ဆိုတာ မရှိခဲ





သေး။

ထို့ကြောင့် နှစ်လသုံးလအတွင်း အလိုလိုအဆက်ပြတ်သွားခဲ့တတ်ကြသည်။

အားလုံးထဲမှာ 'ဆုး'က တစ်နှစ်ကြာရှည်အောင် သူတွဲခဲ့သော မိန်းကလေး။ ထို့ကြောင့် သူနှင့်လက်ထပ်ဖို့ ဆုး မျှော်လင့်ခဲ့တာ မဆန်းပါ။

"အဟွန်း ကိုယ့်အကြောင်းကို ဆုးသိတယ်ဆိုတာ အရင်က ဟုတ်မှာပါ၊ ဘာပဲဖြစ်ဖြစ် ကိုယ်ပြောတာကို ဆုးမှတ်ထားစေချင်တယ်၊ ကဲ ကိုယ်အလုပ်ရှိသေးလို့"

ထိုစဉ် တံခါးခေါက်သံပေါ်လာ၏။ အတွင်းရေးမှူးကညွှန်ကြားချက်များ သတင်းလာပို့ခြင်းပါ။

ဆုးနေရာမှ ထရပ်လိုက်ရင်း သူ့ကို ခပ်စူးစူးကြည့်သည်။

"ကိုကိုကျော်လည်း သိထားပါ၊ ဆုးဟာ ကိုကိုကျော် လွယ်လွယ်နဲ့ စွန့်ပစ်လို့ရတဲ့ မိန်းမမျိုးမဟုတ်ဘူးဆိုတာပဲ"

ထိုနောက် သူ့ရှေ့မှ ဆုး ချာခနဲလှည့်ထွက်ခဲ့၏။ ရင်ထဲမှာတော့ အခံရခက်ခြင်းနှင့်အတူ ဆုးရင်ထဲမှာ ဒေါသတွေ အလိပ်လိုက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇောသာ။

ဆူးဘက်က ပေးဆပ်ခဲ့သလောက် ဒီလိုလမ်းခွဲဖို့စကားကို လွယ်လွယ်ပြောရက်သတဲ့လား။

ဟင်း ဆူးကို ဒီလိုလုပ်လို့မရဘူး ကိုကိုကျော်။

ဆူးလိုချင်တာက သူဌေးကတော်တစ်ယောက်ရဲ့ ဘဝကို ပါ။

နေစမ်းပါဦး သူချစ်တဲ့မိန်းကလေးဆိုတာ ဘယ်သူ့ကို ပြောတာလဲ။

ဆူးမျက်ဝန်းထဲ ဖျတ်ခနဲပေါ်လာတာက စိမ့်။

အို မဖြစ်နိုင်ဘူး။

စိမ့်ဆိုတာ ဘာအဆင့်အတန်းမှမရှိသည့် သာမန်ဝန်ထမ်း မိန်းကလေးတစ်ယောက်။

နောက်တစ်ခုက ဆံပင်ရှည်ရှည်နှင့် စိမ့်၏ပုံစံက ရိုးလွန်း တာမို့ ကိုကိုကျော်၏အကြိုက်မျိုး မဟုတ်ဟုဆူးသိသည်။

ဒါဆို ဘယ်သူပါလိမ့်။

* * *



"နောက်ကျလှချည်လား မမ"

ညဥ့်နက်မှပြန်ရောက်လာသော ဆူးကို ထူးတံခါးဖွင့်ပေး မေးလိုက်၏။ ဆူးမျက်နှာမကောင်းတာကြောင့် တစ်ခုခုဖြစ်ပြီ ဆူး ရိပ်မိလိုက်သည်။

"အဖေကော"

"အိပ်နေပြီ မမ"

ဆူးသက်ပြင်းချသည်။ တကယ်တော့ ဆူးဘဝက စိတ် ရှာ။ အဖေကအရက်သမား မောင်ကအလုပ်လက်မဲ့။ ဆူးတဝ အမေဆိုတာ ငယ်စဉ်ကပင် ဆုံးပါးခဲ့သည်။ ယခုနေရှိလည်း အားကိုးရဖို့မမြင်ပါ။

ထိုကဲ့သို့ နိမ့်ကျသောဘဝကို ဆူးက အံတု၍ ကြိုးစားခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဆူးဘဝ၏ အဓိကရည်ရွယ်ချက်သည် မည်သို့နည်းနှင့်ဖြစ်စေ အမြင့်ရောက်ဖို့ပင်။ သည့်အတွက် သေချာအကွက်ချစီစဉ်၍ ဖော သာထံ ချဉ်းကပ်ခဲ့၏။

ရည်မှန်းချက်ကြီးသော ဆူးက ကိုယ့်ကိုကိုယ် အနေအထ ကအစ အဆင့်မြင့်ဖို့ကြိုးစားသည်။ ကျောင်းစာကို ကြိုးစားခဲ့သ အရွယ်လေးရလာတော့ အလှအပကို ဂရုစိုက်ခဲ့၏။ ဘွဲ့တစ်ခုရရုံ မလုံလောက်တာကြောင့် သင်တန်းအတော်များများတက်ခဲ့သည်

အားလုံးပြည့်စုံချိန်မှာ အသင့်အနေအထားဖြစ် ‘ကျော် သာ’ထံရောက်ခြင်း။ ဆူး၏ပစ်မှတ်မလွဲပါ။ ကိုကိုကျော်က ဆူး စိတ်ဝင်စားခဲ့သည်။

ထို့အတွက် ဆူးဘဝ ပိုပြည့်စုံသွား၏။ တိုက် ကား အားလုံး လွယ်ကူစွာရခဲ့သည်လေ။

“မမ ဘာဖြစ်လာတာလဲ၊ အစ်ကိုနဲ့ တွေ့လာတာလ အဆင်မပြေဘူးမလား”

အိပ်ရာမဝင်သေးဘဲ ထိုင်နေသော ဆူးကို ထူးမေးလို ၏။ ဆူး၏မျက်နှာ ဆတ်ခနဲ တင်းမာသွားလျက် ထူးကိုကြ သည်။





“အေး ဟုတ်တယ်၊ ငါ ဒီနေ့ ကိုကိုကျော်နဲ့တွေ့ခဲ့တယ်၊ ”

“ကိုကိုကျော်က ဘာတဲ့လဲ မမ”

ထူးမေးတော့ ဆူးက ခပ်မဲ့မဲ့ပြုံး၏။ မျက်ဝန်းထဲမှာလည်း ချင်ရိပ်တွေနှင့်။

“အဟင်း သူက ငါ့ကို လမ်းခွဲရအောင်တဲ့”

“ဗျာ”

ထိုစကားကြားရတော့ အစ်မဖြစ်သူအတွက် ထူး စိတ် ကောင်းဖြစ်မိ၏။ သို့သော် ဒီလိုဖြစ်မယ်ဆိုတာ ထူးအစကတည်းက မိထားပါသည်။

ကိုကိုကျော်ဘက်မှကြည့်လျှင် အစ်မအတွက် ထောက်ပံ့ သည်းခဲ့တာတွေ တကယ်ပဲ များပြားပါသည်။

နောက်ဆုံး ပေးခဲ့တာက ယခုလက်ရှိ ဖက်ရှင်ဆိုင်ကိုပါ။

“ကျွန်တော်ထင်သားပဲ မမ၊ ဒီဆိုင်ကို ပေးလာကတည်း တစ်စုံတစ်ရာအတွက်ဆိုတာ”

“တော်စမ်း ထူး၊ သူ ဒီလိုပြောတိုင်း ငါလုပ်မယ်ထင် သား၊ ငါ လက်မလျှော့ဘူးထူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ခက်ထန်စွာ ဆူးပြောလာတာကြောင့် ထူး အံ့သြသွား အစ်မဖြစ်သူကို နားမလည်စွာကြည့်မိသည်။

"ကာယကံရှင်ကိုယ်တိုင်က လမ်းခွဲကြဖို့ ပြောတာပဲ မမက ဘာဆက်လုပ်ဦးမှာလဲ"

"အဟင်း နင်က ငါ့ရည်ရွယ်ချက် ဒီလောက်ပဲရှိတ ထင်လား ထူး၊ ငါက ဦးကျော်အောသာရဲ့ ဇနီးဖြစ်ချင်တာ"

မျက်လုံးတောက်တောက်များဖြင့် ဆူးပြောတော့ ခေါင်းခါယမ်းလိုက်သည်။

"မမ ဘာကြောင့် အစ်ကိုကို ပိုင်ဆိုင်ချင်တယ်ဆို ကျွန်တော် သိပါတယ်၊ ဒါပေမယ့် ဒီလောက်နဲ့ ရပ်လိုက်ပါ အစ်ကို မမအတွက် လုပ်ပေးထားတာတွေလည်း မနည်းတော ဘူးဗျာ"

"ဘာ အဲဒီအတွက် နင်က သူ့ကို ကျေးဇူးတင်နေ လား ထူး၊ သူ့ကို ငါဘယ်လောက်ထိ ပေးဆပ်ထားရသလဲဆို နင်သိလားဟင်"

ထူး မျက်နှာနီသွားလျက် အစ်မဖြစ်သူကို စိတ်ပျက်





ကြည့်မိ၏။

"ကျွန်တော်ပြောမယ် မမ၊ တကယ်တော့ ဦးကျော်အော သာလို လူမျိုးနားမှာ မမလိုမိန်းကလေးတွေ အများကြီးပါ၊ အစ်ကို့ဆီ က အချစ်ထက် အစ်ကိုရဲ့ပိုင်ဆိုင်မှုတွေ လိုချင်ကြတဲ့လူတွေလေ"

"ဟင် မင်း"

"ဒါပေမယ့် အစ်ကိုဟာ အားလုံးထဲမှာ မမကို အချိန်ပေး တွဲခဲ့သလို မမအတွက် လိုအပ်တာအားလုံးကို ပူစရာမရှိအောင် ဖြည့်ဆီးပေးခဲ့တာမဟုတ်လား"

ထူးပြောတာမှန်နေပေမယ့် ဆူး လက်မခံနိုင်ပါ။ ဆူးက အားလုံးကို ပိုင်ဆိုင်ချင်သည်။

"အစ်ကိုနဲ့ မမတို့ တစ်ယောက်ကိုတစ်ယောက် တကယ် မချစ်ခဲ့ပါဘူး၊ ဒါကြောင့် အစ်ကို လမ်းခွဲဖို့ပြောလာတာ လက်ခံ လိုက်ပါ မမ၊ မဟုတ်ရင် မမပဲ ထက်ပိုနာကျင်ရလိမ့်မယ်"

မောင်နှမဆိုပေမယ့် ထူးကတော့ ဘဝကို ရိုးသားအေးချမ်း စွာနေလို၏။ ဆူးကတော့ ထူးနှင့်ဆန့်ကျင်ဘက်။

"တော်စမ်း ထူး၊ ငါ သူ့ကို ဘယ်တော့မှ မစွန့်လွှတ်ဘူး ဟင်း သူဒီလိုဖြစ်တာ၊ မိန်းမတစ်ယောက်ကို ချစ်မိလို့တဲ့၊ အဟင်း



www.burmeseclassic.com

www.burmeseclassic.com



သူလိုလူမှာ အချစ်စစ်ရှိတယ်ဆိုတာ ငါဘယ်တော့မှမယုံဘူး၊ သူ ငါ့ကို လမ်းခွဲချင်လို့ လိမ်ပြောတာ''

ဆူးက တစ်ယောက်တည်း မကျေမချမ်းဟန်နှင့်ပြောသည်။ ထူး အံ့အားသင့်သွား၏။

''ဒါဆို ကိုကိုကျော်မှာ ချစ်တဲ့မိန်းကလေးတွေ့နေပြီပေါ့ မမ၊ အဲဒါကိုက မမကို သူမချစ်ခဲ့ကြောင်း အသိပေးလိုက်တာပဲ ဗျ၊ ဒါကို မမက လက်မလျှော့သေးဘူးဆိုတော့''

''ဒီမှာ ထူး၊ နင် ခုချိန်ထိ စိမ့်ကို ချစ်ကြောင်းဖွင့်မပြော သေးဘူးလားဟင်''

ရုတ်တရက် ဆူးက စိမ့်အကြောင်းထပြောတာကြောင့် ထူး နားမလည်ဖြစ်သွား၏။

''ဟာ ဘာလို့ စိမ့်အကြောင်းကပါလာတာလဲ မမ''

''ငါမေးတာသာ ဖြေစမ်း ထူး''

သည်တော့လည်း ထူး သက်ပြင်းချကာ ခေါင်းခါယမ်း၏။

''ကျွန်တော် မပြောရသေးဘူး မမ''

''ကျွတ် နင်တော်တော်သတ္တိနည်းပါလား ထူး၊ ဒီမှာ နင် စိမ့်နဲ့အဆင်ပြေအောင် အမြန်ဆုံးလုပ်စမ်း၊ လိုအပ်တာ ငါပံ့ပိုး မယ်''





စိတ်ကမထင်ပေမယ့် ထူးနှင့်စိမ့်သာ ပြေလည်သွားလျှင် စိမ့်အတွက် တစ်ရန်အေးသည်ဟု သဘောထား၏။

တကယ်လို့ ကိုကိုကျော်က စိမ့်ကို စိတ်ဝင်စားခဲ့လျှင်တောင်မှ စိမ့်အနားမှာ ထူးရှိနေသည့်အတွက် သူ့အလိုလို နောက်ဆုတ်သွားရမည်။

''ကျွန်တော်လည်း စိမ့်ကို ဖွင့်ပြောဖို့ ကြိုးစားနေတာပဲ မမ''

''ဟဲ့ ဒါဆို ပိုပြီးရင်းနှီးအောင်လုပ်လေ၊ သြော် ငါသတိရပြီ မနက်ဖြန် ဖက်ရှင်ရှိုးအတွက် ငါ့ကို ဖိတ်ထားတယ် ထူး၊ အဲဒါ ငါ့ကိုယ်စား နင်နဲ့စိမ့်သွားလိုက်''

ဆူးက စိတ်မြန်စွာစီစဉ်ပေးနေ၏။

''စိမ့်က လိုက်ပါ့မလား မမ''

ဆူးမျက်စောင်းထိုးပစ်သည်။ ယောကျ်ားလေးဖြစ်ပြီး ထူး ဒီလောက်အ,တာကြောင့် ယခုထက်ထိ ဘာအလုပ်မှမရခြင်းဟု ဆူး ကြိတ်စိတ်ပျက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောလိုက်မယ်၊ နင်သာ အသင့်ပြင်ထား ထူး"

"အဟဲ ဟုတ်ကဲ့ မမ"

ထူးမှာ စိမ့်နှင့်အတူ နှစ်ယောက်တည်းသွားရမည်ဆိုတာ ကြောင့် ကြိတ်ပျော်မိ၏။ သည်လိုအခွင့်အရေးမျိုး ထူးလိုချင်တာ ကြာပြီ။

"မနက်ဖြန် ဘယ်အချိန်လဲ"

"ညနေ"

"ရုံးဆင်းချိန်ပဲ မမ"

"အေး ဟုတ်တယ်၊ နင့်အတွက် ဝတ်စုံကို ဆိုင်ကယူ စိမ့်အတွက်တော့ ငါရွေးပေးလိုက်မယ် ထူး"

"အိုကေ၊ ခုလိုကြတော့လည်း တို့မမက သဘောကောင်း သွားပဲဗျ"

ဘာမှမသိသောထူးကြောင့် ဆူး တစ်ဖက်လှည့်ကြိတ်ပြု မိ၏။ စိမ့်အပေါ် သဘောကောင်းချင်၍မဟုတ်။ ဆူးက ကိုယ့်အကြ နှင့်ကိုယ်ဖြစ်သည်။

"ကဲ ငါအိပ်တော့မယ်၊ နင်လည်းအိပ်တော့ ထူး"

"ဂွဒ်နိုက် မမ"





ထူးမှာ ချက်ချင်းအိပ်မပျော်နိုင်ဘဲ မနက်ဖြန် စိမ့်နှင့်အတူ သွားရမည့်အရေး တွေးလျက် တစ်ယောက်တည်း စိတ်ကူးယဉ်နေမိ လေ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

"စိမ့် အပေါ်လိုက်ခဲ့ဦး"

"ရှင် ဟုတ်ကဲ့"

သည်နေ့တော့ ဆူးမျက်နှာကြည်လင်လျက်။ စိမ့်ကို ခေါ်တာကအစ နူးညံ့နေ၏။ စိမ့်မှာတော့

"ဘာကိစ္စများ"ရှိနေပါလိမ့်ဟုတွေးရင်း ရုံးခန်းထဲဝင်ခဲ့သည်။

"ထိုင် စိမ့်"

ဆူးက မျက်နှာချင်းဆိုင်ထိုင်လာသော စိမ့်ကိုကြည့်ကာ

"ဒီနေ့ တို့ကိုယ်စား မင်းဧည့်ခံပွဲတစ်ခုကို ထူးနဲ့အတူ သွားရမယ်စိမ့်"

"ရှင်"





စိမ့် အံ့သြသွားတော့ ဆူးပြုံးလိုက်ကာ နေရာမှထလာ၏။

"ဒီဆိုင်ရဲ့ကိုယ်စား သွားရမှာဆိုတော့ ထူးနဲ့မင်းတို့ နှစ်ယောက်လုံး အဝတ်အစားကအစ ခေတ်မီလှပမှဖြစ်မယ် စိမ့်"

"ဒါပေမယ့်"

စိမ့်က တစ်စုံတစ်ခုပြောဖို့ ကြိုးစားသည်။ သို့သော် ဆူးလက်ကာပြ၏။

"တို့သိတယ်၊ မင်းမှာ အဲဒီလိုဝတ်စုံ အသင့်မရှိဘူးဆိုတာ၊ ဒီ့အတွက် ပူစရာမလိုဘူး၊ တို့ဖက်ရှင်ဆိုင်ရဲ့ ကိုယ်စားဆိုတော့ မင်းအတွက် အကောင်းဆုံးဖြစ်မယ့် ဝတ်စုံကို ငါကိုယ်တိုင် ရွေးပေးမယ် စိမ့်၊ ကဲ ငါနဲ့လိုက်ခဲ့"

တစ်ယောက်တည်းပြောရင်း ဆုံးဖြတ်သူက ဆူး။ မှန်တာပြောရလျှင် စိမ့်က ထိုဧည့်ခံပွဲမျိုးကို မသွားချင်ပါ။ သို့သော် ဆူးက ခိုင်းလေတော့ စိမ့် ဘာငြင်းနိုင်မှာနည်း။

"ဒီဝတ်စုံလေးဆို မင်းနဲ့အဆင်ပြေမယ် စိမ့်၊ မဟုတ်သေးပါဘူး၊ ဒီဘက်က ဝတ်စုံဆို ပိုကောင်းမယ်"

အောက်ထပ်ဆိုင်ထဲရှိ နောက်ဆုံးရောက်လာသော ဒီဇိုင်းများထဲမှ အနက်ရောင်ပိုးသားပျော့ ကိုယ်ကြပ်ဂါဝန်ရှည်ပုံဆန်းလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဆူး ရွေးပေးသည်။

"ဒါကို ကျွန်မ ဝတ်ရမှာလား သူဌေး"

"အင်း ပဝါကတော့ ဒါလေးပေါ့"

"အို"

ယုန်မွေးအနက်ရောင် ပဝါရှည်ဖြစ်၏။ သည်ပစ္စည်းတွေ ဘယ်လောက်တန်ဖိုးကြီးတယ်ဆိုတာသိတော့ စိမ့် ဝတ်ဖို့ဝင်မရဲပါ။

"မိတ်ကပ်အတွက်ကတော့ ငါ နေ့လယ်မှာ အလှပြင် ဆရာမတစ်ယောက် လွှတ်လိုက်မယ် စိမ့်"

ဆူးက အားလုံးကို စိမ့်မငြင်းနိုင်အောင် အကွက်ချစီစဉ် ထားသည်။ စိမ့်က နှုတ်ခမ်းလေးအသာဖိကိုက်ရင်း

"ဟို ညည့်ခံပွဲကို ကျွန်မမှာရှိတဲ့ ဝတ်စုံနဲ့တက်ရင် မရ ဘူးလား သူဌေး"

တစ်ချက်ခွင့်တောင်းကြည့်မိ၏။ ဆူးက မျက်နှာတည် လျက် စိမ့်အားကြည့်သည်။

"မရဘူး၊ ဒါ မင်းရဲ့ကိုယ်ရေးကိုယ်တာပွဲမဟုတ်ဘူး စိမ့်၊ ဆိုင်နဲ့ပတ်သက်တဲ့ကိစ္စ၊ မင်းရဲ့ဝတ်စားခြင်းက ငါတို့ဖက်ရှင်ဆိုင်ရဲ့ ခေတ်မီမှုကိုပြတာပဲ"





"ဟုတ်ကဲ့ ကျွန်မနားလည်ပါပြီ သူဌေး"

အလုပ်သဘောအရဆိုတော့ စိမ့် ခေါင်းညိတ်ရုံသာ။ ညနေမှာ အားလုံးရုံးဆင်းသွားပေမယ့် စိမ့်နေခဲ့ရသည်။

ဆူးခေါ်ထားသော အလှပြင်ဆရာမရောက်လာပြီး စိမ့်ကို ပြင်ပေးသည်။ တစ်ခါမှ ဒီလိုမလိမ်းဖူးတာကြောင့် စိမ့် စိတ်ညစ် သလိုဖြစ်ရ၏။

"အသားအရေလေးက ကောင်းလိုက်တာကွာ၊ ဖြူနုချော နေတာပဲ၊ နှာမည်လေးက စိမ့်နော်၊ လူလေးနဲ့ နှာမည်က လိုက်တာပဲကွယ်၊ မင်းရဲ့မျက်နှာလေးက သိပ်ငြိမ်းချမ်းတယ်"

မိတ်ကပ်လိမ်းပေးရင်း အလှပြင်ဆရာမက စိမ့်ကို ချီးမွမ်း ထုတ်နေ၏။ ဆူးက ကိစ္စနှင့် အပြင်သွားနေတာကြောင့် ထူးပဲ အပြင်မှစောင့်နေသည်။

"မိတ်ကပ်တွေ အထူကြီးမလိမ်းဘူးနော်"

စိမ့်က ဆန္ဒကိုတင်ပြ၏။ မိတ်ကပ်ထူထူကြီးနှင့်ဆို စိမ့် နေတတ်မှာမဟုတ်ပေ။

"အေးပါကွယ် တို့သိပါတယ်၊ မင်း မျက်နှာလေးက အများကြီးပြင်စရာမလိုပါဘူး စိမ့်လေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်လိမ်းပြီးတာနှင့် ရွေးချယ်ထားသောဝတ်စုံကို စိမ့် ဝတ်လိုက်ရ၏။ မှန်မကြည့်ရသေးဘဲ အလှပြင်ဆရာမက စိမ့်၏ ဆံပင်များကို ထုံးဖွဲ့ပြုပြင်ပြန်သည်။

"အို လှလိုက်တာကွယ်၊ တို့လိမ်းပေးသမျှထဲမှာ မင်းလေး က 'အလှဆုံး'ပဲ စိမ့်၊ ကဲ မှန်လေးကြည့်လိုက်ပါဦး"

အပြုံးများဖြင့် အလှပြင်ဆရာမကပြောနေသလောက် ရုတ်တရက် စိမ့်မှာ မှန်ကိုမကြည့်ရဲသေးပါ။

"ဩော် ရှက်နေပြန်ပြီ၊ လာပါကလေးရဲ့၊ မှန်ကိုရဲရဲကြည့် စမ်းပါကွယ်"

စိမ့်ပုခုံကို အားမရသော အလှပြင်ဆရာမက မှန်ရှေ့ဆွဲခေါ် သွား၏။

"ကဲ ကြည့်"

ကိုယ်လုံးပေါ်မှန်ရှေ့ တည့်တည့်ရောက်နေပြီမို့ စိမ့်က မျက်တောင်ကော့များပင့်လျက် မဝံ့မရဲကြည့်မိတော့။

"အို"

ကြည့်စမ်း မှန်ထဲက မိန်းကလေးဟာ မထင်မှတ်လောက် အောင် ချောမောလှပနေပါလား။





ဒါ စိမ့်တဲ့လားကွယ်။

"ဘယ်လိုလဲ မင်းလှတယ်ဆိုတာ ယုံပြီလား ကလေးမ"

မှန်ရိပ်ထဲတွင် ခေတ်မီလှပသော ဆံထုံးမြင့်မြင့်လေးနှင့် အနက်ရောင် ကိုယ်ကြပ်ဂါဝန်လေးကြောင့် စိမ့်၏နဂိုရှိသော အချိုးအစားပြေပြစ်သည့် အလှအပများ အထူးပေါ်လွင်ကာ အနက် ရောင်ယုန်မွေးပဝါရှည်ကို ခပ်လျော့လျော့လေး ခြုံထားသည်။

"စိမ့်ရေ ပြီးပြီလား၊ ဧည့်ခံပွဲ အချိန်နီးပြီ"

မှန်ကြည့်နေစဉ် တံခါးခေါက်သံနှင့်အတူ ထူးအသံပေါ်လာ ၏။ စိမ့် မှန်ရှေ့မှ ခွာလိုက်သည်။

"တို့ မင်းသမီးလေးက အသင့်ဖြစ်ပါပြီကွယ်"

စိမ့်ကိုယ်စား အလှပြင်ဆရာမက ဝင်ဖြေခြင်းပါ။ ထူးဝင် လာတော့

"ဟင် စိမ့်"

နေ့တိုင်းတွေ့မြင်နေရသော စိမ့်က ရိုးရိုးရှင်းရှင်းလေးနှင့် ချစ်စရာကောင်းသလောက်

ယခု ထူးမြင်လိုက်ရသော စိမ့်သည် ဒီမျှလောက် လှပ လိမ့်မည်ဟု မထင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ လှရဲ့လား"

အလှပြင်ဆရာမက ပြုံး၍မေးတော့ ထူးမှာ

"ဗျာ ဟုတ် ဟုတ်ကဲ့"

ထူးကိုယ်တိုင်ကလည်း အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ချောမောနေပါသည်။

"ပွဲနောက်ကျနေပြီလား ထူး"

"ဟင် သိပ်နောက်မကျပါဘူး စိမ့်၊ လာ သွားစို့"

နှစ်ယောက်သား အလှပြင်ဆရာမကို နှုတ်ဆက်ပြီးထွက်ခဲ့၏။

"သူ့ဖွေးလည်း ပြန်မရောက်လာပါလား ထူး"

ကားပေါ်မှာ စိမ့်ကမေးသည်။ ထူးမှာ ခေါင်းညိတ်ရင်း

"မမ ခေါင်းနည်းနည်းကိုက်လို့ အိမ်ပြန်သွားပြီ"

"ဩော်"

သို့သော် ဆူးက ထူးကိုသေချာမှာထား၏။ စိမ့်က 'ချစ်တဲ့' အကြောင်း သေချာပြောဖို့လေ။

"စိမ့်"

"ဟင်"





"ဒီနေ့ နင်သိပ်လှတာပဲ"

ကားမောင်းရင်း စိမ့်ကိုကြည့်ကာ ထူးပြုံး၍ချီးကျူးတော့

"အဟင်း နင်လည်းချောနေတာပါပဲနော် ထူး"

"ဟင် တကယ်လား စိမ့်"

စိမ့်က ချောတယ်ဆိုတော့ ထူး ဘဝင်မြင့်ချင်သွား၏။ ပြုံးကာ

"အင်းပေါ့၊ နင်က ဒီဝတ်စုံနဲ့လိုက်တယ် ထူး"

"အဟား ဝတ်ရကျိုးနပ်သွားပြီကွာ"

ဟန်မဆောင်နိုင်ဘဲ ထူးအော်သည်။

"ထူး"

"ဟင် စိမ့်"

"တကယ်တော့ ငါတို့နှစ်ယောက်က ရုပ်စရာကြီးနော်၊ ဝတ်စုံတွေအားလုံး တို့ပိုင်တာလည်းမဟုတ်ဘဲနဲ့၊ ဟန်ဆောင်ဝတ်ထားတယ် အဟင်း"

"ဘာလဲ နင်က အပိုင်လိုချင်လို့လား စိမ့်"

ထူးအကဲစမ်းမေးတော့ စိမ့် ခေါင်းခါယမ်း၏။

"ဟင့်အင်း မလိုချင်ပါဘူးဟာ၊ ဒီလောက်အဖိုးတန်တာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးဝတ်ပြီး ငါ့မှာ ဘယ်မှသွားစရာမရှိဘူး ထူး”

စိမ့်က အမှန်တရားပြောလိုက်၏။ တကယ်လည်း စိမ့်လို့ သာမန်မိန်းကလေးတွေ ဒီလိုဝတ်စုံမျိုး မလိုအပ်ပါ။

ထူး စိတ်ထဲမှာတော့

“တစ်နေ့ နင် ဝတ်စရာပွဲမျိုးရှိလာမှာပါ စိမ့်ရယ်”

ဟု ကြိတ်ပြောနေတာ စိမ့်မကြားပါ။

* * *



သူတို့ရောက်ချိန်မှာ ဧည့်ခံပွဲက အတော်စည်နေပြီ။ ဆူးနှင့် ...သက်၍ ထူးကိုသိကြတာကြောင့် ပိုင်ရှင်က နှုတ်ဆက်သည်။

“ဆူး ကြိုဖုန်းဆက်ထားပါတယ် ထူး၊ သူလေးက မင်းရဲ့ ...ာလေးဆိုတာလား”

“အို”

ပိုင်ရှင်အမျိုးသမီးမှာ ဆူးတို့လိုပဲ အတော်ခေတ်မီ၍ ထူး ...ားက စိမ့်ကိုကြည့်ပြီး မေးလိုက်ခြင်း။

ထိုအမေးကြောင့် ‘စိမ့်’မှာ မျက်နှာလေးနီသွားပေမယ့် ...ပြုံးကာ

“ကျွန်တော်တို့ဆိုင်ရဲ့ အရောင်းမန်နေဂျာပါ ခင်ဗျား ...ို့ခေါ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ဒီနေ့ပွဲမှာ တို့များက စိမ့်ကို လှိုက်လှဲ
ကြိုဆိုပါတယ်ကွယ်"

"ကျေးဇူးတင်ပါတယ်"

စိမ့် ယဉ်ကျေးစွာနှုတ်ဆက်လိုက်ရ၏။

"ကဲ လွတ်လပ်စွာ သုံးဆောင်ကြပါကွယ်"

"ဟုတ်ကဲ့"

သည်ပွဲမှာ တက်ရောက်လာသူက တကယ်ပဲ ခေတ်မီ
တွေများ၏။

ဒါကြောင့် ဆူးက ထူးနှင့်စိမ့်ကို ဒီလိုဝတ်နိုင်းတာပဲ
တွေးမိစဉ်

"တီ"

ထူး၏ဖုန်းသံမြည်လာ၏။ ထူးနံပါတ်ကြည့်လိုက်သေ
မမ။

ဆူးခေါ်သောဖုန်းမို့ စိမ့်ရှေ့မပြောချင်တာနှင့် ထူးထ
လိုက်၏။

"ခဏနော် စိမ့်"

"အင်း သွားလေ"





ထူးထွက်သွားတော့ စိမ့်တစ်ယောက်တည်းကျန်ခဲ့၏။ ထို
အချိန်

"ဟာ ဦးကျော်ဇေယျာ နောက်ကျတယ်ဗျာ၊ ဘယ်လိုလဲ
တစ်ယောက်တည်းလားဗျ"

နောက်ကျမှ အဖော်မပါ တစ်ကိုယ်တည်းရောက်လာသော
ဦးကျော်ဇေယျာကို ပိုင်ရှင်ဖနီးမောင်နဲ့က ကြိုဆိုရင်းမေးသည်။

"အပျွန်း တစ်ခါတစ်ခါ ဒီလိုတစ်ယောက်တည်းက
ပိုကောင်းတယ် ဦးကောင်းမြတ်"

ယောကျ်ားချင်း လက်ဆွဲနှုတ်ဆက်ရင်း 'ကျော်ဇေယျာ'
ခပ်လွန့်လွန့်အပြုံးဖြင့် ပြောလိုက်၏။

အမှန်တော့ ဒီလိုပွဲမျိုးမှာ အရင်ကဆို အဖော်မိန်းကလေး
တစ်ယောက်ပါလာမြဲပါ။

သို့သော် ခုရက်ပိုင်း သူ့စိတ်တွေ ဘယ်သူနှင့်မှ မတွဲချင်
တာကြောင့် ကိုယ့်ဘာသာ တစ်ယောက်တည်းနေလိုက်ခြင်းပါ။

"တစ်ယောက်တည်းဆို မဟုတ်သေးပါဘူးဗျာ၊ အဖော်
ရှာပေးရမလားဗျ၊ ဟိုဟာလေးဆို့မကောင်းဘူးလား ဦးကျော်ဇေ
ယျာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းမြတ်ပြ၍ ကြည့်လိုက်တော့

"ဟင်"

စိမ့် စိမ့်ပါလား။

ကြည့်စမ်း စိမ့်က ဒီလိုပုံစံနှင့်ဆိုတော့လည်း တစ်မျိုးလှပ ချောမောနေပြန်သည်။

မီးရောင်အောက်မှာ လှပချောမောသောစိမ့်က တစ်ယောက်တည်း ရုတ်တရက် သူ့ စိမ့်ကို ငေးကြည့်ရင်း ရင်ခုန်လာရ၏။

"ဟာ ခင်ဗျားနောက်ကျသွားပြီထင်တယ် ဦးကျော်အေးသာ"

သူကြည့်နေစဉ်မှာပင် တစ်ယောက်တည်းရှိသော စိမ့်နားသို့ ခေတ်အဝတ်အစားများနှင့် လူငယ်နှစ်ယောက် ကပ်သွားသည်။

"ဒီက တစ်ယောက်တည်းဆိုရင် ကျွန်တော်တို့ အဖော်လုပ်ပေးပါရစေ"

"ရှင်"

ချက်ချင်းပြန်မရောက်လာနိုင်သော ထူးကြောင့် စိမ့်မှာ တစ်ယောက်တည်းဖြစ်နေစဉ် လူစိမ်းအမျိုးသားနှစ်ယောက်ကြောင့်





မျက်နှာလေးပျက်သွား၏။

"ယူက သိပ်လှတာပဲ၊ အိုင်တို့နဲ့ မိတ်ဖွဲ့ပါလား"

"အို"

အမျိုးသားတစ်ယောက်က စိမ့်ကို လက်ကမ်းပေးရင်းပြောသည်။

ထိုမြင်ကွင်းကိုတွေ့လိုက်ရသော ကျော်အေးသာမှာ ဘယ်လိုကဘယ်လို စိမ့်နားရောက်သွားတယ်မသိ။

"စိမ့် လာ"

"အို ဦးကျော်အေးသာ"

သူက ပိုင်ပိုင် စိမ့်လက်ကိုဆွဲယူ၍ ထိုနားမှထွက်ခဲ့၏။

ထိုအချိန် ထူးမှာ

"ဘယ်လိုလဲ ထူး၊ စိမ့်နဲ့အဆင်ပြေရဲ့လား"

"ဗျာ ဟုတ်ကဲ့၊ အဆင်ပြေပါတယ် မမ"

"နင် ဒီနေ့ သူ့ကို ဖွင့်ပြောမှာမဟုတ်လား ထူး"

"ဟာ အသေအချာပေါ့ မမ"

"အေး နင့်ကို ငါယုံတယ် ထူး၊ အခု စိမ့်ကော"

"ပွဲထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားလိုက်ဦး၊ နင့်ရဲ့သတင်းကို ငါစောင့်နေမယ်"

"အိုကေ မမ"

ထူးဖုန်းပြောပြီးတာနှင့် စိမ့်ထံပြန်လာခဲ့သည်။ ထိုအချိန်

"ဟာ မီးပျက်သွားပြီ"

ရုတ်တရက် မီးမှောင်သွားတာကြောင့် အားလုံး ရေရွတ်ကြ သည်။

ထူးမှာ စိမ့်အတွက် စိုးရိမ်သွားကာ

"စိမ့် စိမ့်"

သို့သော် အမှောင်ထဲမို့ စိမ့်ကို ထူးချက်ချင်းရှာမရပါ။

ထိုအချိန်

"အို မီးတွေပျက်သွားပြီ"

"ဟုတ်တယ် မင်းဘယ်လိုလုပ်ချင်လဲ စိမ့်"

ထူးလည်း ဘယ်ရောက်နေမှန်းမသိသလို ပွဲခင်းထဲလည်း မှောင်နေတာကြောင့် စိမ့်ပြန်ဖို့ ဆုံးဖြတ်လိုက်၏။

"ကျွန်မ အိမ်ပြန်ချင်တယ်"

"အိုကေ ကိုယ်လိုက်ပို့ပေးမယ်"

ကျော်ဇေယျာက ကားကို စိမ့်ရှေ့ယူခဲ့လိုက်သည်။





"ကဲ တက်လေ စိမ့်"

"ရှင် ဟို ကျွန်မ ကားငှားပြန်မှ"

"အဟွန်း အချိန်ကိုလည်းကြည့်ဦး စိမ့်၊ ပြီးတော့ ဒီလို လှလှပပဝတ်စားထားတဲ့မင်းက တစ်ယောက်တည်း ကားငှားပြန် မယ်ဆိုရင်"

"ကျွန်မ သဘောပေါက်ပါပြီ"

မိန်းကလေးတစ်ယောက်အနေဖြင့် ဒီလိုအချိန် အငှားကား နှင့်ပြန်ဖို့ မသင့်တော်တာကြောင့် စိမ့်ရွေးစရာလမ်းမရှိသလို သူ့ကား ပေါ်တက်လိုက်ရ၏။

စိမ့်ကားပေါ်ရောက်တာနှင့် သူလွှန်ခနဲပြုံး၍ ကားမောင်း ထွက်ခဲ့သည်။

စိမ့်က သူ့ဘေးမှာ တိတ်ဆိတ်လျက်။

"မင်း ဒီလိုပွဲမျိုးတွေ မကြာခဏတက်တတ်သလား စိမ့်"

"ရှင်"

ကားမောင်းရင်း စိမ့်ကိုမကြည့်ဘဲ သူမေးလိုက်ခြင်း။ စိမ့် ခေါင်းလေးခါယမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ဒါ ကျွန့်ဘဝအတွက် ပထမဆုံးပဲ၊ သူ့ဖွေးက တက်နိုင်းလို့ပါ ဦးကျော်ဇောသာ"

သည်တော့မှ သူဖြည်းညှင်းစွာ သူမကိုကြည့်လာ၏။

"ဆူးကလား"

"ဟုတ်ကဲ့"

"အံ့သြစရာပဲ တကယ်ဆို ဒီလိုပွဲမျိုးက ဆူးအကြိုက်ပဲ၊ မင်း ဒီကို တစ်ယောက်တည်းလာတာလား စိမ့်"

သူဆက်မေး၏။

"မဟုတ်ပါဘူး ထူးနဲ့ပါ၊ သူ ဖုန်းသွားဆက်တုန်း ကျွန်မ တစ်ယောက်တည်း ကျန်ရစ်ခဲ့တာပါ ဦးကျော်ဇောသာ"

စိမ့်မှာ သူမေးတာကိုဖြေရင်း ဒီလိုပွဲမျိုး ကြိုက်သောဆူးက စိမ့်နှင့်ထူးအား ဘာကြောင့်လွှတ်ရတာလဲဟု စဉ်းစားနေမိ၏။

"အပွန်း ထူးနဲ့ကိုး၊ ဒါဆို မင်းတို့က"

"ကျွန်မတို့ ဒီပွဲကို ဖက်ရှင်ဆိုင်ရဲ့ တာဝန်ရှိတဲ့သူတွေ အနေနဲ့ တက်ရတာပါ၊ ဦးကျော်ဇောသာ"

သည်ပွဲကိုတက်လာရခြင်း၏အကြောင်းအရင်းမှန်အား စိမ့် ပြောပြလိုက်သည်။





"ဒီလိုလား ဒါကြောင့် မင်းကို ဒီလိုပွဲမျိုးတွေ့ရတာ ကိုယ် အံ့သြသွားတာ စိမ့်"

စိမ့်လို ရိုးသားအေးဆေးသော မိန်းကလေးတစ်ယောက် အနေဖြင့် ဒီလိုပွဲမျိုးနှင့် မသက်ဆိုင်ဟု ကျော်ဇောသာယုံကြည်သည်။

"ထူးတော့ ကျွန်မကို လိုက်ရှာနေမလားပဲ"

"ဖုန်းဆက်ချင်လား"

သူဖုန်းထုတ်ပေးသည်။ စိမ့်ခေါင်းလေးခါယမ်းကာ

"နေပါစေတော့"

ဟုငြင်းလိုက်၏။ သည်နေ့လို ဟန်းဖုန်းတစ်လုံး သိန်း ဆယ်ဂဏန်းနှင့်ချီနေသော ခေတ်တွင် စိမ့်တို့သာမန်လူတန်းစားအဖို့ ကိုယ်ပိုင်မကိုင်နိုင်သေးပါ။

သူ့ဖုန်းကို မသုံးချင်၍ ထူးအား စိတ်ပူပေမယ့် စိမ့် တမင် ငြင်းလိုက်တာဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ဘာ ဘာပြောတယ် ထူး၊ ညနေ့ခံပွဲမှာ စိမ့်ပျောက်သွားတယ် ဟုတ်လား"

အိမ်သို့ မျက်စိမျက်နှာပျက်နှင့် ပြန်ရောက်လာသော ထူးကို ကြည့်လျက် ဆူး ဒေါသဖြစ်စွာမေးမိ၏။

"ဟုတ်တယ် မမ၊ ကျွန်တော် မမနဲ့စကားပြောနေတုန်း အပြန် မီးတွေပျက်ပြီး စိမ့်ကိုရှာမရတော့တာပဲ"

"ဒါ ဒါဆို၊ နင် သူ့ကို ဖွင့်မပြောလိုက်ရဘူးပေါ့ထူး"

"အင်း"

ဆူးမှာ ကြံစည်ထားသမျှ မအောင်မြင်သဖြင့် ထူးကို စိတ်ပျက်စွာကြည့်မိ၏။

"နင်ဟာ ငါ့မောင်ဖြစ်ပြီး သိပ်ကို တုံးပါလား ထူးရယ်၊





အခု ဘာလုပ်နေတာလဲ၊ စိမ့်ဆီ ဖုန်းဆက်လေ"

"စိမ့်မှာ ဟန်းဖုန်းမှမရှိတာပဲ မမ"

"ကျွတ် ဒါဆိုရင် အိမ် အိမ်မှာကော"

ဟန်းဖုန်းလေးတစ်လုံးတောင် မကိုင်နိုင်သော စိမ့်ကို ဆူး စိတ်ထဲမှာ အထင်သေးမိလိုက်၏။

သည်လောက်ဆင်းရဲတဲ့ မိန်းကလေးမျိုးနှင့် တကယ်တော့ အောင်ဖြစ်တဲ့ ထူးနဲ့ပင် သဘောမတူချင်ပါ။

"ဟာ စိမ့်အိမ်မှာတော့ အိမ်ဖုန်းရှိပါတယ် မမ"

"ဟဲ့ ဒါဆိုရင် ဆက်လေ၊ သူပြန်ရောက်ပြီလား မရောက်ဘူးလားဆိုတာ"

ဆူးအကြံပေးမှ ထူးသတိရဟန်ဖြင့် ဖုန်းထုတ်ဆက်၏။ သို့သော် ဖုန်းကချက်ချင်းခေါ်မရပေ။

"ဖုန်းခေါ်မရဘူး မမ"

"ဒါဆို အိမ်လိုက်သွား ထူး"

"ဟုတ်ကဲ့"

ထူးက ချက်ချင်းသွားမည့်ဟန်ပြင်၏။ ဆူးအပေါ် အင်္ကျီကောက်ဝတ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"ထူး နေဦး၊ ငါလည်းလိုက်ခဲ့မယ်"

"ဟာ မမက ဘာလုပ်ဖို့လဲ"

မကြိုက်ဟန်ဖြင့် ထူးမေးတာကြောင့် ဆူး မျက်စောင်း ထိုးပစ်သည်။

"နင်တစ်ယောက်တည်း ဘယ်တုန်းက အဆင်ပြေလို့လဲ ထူး၊ တကယ်လို့ စိမ့်ကို အိမ်မှာမတွေ့ရင် ပွဲခင်းထဲလိုက်ရှာရမယ် မဟုတ်လား၊ စိမ့်ကိုတွေ့ရင် နင်နဲ့စိမ့်နေခဲ့ပြီး ပြောစရာရှိတာပြော"

"ကဲ မမသဘောပါဗျာ"

နှစ်ယောက်သား ကားဖြင့်ထွက်ခဲ့၏။ ဆူးစိတ်ထဲမှာတော့ စိမ့် ဘယ်ပျောက်သွားသလဲဟု တွေးနေမိသည်။

ထိုအချိန်

ကျော်ဓေသာမောင်းလာသောကားပေါ် လိုက်ပါလာသည့် စိမ့်မှာ လမ်းထိပ်အရောက်တွင်

"ကျေးဇူးပြုပြီး ကျွန်မကို ဒီမှာရပ်ပေးရင်ရပါပြီ ဦးကျော် ဓေသာ"

"မင်းအိမ်က"

"လမ်းချိုးထဲဝင်လိုက်ရင် ရောက်ပါပြီ"





သည်တော့မှ သူကားရပ်ပေးလိုက်၏။ ထို့နောက် ကား ပေါ်မှဆင်းလိုက်ပြီး စိမ့်ဘက်က တံခါးကို သူကိုယ်တိုင်ဖွင့်ပေး သည်။

"အို ရပါတယ်"

"အပွန်း ကိုယ့်ကိုအားမနာပါနဲ့ဗျာ"

ဓာတ်မီးတိုင်အောက်မှာ ကားရပ်တာကြောင့် မီးအလင်း က သူတို့ပေါ် ဖြာကျနေ၏။ အထူးသဖြင့် အနက်ရောင်အင်္ကျီဝတ် ဆင်ထားသော စိမ့်အလှကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။

"ကျွန်မကို ခုလို လိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ် ရှင်"

စိမ့်က နှုတ်ဆက်သည်။ သူပြုံးကာ စိမ့်ကို တစ်ခဏမျှ ကြည့်၏။

"မင်း ဒီနေ့သိပ်လှတယ် စိမ့်"

"အို"

"အပွန်း မင်းက ရိုးရိုးလေးနဲ့လည်းလှပါတယ်၊ ဒါပေ မယ့် ဒီလိုပုံစံမျိုးဆိုတော့လည်း တစ်မျိုးဆန်းပြီး ဆွဲဆောင်မှုရှိပြန် သော"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်တစ်ကိုယ်လုံးကိုကြည့်လျက် သူဝေဖန်သည်။ စိ မျက်နှာလေးနီကာ အနေရခက်သွား၏။

"ဟို ကျွန်မကိုခွင့်ပြုပါဦး"

"ခဏ စိမ့်"

"ရှင်"

သူတားလိုက်၍ စိမ့် ခြေလှမ်းတန့်သွား၏။ သူက စိ မျက်နှာကို ငေးစိုက်ကြည့်ကာ

"ကိုယ် မင်းနဲ့တွေ့လို့ရမလား စိမ့်"

"ဟင်"

မထင်မှတ်သော တောင်းဆိုမှုကြောင့် စိမ့် အံ့ဩသွား၏ သူပြုံးသည်။

"ကိုယ် မင်းနဲ့ မိတ်ဆွေဖြစ်ချင်တယ် စိမ့်"

"အို ဟင့်အင်း၊ မ မဖြစ်ပါဘူး၊ ကျွန်မ လက်မခံနိုင် ဘူး၊ ဦးကျော်ဇေသာ"

စိမ့်မျက်ဝန်းထဲမှာ ဆူးကို ဖျတ်ခနဲမြင်ယောင်လျက် သွ လက်စွာ ခေါင်းခါငြင်းဆန်လိုက်၏။

စိမ့်၏ငြင်းဆန်မှုကြောင့် သူ မျက်နှာပျက်သွားသည်





သချာတယ်။ ဒါသ္တဘဝမှာ မိန်းမတစ်ယောက်၏ ပထမဆုံး ငြင်းပယ်မှုကို ခံရတာပဲ။

"ဘာကြောင့်လဲ စိမ့်"

"ကျွန်မ ဘယ်သူစိမ်းယောကျ်ားနဲ့မှ မိတ်ဆွေမဖွဲ့တတ်ပါ ဘူး ဦးကျော်ဇေသာ"

တည်ငြိမ်သောမျက်နှာလေးဖြင့် စိမ့်ပြောတော့ သူ အောက်ျပာန်ပြုံးသည်။ အမှန်တော့ စိမ့်လိုမိန်းကလေး သူပထမ ဆုံးတွေ့ဖူးခြင်းပါ။

"ဒါဆို ထူးနဲ့ကကော"

"အို သူနဲ့က ကျောင်းနေဘက် သူငယ်ချင်းတွေပါ၊ ခု ည်း လုပ်ငန်းတစ်ခုထဲမှာ အတူတာဝန်ထမ်းဆောင်နေတဲ့ လုပ်ဖော် ကိုင်ဖက်"

ထူးနှင့်စိမ့် ဘာမျှမသက်ဆိုင်ကြောင်း သိလိုက်ရတော့ သူ ကြိတ်ဝမ်းသာသွား၏။

စိမ့်ကို စတွေ့ကတည်းက သူစိတ်ထဲ ဖြူစင်သော ကလေးတစ်ယောက်ဟု ယုံကြည်ထားတာ မလွဲပါလား။

"ကိုယ်တော့ ထူးကို အားကျတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ပို့ပေးတဲ့အတွက် ကျေးဇူးပါပဲ၊ ကျွန်မကို ခွင့်ပြု ပါ"

ဒုတိယအကြိမ် စိမ့်က ထပ်နှုတ်ဆက်လိုက်သည်။

"ကိုယ် ဆိုင်ကိုတော့ လာလို့ရတယ်မဟုတ်လားစိမ့်"

"ဟုတ်ကဲ့ ဖက်ရှင်ဆိုင်ဆိုတာ ဘယ်သူသည်မဆို လာကြည့်ကြဝယ်ကြတာပါပဲ၊ အထူးသဖြင့် ကျွန်မတို့သူဌေး ဦးကျော်ဇေသာရဲ့ ရင်းနှီးတဲ့ လူတစ်ယောက်ပဲလေ"

"ရင်းနှီးတဲ့သူ ဟုတ်လား၊ အဲဒါ ဘာကိုဆိုလိုတာလဲစိမ့်"

ဆူးဘာတွေပြောထားလည်း သူ မသိပါ။ ထို့ကြောင့် စိမ့်ကို ပြန်မေးမိ၏။

ထိုစဉ်

"ဟော့ ဟိုမှာ စိမ့်ပဲမမ၊ ဟင် သူ့ဘေးနားက"

"ဟင် ကို ကိုကိုကျော်ပါလား ထူး"

မမျှော်လင့်ပဲ စိမ့်နှင့်ကျော်ဇေသာကို တွဲတွေ့လိုက်ရ မောင်နှမနှစ်ယောက် မျက်နှာပျက်သွားသည်။

အထူးသဖြင့် ဆူး။ ထူးအတွက်ဟု ရည်စူးကာ ဦး 'စိမ့်' ကို အကောင်းဆုံး အလှဆုံးဖြစ်အောင် ကိုယ်တိုင်ဖန်တီးလ





ဘာမှ ကိုကိုကျော်အတွက် ဖြစ်သွားရတာ ရင်နာမဆုံး။

"ကျွန်တော်တို့ ဘာလုပ်ကြမလဲ မမ"

မလှမ်းမကမ်းတွင် ကားကိုရပ်လျက် ထူးက ဆူးကိုမေးသည်။ ဆူးမှာ အကြီးအကျယ်မျက်နှာပျက်ကာ ကိုကိုကျော်နှင့်စိမ့်တို့ကို အံကြိတ်ကြည့်နေ၏။

"ကိုယ်မေးတာဖြေလေ စိမ့်"

သူမေးတာကို မဖြေဘဲ စိမ့်က တိတ်နေသည်။ ထို့ကြောင့် ကျော်ဇေသာ ထပ်ပြောခြင်း။

"ဒါက ဦးကျော်ဇေသာတို့ ကိုယ်ရေးကိုယ်တာ ကိစ္စ ကျွန်မနဲ့မဆိုင်ပါဘူး ဦးကျော်ဇေသာ"

"ဘာလဲ ဆူးက ကိုယ်နဲ့ပတ်သက်ပြီး မင်းကို တစ်ခုခု ပြောထားသလား စိမ့်"

စိတ်မရှည်သောသူက စိမ့်လက်ကလေးကို ဖျတ်ခနဲ ဆွဲယူလျက် မေးလိုက်သည်။

"အို"

ဒါက စိမ့်နှုတ်မှထွက်ခြင်း။ သို့သော် သူတို့ကိုကြည့်နေသည် ဆူးနှင့်ထူးတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဟာ"

မောင်နှမနှစ်ယောက် အသံပြိုင်တူထွက်လျက် မျက်နှာ ကိုယ်စီ ပျက်ကုန်သည်။

စိမ့်က သူ့မလက်ကလေးကို ဆတ်ခနဲရုန်းယူလိုက်ပြီး

"ဒီလိုမျိုး မလုပ်ပါနဲ့၊ ဦးကျော်အောသာကို ဒီလောက်ထိ ကျွန်မဆက်ဆံတာ သူ့ခွေးကြောင့်ပါ၊ ခွင့်ပြုပါ"

သည်တစ်ခါတော့ စိမ့်မျက်နှာလေးတင်းလျက်ဖြင့် သူ့နား မှ လှည့်ထွက်ခဲ့၏။

ကျော်အောသာမှာ စိမ့်၏လှပသော နောက်ကျောပြင် ပြည့် ပြည့်လေးကို ငေးစိုက်ကြည့်ကာ သက်ပြင်းချလျက် ကျန်ရစ်ခဲ့လေ သည်။

• • •



"အဟင်း ဘယ်လောက်အံ့ဩစရာကောင်းလဲဟင်၊ ကိုကို ကျော် စိတ်ဝင်စားနေတာ စိမ့်တဲ့"

ကျော်အောသာနှင့် စိမ့်တို့ကို အတွေ့မခံဘဲ ဆူး အိမ်ပြန်ခဲ့ သည်။ ထူးလည်း တစ်လမ်းလုံး တိတ်ဆိတ်လာ၏။

အိမ်ရောက်တာနှင့် ဆူးမှာ ခံရခက်ဟန်ဖြင့် စီးကရက် သတ်သောက်ရင်း နာကျင်သလို ပြောခြင်း။

"ဟင်း ဒါဆို ကိုကိုကျော်ချစ်နေတဲ့ မိန်းကလေးဆိုတာ စိမ့်ပေါ့ မမ"

ဆူးမှာ မျက်နှာတင်းမာသွားလျက် နှုတ်ခမ်းဖိကိုက်သည်။

"ငါရဲ့ ပြိုင်ဘက်က ဒီလိုအဆင့်မရှိတဲ့ မိန်းမတစ်ယောက် ဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူး ထူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ မမ၊ စိမ့်က အဆင့်မရှိဘူး ဟုတ်လား၊ အဲဒါ ဘာကိုဆိုလိုတာလဲ မမ"

တဏှာသိုလ်တက်စဉ်တစ်လျှောက်လုံး စိမ့်၏ ရိုးသားတည်ကြည်မှုကိုသိသော ထူးက ဆုးစကားကြောင့် မခံနိုင်သလိုမေးမိ၏။

"ဘာကိုဆိုလိုတာလဲ ဟုတ်လား ထူး၊ ဟင်း ဒီနေ့လိုခေတ်မှာ ဟန်းဖုန်းတစ်လုံးတောင်မကိုင်နိုင်ဘဲ အလုပ်တောင်ငါပေးလို့ရထားတာ မဟုတ်လားထူး"

"ဒါ မမ စိမ့်ကို စော်ကားတာပဲ၊ စိမ့်ဟာ ဘဝကိုရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ဖြတ်သန်းတဲ့ မိန်းကလေးမျိုးပါမမ၊ ဟန်းဖုန်းမရှိတာနဲ့ မမက အထင်သေးရအောင် မမကောဘယ်သူ့ကြောင့် ဒီလိုတိုက်ကား ဖုန်းတွေရလာတာလဲဟင်"

စိမ့်အပေါ် ကျောင်းနေစဉ်ကတည်းက ကြိတ်ချစ်ခဲ့သောထူးမှာ ဆုးအား ထိုးနှက်လိုက်သလိုပါပဲ။

"ဘာ နင် ဘာပြောလိုက်တယ် ထူး၊ ဟုတ်တယ် ငါဒီလိုတွေ ပိုင်ဆိုင်လာတာ ကိုကိုကျော်ကြောင့်၊ အခု ဟိုမိန်းမကပါဒီလိုမျိုးတွေ လိုချင်လို့ ဖွင့်ကိုပစ်ပြီး ကိုကိုကျော်ကို ကပ်နေပြီလေ"





ထူး ခေါင်းခါယမ်းလိုက်သည်။ စိမ့်ဟာ ဒီလိုမိန်းကလေးမဟုတ်ဟု သူယုံ၏။

"ကျွန်တော်ကို ပစ်သွားတယ်မပြောပါနဲ့မမ၊ တကယ်တော့ ခုချိန်ထိ ကျွန်တော်နဲ့ စိမ့်က ဘာမှမဆိုင်ဘူး၊ ခုလို စိမ့်ကိုကိုကိုကျော်နဲ့အတူတွဲတွေ့တာကိုလည်း ကျွန်တော်နားမလည်ဘူးမမ"

ဆုးကတော့ ဒီကိစ္စထက် စိမ့်နှင့် ကိုကိုကျော်ဝေးကွာရအောင် ဘယ်လိုလုပ်ရမလဲ ကြံစည်နေ၏။

"နင်က စိမ့်ကိုလျှောတွက်ထားတာကိုး ထူး၊ ဘာပဲဖြစ်ဖြစ် မနက်ဖြန် နင်ဖွင့်ပြောပြီး စိမ့်ကို လက်ထပ်ဖို့ ကြိုးစားပါထူး"

"မမကကော"

"ကိုကိုကျော် စိမ့်ဘက်စိတ်မလည်အောင် ငါကြိုးစားမယ်"

ထိုမျှပြောပြီး ဆုးအခန်းထဲဝင်ခဲ့၏။ သေချာတယ်ဒီတစ်ညလုံး ဆုးအိပ်ပျော်မှာမဟုတ်ဘူးဆိုတာ။

ကိုကိုကျော် ကိုကိုကျော် လက်ထပ်ဖို့ငြင်းပြီး ဘာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့ စိမ့်ကိုမှ လာစိတ်ဝင်စားနေတာ အတော်ခံပြင်းစရာပါလား။

ဆူးလို့ပဲ အိပ်မပျော်သူက ထူး။ မျက်လုံးထဲမှာ ကျော်ဇောသာနှင့် စိမ့်ပုံရိပ်ကို မြင်ယောင်လျက် မကြာခဏ သက်ပြင်းချမိ၏။

စိမ့် စိမ့်။

မင်းဘယ်လိုဖြစ်ပြီ ကိုကိုကျော်လိုလူမျိုးနဲ့ တွဲမိတာပါလိမ့်။

မမပြောသလို စိမ့်က ကျော်ဇောသာအပေါ်မှာ စိတ်ဝင်စားနေသလား။ ဟား။

ထိုသို့တွေးမိတာနှင့် ထူးရင်ထဲ ဆုံးရှုံးသလိုခံစားရ၏။

မဖြစ်ဘူး စိမ့်။ မင်းက သိပ်ရိုးသားတယ် ကိုကိုကျော်ရဲ့ လှည့်စားတာ ခံလို့မဖြစ်ဘူး။

ထူးက ကျော်ဇောသာနှင့်ပတ်သက်ပြီး စိမ့်ကို သတိပေးဖို့ ဆုံးဖြတ်သည်။

ထိုစဉ် ထူးဖုန်းသံမြည်လာ၏။ ကြည့်လိုက်တော့ စိမ့်၏ အိမ်ဖုန်း။

"ဟဲလို"

"ထူး"

စိမ့်၏ခေါ်သံလေးက ထုံးစံအတိုင်း ကြည်လင်အေးချမ်းနေသည်။

"စိမ့် အိမ်ပြန်ရောက်နေပြီလား"

မေးလိုက်ရသောထူးမှာ အားအင်မပါသလို ဖြစ်မိသည်။

"အင်း ရောက်ပြီ ထူး၊ ဒါနဲ့ပွဲမှာ ထူးက ဘယ်ပျောက်သွားတာလဲ၊ စိမ့်စောင့်နေတာ ပြန်မလာဘူး"

အပြစ်တင်သံလေးနှင့် စိမ့်ပြောတော့ ထူး သက်ပြင်းချ၏။

"ငါ ပြန်လာပါတယ် စိမ့်၊ ဒါပေမယ့် ငါရောက်တော့ နင် မရှိတော့ဘူး"

"ဟုတ်တယ် ထူး၊ နင်ထွက်သွားပြီးမကြာခင် အမျိုးသားနှစ်ယောက် ငါ့ကို ရိုသဲသဲလာလုပ်လို့"

"ဟင် ဟုတ်လား၊ ဘယ်သူတွေလဲ စိမ့်"

ထူး အိပ်ရာထက်လှဲနေရာမှ ဝုန်းခနဲထလျက် စိမ့်အတွက် စိုးရိမ်စွာမေးသည်။

"ငါလည်း မသိဘူး ထူး၊ အဲဒီအချိန်မှာ ဦးကျော်ဇောသာ ရောက်လာပြီး ငါ့ကို ခေါ်ထုတ်သွားလို့"

"ဘာ ဒါဆို ဒီပွဲကို ကိုကိုကျော်လည်းလာတယ်ပေါ့ စိမ့်"







www.burmeseclassic.com

www.burmeseclassic.com



"အင်း ဟုတ်မှာပေါ့ ထူး၊ အပြင်ရောက်တော့ မီးပျက်သွားတာနဲ့ ငါလည်း အိမ်ပြန်လိုက်တာ၊ အခု နှင်ကော အိမ်ရောက်ပြီလား ထူး"

ဦးကျော်အောင်သာနှင့်စိမ့်တို့က မမထင်သလိုမဟုတ်ဘဲ မမျှော်လင့်ဘဲ တွေ့ကြတာဟု ထူးသိလိုက်တော့ စိတ်ထဲပေါ့ပါးသလို ခံစားလိုက်ရသည်။

"ငါလည်း ခုပဲ အိမ်ပြန်ရောက်တယ် စိမ့်၊ နင့်ကိုလိုက်ရှာသေးတယ်၊ ခုပဲ နင့်ဆီကို ဖုန်းဆက်မလို့ စိမ့်"

"တော်ပါ ငါ့ဆက်မှ၊ အေးလေ ဘာပဲဖြစ်ဖြစ် နင့်အိမ်ပြန်ရောက်ပြီဆိုတော့ ငါစိတ်အေးသွားပြီ ထူး"

"ဘာလဲ စိမ့် နင်ကငါ့အတွက် စိတ်ပူလို့လားဟင်"

ရင်ခုန်သံလို ထူးမေးမိ၏။

"စိတ်ပူတာပေါ့ဟဲ့၊ နင်က ငါ့သူငယ်ချင်းပဲ၊ ကဲ ဥဒ်နိုက်"

"ဟာ နေပါဦး စိမ့်"

သို့သော် စိမ့်ကဖုန်းချသွားသည်။ ထူးအခန်းထဲမှထွက်၍ ဆူးဆီလာခဲ့၏။





"ဘာလဲ ထူး"

အိပ်မပျော်သော ဆူးက ထူးကို မျက်မှောင်တွန့်မေးသည်။

"စိမ့် ခုပဲဖုန်းဆက်တယ် မမ"

"ဘာတဲ့လဲ ထူး"

"ကိုကိုကျော်နဲ့စိမ့်က မမျှော်လင့်ဘဲ တွေ့ကြတာပါ မမ"

ထူးက စိမ့်ပြောသည့်အတိုင်း ဆူးအား ရှင်းပြလိုက်၏။ အားလုံးနားထောင်ပြီးနောက် ဆူး ခေါင်းခါယမ်းသည်။

"သူတို့ ဘယ်လိုကြောင့်ပဲတွေ့တွေ့ ကိုကျော်စိတ်ဝင်စားတာ စိမ့်ပဲ ထူး၊ ဒါကို စိမ့်ဘက်ကမရိပ်မိခင် နင် အမြန်ဖွင့်ပြောပါ"

"စိမ့်က လက်မခံရင်ကော မမ"

"ဘာ ခုပဲ နင့်အတွက် စိတ်ပူလို့ စိမ့် ဖုန်းဆက်တာမဟုတ်လား"

"ဒါက သူငယ်ချင်းတစ်ယောက်အနေနဲ့"

"တော်စမ်း ထူး၊ နင်ယောကျ်ားမဟုတ်ဘူးလား၊ သူ့စိမ်းယောကျ်ားလေးနဲ့ မိန်းကလေးကြားမှာ ဘာသူငယ်ချင်း သံယောဇဉ်မှမရှိဘူး တစ်ခုပဲရှိတယ် သိလား"

ဆူးစကားကို ထူးသဘောပေါက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သားပဲ စိမ့် သံယောဇဉ်ရှိလို့သာ သူ့အတွက် စိတ်ပူတာ။

"စိတ်ချ မမ၊ ကျွန်တော် စိမ့်ရဲ့အချစ်ရဖို့ အစွမ်းကုန်ကြိုးစားပါ့မယ်"

"အင်း သေချာအောင်သာလုပ်ပါ၊ ကဲ သွားတော့"

ပျော့ညံ့လွန်းသော ထူးကို ဆူးအားမရပါ။ မောင်နှမလာတော်နေ၍ စိတ်လျှော့ထားခြင်းဖြစ်သည်။

ထူးထွက်သွားမှ ဆူးသက်ပြင်းရှည်ကြီးချလိုက်၏။

● ● ●



ဆိုင်ထဲဝင်လိုက်တာနှင့် စိမ့်ကို အရင်ရှာမိသည်။ တွေ့လိုက်ပါပြီ။ မရှေ့စိမ့်က မနေ့ညက ဘာမှမဖြစ်ခဲ့သည့်အတိုင်း ဝန်ထမ်းတွေနှင့် ရယ်မောကာ အလုပ်လုပ်နေလို့။

"ဟော သူဌေးလာပြီ"

တစ်စုံတစ်ရာပြောလိုက်မှ စိမ့်လှည့်ကြည့်မိသည်။ စိမ့်ကို ခပ်စူးစူးစိုက်ကြည့်နေသော ဆူးကြောင့် ရုတ်တရက် နားမလည်ဖြစ်သွား၏။

သို့သော် ထုံးစံအတိုင်း စိမ့်မှစနှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါ သူဌေး"

သည်တော့မှ ဆူးက သတိဝင်လာသလို တင်းမာသော မျက်နှာလေးဖြင့်စိမ့်အား



www.burmeseclassic.com

www.burmeseclassic.com



"မင်းလိုက်ခဲ့ဦး"

ဟုပြောပြီး ရုံးခန်းဆီတက်သွား၏။ ဆူးမခေါ်လည်း စိမ့်မှာ မနေ့ကဝတ်စုံ ပြန်အပ်ရမည်မို့ အတော်ဖြစ်သွားရသည်။

ရုံးခန်းတံခါးတွန်းဖွင့်ကာ စိမ့်ဝင်တော့ ဆူးသည်ဆုံလည် ထိုင်ခုံမှာ ခပ်မတ်မတ်ထိုင်လျှက် စိမ့်ကို လှမ်းကြည့်သည်။

"ဒါ မနေ့က ကျွန်မဝတ်သွားတဲ့ ဝတ်စုံပါ သူဌေး"

ဝတ်စုံထုပ်ကို စားပွဲပေါ်တင်ပေးရင်း စိမ့်ပြောလိုက်၏။

"မနေ့ညက အဆင်ပြေရဲ့လား စိမ့်"

"ရှင် ဟုတ်ကဲ့"

အေးစက်သောလေသံနှင့် ဆူးမေးလာတာကြောင့် စိမ့်ခေါင်းညိတ်လိုက်ရ၏။

မနေ့ညက ဘာတွေဖြစ်ခဲ့တယ်ဆိုတာ ထူးအားလုံး သိပြီးသားပဲ။ ဆူးကို ပြန်မပြောဘူးလားဟု တွေးမိ၏။

"အဟင်း မင်းက ညာတတ်သားပဲ စိမ့်၊ မနေ့ညက မင်းနဲ့ထူးတို့ ပွဲထဲမှာပဲ ကွဲလာကြတယ်ဆို"

"ဘယ်လိုပြောလိုက်တာလဲ သူဌေး၊ ကျွန်မ မညာတတ်ပါဘူး၊ မနေ့ညက ပွဲခင်းထဲရောက်တဲ့အထိ ထူးနဲ့ကျွန်မ အဆင်ပြေ





တာပဲ၊ မီးတွေပျက်သွားမှ"

စိမ့်ပြောလက်စရပ်ပစ်၏။ ဆူးက တင်းမာဟန်ဖြင့်ကြည့်နေသည်။

"ဆက်ပြောလေ စိမ့်"

အမိန့်ပေးသံဖြင့်ပြော၏ စိမ့်သက်ပြင်းလေးချမိ၏။

"မနေ့ညက အကျိုးအကြောင်းအားလုံး ထူးသိပြီးသားမို့ သူဌေးလည်း သိမယ်ထင်ပါတယ်"

"ဘာလဲ ကိုကိုကျော်က မင်းကို ပြန်ပို့တဲ့ကိစ္စလား စိမ့်"

ဆူးမေးတော့ စိမ့် တိတ်နေလိုက်သည်။ ဒါကိုပဲ ဆူးခံရက်ကာ

"မင်းကို လွှတ်လိုက်တာ ထူးနဲ့၊ ပြန်လာတော့ ကိုကိုကျော် ဟုတ်လား ပြောစမ်းပါဦး၊ မင်းနဲ့ ကိုကိုကျော် ဘယ်တုန်းက ချိတ်အဆက် လုပ်လိုက်တာလဲ"

"အို ဟင့်အင်း၊ ဒီပွဲကို ဦးကျော်ဇေသာရောက်လာတယ်ဆိုတာ ကျွန်မမသိဘူး သူဌေး၊ နောင့်ယှက်တဲ့လူတွေပေါ်လာမှ ကျွန်မကို လာခေါ်တာပါ"

အဖြစ်မှန်ကို စိမ့်ရှင်းပြပေမယ့် ဆူးမျက်နှာ ယုံကြည်ဟန်



www.burmeseclassic.com

www.burmeseclassic.com



မပြုပါ။

"ဆိုင်ကို ကိုကိုကျော်လာကတည်းက မင်းက ဟန်ဆေ တပြုပြုနဲ့ ကိုကိုကျော်နဲ့ရင်းနှီးဖို့ ကြိုးစားခဲ့တာ မဟုတ်လား စိမ့်"

စိမ့်မျက်နှာကို စူးစူးကြည့်၍ ဆူးစွပ်စွဲလိုက်ခြင်း။ စိမ့်မျ နှာလေး နီခနဲဖြစ်သွားသည်။

"ကျွန်မကို ဒီလိုမပြောပါနဲ့ သူဌေး၊ ဦးကျော်ဇောသာ သူဌေးရဲ့ ရင်းနှီးတဲ့မိတ်ဆွေအဖြစ် ကျွန်မ ဂရုစိုက်ခဲ့တာပါ၊ အဲ လိုလုပ်ဖို့ သူဌေးကိုယ်တိုင် ကျွန်မကို မှာခဲ့တာမဟုတ်လား"

"ဘာ မင်း ငါ့ကို အခုပြန်ပြောနေတာလား စိမ့်"

ဆူးက နေရာမှ ဝုန်းခနဲထ၍ မေးသည်။ စိမ့် ခေါင်း ယမ်းလိုက်၏။

"ကျွန်မကို သူဌေး ဘာကြောင့် ဒီလိုစွပ်စွဲတာလဲဟင် ကျွန်မ ကိုယ့်အလုပ်ကိုယ်လုပ်ခဲ့တာပါ"

"အဟင်း ဘာကြောင့် စွပ်စွဲတယ်ဟုတ်လား၊ ညာ မင်းနဲ့ ကိုကိုကျော်တို့နှစ်ယောက် ဆွဲလားရမ်းလားပုံကို ငါကိုယ်တိုင် ဟော့ဒီမျက်စိနဲ့ တပ်အပ်မြင်ခဲ့တာစိမ့်"

"ဟင်"





ဒါဆို မနှေးညက ဦးကျော်ဇောသာလိုက်ပို့ချိန်မှာ ဆူးတို့ မြင်နေသည်ပေါ့။ စိမ့်ဖုန်းဆက်တော့ ထူးအသံမကောင်းသလိုဖြစ်နေ တာ ဒီကိစ္စကြောင့်ကိုးဟု စိမ့်သိလိုက်၏။

"ခုတော့ မင်းမဖြေနိုင်တော့ဘူးမဟုတ်လား စိမ့်"

တိတ်ဆိတ်သွားသော စိမ့်ကိုကြည့်လျက် ဆူး ခပ်မဲ့မဲ့မေး ၏။

စိမ့် သက်ပြင်းလေးချလိုက်သည်။

"ဖြေနိုင်ပါတယ် သူဌေး၊ မနှေးညကလည်း ကျွန်မကို ပြန်လိုက်ပို့တာ ဦးကျော်ဇောသာ ဖြစ်တဲ့အကြောင်း ထူးကိုပြောခဲ့ ပြီးပါပြီ"

"မင်းက သူနဲ့ ဘယ်လောက်ရင်းနှီးလို့ သူလိုက်ပို့တာကို လက်ခံရတာလဲစိမ့်၊ အဟင်း အဲဒီလူက မိန်းကလေးလှလှမြင်ရင် သိပ်အခွင့်အရေးပေးချင်တာ၊ တကယ်တော့ ဒါ သူ့အကျင့်လေ"

ဆူးက ခေါင်းမော့၊ လက်လေးပိုက်၍ ပြုံးမဲ့မဲ့မျက်နှာဖြင့် ဦးကျော်ဇောသာ မကောင်းကြောင်း ပြောနေတာကြောင့် စိမ့် အံ့ဩ သွား၏။

"ဒါပေမယ့် ဦးကျော်ဇောသာက သူဌေးလက်ထပ်မယ့်



www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းလောင်းမဟုတ်လား၊ ဒါကြောင့် ကျွန်မကလည်း သူဌေးနဲ့ ပတ်သက်ပြီး ယုံကြည်မိလို့ သူလိုက်ပို့တာ လက်ခံမိတာပါ သူဌေး''

စိမ့်၏စကားက ဆူးကို တစ်စုံတစ်ရာ သတိပေးလိုက် သလို ဖြစ်သွားသည်။ ယခုချိန်ထိ ကိုကိုကျော်က ဆူးကို လက်ထပ် ဖို့ ငြင်းပယ်ခဲ့တာ စိမ့်မသိပေ။ ထို့ကြောင့် ဆူးပြောထားတဲ့စကား ကိုပဲ စိမ့် ယုံနေ၏။

ချက်ချင်းပဲ ဆူး ကြည်လင်စွာ ပြုံးလိုက်သည်။

''ဆောရီးပဲ စိမ့်ရယ်၊ တကယ်တော့ ကိုကိုကျော်ရဲ့ အခံ အကျင့်တွေ မကြိုက်ပေမယ့် တို့နဲ့သူက လက်ထပ်ဖို့ဆုံးဖြတ်ပြီးသား လေ၊ သူနဲ့ပတ်သက်ပြီး တို့ မကြာခဏ ဒီလိုဖြစ်ရတယ်၊ တကယ် တော့ မင်းက တို့နဲ့ပတ်သက်ပြီး ကိုကိုကျော်အပေါ် ယုံလို့ လိုက် သွားတာပဲ၊ အဟင်း တို့နားလည်သွားပါပြီ စိမ့်''

သည်တော့မှ စိမ့် သက်ပြင်းကြိတ်ချနိုင်၏။ နောက်တစ်ခါ ဦးကျော်ဇောသာနှင့် မပတ်သက်ဖို့ စိမ့် တစ်ခါတည်း ဆုံးဖြတ် လိုက်သည်။

''ဒါဆို ကျွန်မကို ခွင့်ပြုပါသူဌေး''





နှုတ်ဆက်ရင်း စိမ့် ထရပ်လိုက်၏။

''အို နေပါဦး စိမ့်၊ ဒီဝတ်စုံက မင်းအတွက် တို့ရဲ့ လက်ဆောင်ပါကွယ်''

''ရှင်''

မနေ့ညကဝတ်စုံကို ဆူး ပြန်ပေးရင်းပြောတာကြောင့် စိမ့် အံ့သြသွား၏။

''အဟင်း…အမှန်တော့ တို့ရဲ့လက်ဆောင်ဆိုတာထက် ဆူးရဲ့လက်ဆောင်ဆိုရင် ပိုမှန်ပါလိမ့်မယ် စိမ့်''

''ရှင် သူဌေးဘာကိုဆိုလိုတာလဲဟင်၊ ကျွန်မ နားမလည် ဘူး''

ရိုးသားသောမျက်နှာဖြင့် စိမ့် မေးလိုက်တော့ ဆူး ပြုံး၏။

''တကယ်တော့ မင်းလည်းရိပ်မိမှာပါ စိမ့်၊ ထူးက မင်းကို စိတ်ဝင်စားနေတယ်ဆိုတာ၊ တို့ကလည်း မင်းနဲ့ထူးကို သဘောတူ ပါတယ် စိမ့်၊ ဒါကြောင့် မနေ့ညကပွဲကို မင်းတို့နှစ်ယောက်ကို အမင်တက်နိုင်းလိုက်တာပါစိမ့်''

သည်တော့မှ ဆူး၏ရည်ရွယ်ချက်ကို စိမ့် သိလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စိမ့်အပေါ် သဘောတွေကောင်းပြကာ လိုက်လျှောနေခြင်းကိုး။

စိမ့်က ဝတ်စုံကို ဆူးဘက် ပြန်တွန်းပို့ပေးလိုက်သည်။

"ဝမ်းနည်းပါတယ် သူဌေး၊ ဒီဝတ်စုံကို ကျွန်မ လက်မခံနိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ထူးအပေါ် ကျွန်မအနေနဲ့ သူငယ်ချင်းဆိုတာထက် မပိုပါဘူးရှင်"

"ဘာ…မင်းက"

ရုတ်တရက် မောင်ဖြစ်သူကို အငြင်းခံလိုက်ရတာကြောင့် ဆူး ဆက်လက်ဟန်မဆောင်နိုင်အောင် ဖြစ်သွား၏။ ထိုအချိန် ရုံးခန်းပြင်ဘက်မှာ တိုက်ဆိုင်စွာရောက်နေတာက ထူး။

စိမ့်၏ပြတ်သားစွာ ငြင်းခြင်းခံလိုက်ရတာကြောင့် စိတ်ထိခိုက်သွားရသည်။

စိမ့်ရယ်။

"ဘာလဲ ငါ့မောင်က ကုမ္ပဏီပိုင်ရှင်သူဌေး မဟုတ်လို့လားစိမ့်"

"မမ"





ဆူးဘက်က စကားတွေလွန်လာပြီမို့ ထူး ရုံးခန်းထဲဝင်လိုက်ရ၏။ စိမ့်၏ ဖြူနုသောမျက်နှာလေးမှာ နီမြန်းလျက် ထူးကို လှမ်းကြည့်သည်။

"သြော် မင်းရောက်လာတာနဲ့အတော်ပဲ ထူး၊ သူက မင်းကိုငြင်းတယ်လေ"

ထူး စိတ်ပျက်စွာဖြင့် အစ်မဖြစ်သူကို ကြည့်မိ၏။

"မမနဲ့စိမ့်တို့ပြောတာတွေ ကျွန်တော် အားလုံးကြားခဲ့ပြီးပါပြီ၊ မမ ဘာကြောင့် ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စထဲ ဝင်ပါတာလဲဟင်"

"ဘာ…မင်းက ငါ့ကို အပြစ်တင်နေတာလား ထူး၊ မင်း သတ္တိမရှိလို့"

"တော်ပါ မမ"

ထူးက ဆူးကို တင်းမာသောအသံဖြင့် ဟန့်တားလိုက်ပြီး စိမ့်ဘက် လှမ်းကြည့်၏။

"စိမ့် သွားတော့"

ထိုနေရာမှာ စိမ့် ကြာရှည်ဆက်မနေချင်တာကြောင့် လှည့်ထွက်ခဲ့သည်။ ရင်ထဲမှာ အလိုလိုဝမ်းနည်းမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် ဒီလိုကိစ္စတွေ ငါ့မှာဖြစ်ပေါ်ရတာလဲဟု စိမ့်စိတ်မကောင်းစွာ တွေးမိလေသည်။

● ● ●



"နင့်ကို ငါတောင်းပန်ပါတယ် ထူး"

ညနေရုံးဆင်း၍ အိမ်ပြန်ချိန်မှာ ထူးနှင့်ဆုံသည်။ ထူးမျက်နှာက သိသာစွာပျက်နေ၏။

စိမ့် တောင်းပန်တော့ ထူး မချိသလိုပြုံးသည်။

"ဘာလဲ နင်က ငါ့ကိုငြင်းတဲ့အတွက်လား စိမ့်၊ ဒါဆို မလိုပါဘူးဟာ၊ မမပြောသလို ငါ နင့်ကိုစိတ်ဝင်စားခဲ့တာ အမှန်ပဲ၊ အချစ်ဆိုတာ လွတ်လပ်ခွင့်ရှိတယ်လေ၊ ငါကလည်း နင့်ကို ကိုယ့်ဘာသာ ချစ်ခွင့်ရှိသလို နင့်ဘက်ကလည်း ငြင်းခွင့်ရှိပါတယ် စိမ့်"

"ထူးရယ်"

မှန်တာပြောရလျှင် စိမ့်ဘဝမှာ အခင်မင်ဆုံး သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေးအဖြစ် ထူးတစ်ယောက်သာရှိ၏။ ထို့ကြောင့် စိမ့်အတွက် ထူး ခံစားရတာ မလိုလားပါ။

သို့သော်

ဒါဟာ အချစ်နဲ့ဆိုင်တယ်လေ။

"နေ့လယ်က မမလွန်တာတွေအတွက် ငါကလည်း နင့်ကို တောင်းပန်ပါတယ် စိမ့်"

"မလိုပါဘူး ထူးရယ်၊ တကယ်တော့ ငါကလည်း ဦးကျော်ဇောသာနဲ့ သွားပတ်သက်မိတာကိုး"

စိမ့်က ဘာသာအပြစ်တင်၏။ ထူး ခေါင်းခါယမ်းသည်။

"ဒါပေမယ့် နင်က မရိုးသားတဲ့စိတ်နဲ့မှ မဟုတ်ဘဲ စိမ့်"

"ခုလို နင် နားလည်ပေးတာ ကျေးဇူးတင်ပါတယ်ထူး၊ ဘာပဲဖြစ်ဖြစ် ဦးကျော်ဇောသာနဲ့ ပတ်သက်ရင် ငါ့ဘက်က ဆင်ခြင်ရမယ်ဆိုတာ သဘောပေါက်ပါတယ်"

ထူး သက်ပြင်းချကာ စိမ့်ကိုကြည့်၏။

"အမှန်တော့ ငါလည်း သတိပေးချင်တာပါ စိမ့်၊ ကိုကို ကျော်ဟာ ငါ့အစ်မအပါအဝင် မိန်းကလေးအတော်များများနဲ့ ရှုပ်တတ်တဲ့လူပါ"





စိမ့် ခေါင်းညိတ်သည်။ အစကတည်းက ဦးကျော်ဇောသာကို စိမ့် အထင်မကြီးခဲ့ပါ။ စိမ့် သူ့ကြောင့် ရှုပ်ထွေးမှုတွေ စင်ကတည်းက တောင်းပန်ဖော်ရခဲ့တာမှ မဟုတ်ဘဲ။

"ချမ်းသာတဲ့ယောကျ်ားတွေအတွက် သူတို့ရဲ့ ပြည့်စုံချမ်းသာမှုက လက်နက်တစ်ခုဆိုပေမယ့် အဲဒါ တချို့မိန်းကလေးတွေအတွက် ဖြစ်ချင်ဖြစ်မှာပါ ထူး၊ ဒါပေမယ့် ငါ့အတွက်တော့ မဟုတ်ဘူးဆိုတာ နင်ယုံကြည် ထူး"

ကိုယ့်အားကိုယ်ကိုးတတ်သော စိမ့်၏စိတ်ဓာတ်ကို ထူး သိသည်။

"ငါယုံပါတယ် စိမ့်"

"နင် ငါ့ကိုယုံပေးတဲ့အတွက် ကျေးဇူးပါပဲ ထူး"

"စိမ့်"

"ဟင်"

"နင်နဲ့ငါ မချစ်နိုင်ပေမယ့် တစ်သက်လုံး သူငယ်ချင်းအဖြစ်တော့ နေလို့ရတယ်မဟုတ်လားဟင်"

"အို ရတာပေါ့ထူးရယ်၊ နင်ဟာ ငါ့ရဲ့ အကောင်းဆုံးသူငယ်ချင်းပါ ထူး"



www.burmeseclassic.com

www.burmeseclassic.com



လှိုက်လှဲစွာပြုံးရင်း စိမ့် ပြောလိုက်သည်။ ထူးအတွက်တော့ 'အချစ်'ဆိုတာ ပိုင်ဆိုင်လိုခြင်းမဟုတ်။ ကိုယ့်ဘက်က ပေးဆပ်ခြင်းဟု ယုံကြည်၏။

"နှင့်ကို တစ်ခုတော့ ကြိုတောင်းပန်ချင်တယ် စိမ့်"

"ဘာများလဲ ထူး"

"မမက နှင့်အပေါ်ဆက်ဆံတာ လွန်တယ်ဆိုတာ ငါသိပါတယ်စိမ့်၊ အဲဒီအတွက် နှင် စိတ်အနှောင့်အယှက်ဖြစ်လာလို့ တစ်ခုခုဆုံးဖြတ်ပြီဆိုရင် ငါ့ကိုကြိုပြီး အသိပေးပါ စိမ့်"

ဆူးနှင့်ပတ်သက်ပြီး စိမ့် အနှောင့်အယှက်ဖြစ်ခဲ့ရတာတွေ ရှိပါ၏။ သို့သော် ထူးမျက်နှာဖြင့် သည်းခံခဲ့သည်။

ယခုလို ထူးပြောလာတော့ စိမ့် ခေါင်းညိတ်ကတိပေးသည်။

"အေးပါ ထူးရယ်၊ တကယ်တော့လည်း သူ့ဒွေးက သနားစရာကောင်းပါတယ်"

"ဟင်"

သည်လောက်မောက်မာရင့်သီးစွာ ဆက်ဆံတဲ့ မဆူးကို စိမ့်က သနားတယ်ဆိုတာကြောင့် ထူး အံ့ဩသွား၏။





"ဟုတ်တယ် ထူး၊ သူ့ဒွေးက ဦးကျော်ဇောသာအပေါ် အတော်သည်းခံနိုင်တယ်"

"စိမ့်က ဘာကြောင့် အဲဒီလိုထင်ရတာလဲ"

ထူးက စိမ့်ကို နားမလည်သလိုမေး၏။ ဆူးလောက် ဘယ်သူ့အပေါ်မှ သည်းမခံတတ်တာ ထူး အသိဆုံးပေ။

"အို ကိုယ်လက်ထပ်မယ့် ခင်ပွန်းလောင်းအပေါ် မိန်းမ တစ်ယောက်အနေနဲ့ သူ သဝန်တိုတာ မဆန်းပါဘူး ထူး"

"ဘာ ကိုကိုကျော်က မဆူးလက်ထပ်မယ့် ခင်ပွန်းလောင်းဟုတ်လား၊ အဲဒါ မမက တစ်ယောက်တည်း စိတ်ကူးယဉ်နေတာစိမ့်"

"ဘာ"

"ဟုတ်တယ် စိမ့်၊ တကယ်တော့ ကိုကိုကျော်က မမကို ဘယ်တုန်းကမှ လက်ထပ်ဖို့ စဉ်းစားခဲ့တာမဟုတ်ဘူး၊ အမှန်တော့ မမကိုမှမဟုတ်ပါဘူးလေ သူ ဘယ်မိန်းမကိုမှ လက်ထပ်ချင်တာ မဟုတ်ဘူး စိမ့်"

"ဟင်"

ထူးပြောသော စကားများကြောင့် စိမ့် အံ့အားသင့်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ဆူးပြောတာနှင့် တခြားစီပါလား။

"ကိုကိုကျော်က ငါ့ရဲ့ခင်ပွန်းလောင်းပဲ"

မျက်နှာလေးမော့ကာ ဂုဏ်ယူဟန်ဖြင့် ဆူး ပြောခဲ့သည်။

"ဒါဆို သူဌေးက ဦးကျော်ဇောသာရဲ့ သစ္စာဖောက်တာ ခံရတာလား ထူး"

ထူး ခေါင်းခါယမ်းသည်။

"မဟုတ်ဘူး၊ ကိုကိုကျော်က အစကတည်းက အဲဒီလို လူမျိုးပဲ၊ ဒါကို မမသွားကပ်တာလေ၊ ဒါပေမယ့် ကိုကိုကျော်က တော်ပါတယ်၊ မမအတွက် လိုလေသေးမရှိအောင် အားလုံးဖြည့် ဆည်းပေးခဲ့တယ်"

ရိုးသားသော ထူးကတော့ အဖြစ်ကို စိမ့်အား တစ်ခါ တည်း ပြောပြသည်။

"ဒါပေမယ့် ထူးအစ်မကို သူက လက်မထပ်ချင်ဘူး လေ"

"ကိုယ်မချစ်တဲ့ မိန်းမတစ်ယောက်ကို ဘယ်သူက လက်ထပ်ချင်မှာလဲ စိမ့်ရယ်၊ ယောက်ျားတွေအတွက် လက်ထပ် တယ်ဆိုတာ ကိုယ်တကယ်ချစ်တဲ့ မိန်းမနဲ့ကြမှ ဆုံးဖြတ်တာပဲ"





ယောက်ျားတစ်ယောက်၏ ကိုယ်ပိုင်ခံစားချက်ကို ထူးက သိနေ၍ ပြောလိုက်ခြင်း။

"ဒီလိုဆိုရင် သူဌေးက ဦးကျော်ဇောသာကို ချစ်နေတာ ပေါ့ ထူး"

"ဒါလည်းမဟုတ်ဘူး၊ မေတ္တာဆိုတာ အသွားအပြန်ရှိ တယ်ဆိုတာ တကယ်မှန်တယ်၊ မမက ဦးကျော်ဇောသာကို ချစ်တာ ထက် ဦးကျော်ဇောသာရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောတာ စိမ့်"

"အို"

သည်လောက်ဆို စိမ့် သဘောပေါက်ပါပြီ။ ဆူး၏ ချက်ဝန်းတို့သည် လောဘကြောင့် အမြဲတောက်ပလျက် ဦးကျော် ဇောသာကို မြင်လျှင် ဟန်မဆောင်နိုင်လောက်အောင် ဖျတ်ဖျတ် လက်သွားတတ်၏။

သို့သော် ဦးကျော်ဇောသာမျက်နှာကတော့ ပုံမှန်။ အပြင် အဆင် အခြယ်အသများနှင့် ဆူးကို တစ်ချက်မကြည့်ပေ။

"ဆူး လုပ်စရာရှိတာ သွားလုပ်ပါ၊ ကိုယ် ဆူးဆီလာတာ မဟုတ်ဘူး"

အနားမှာ စိမ့်တစ်ယောက်လုံး ရှိနေတာတောင် ဦးကျော်



www.burmeseclassic.com

www.burmeseclassic.com



ဓောသာက ဆူးကို အားနာခြင်းမရှိဘဲ အပြတ်ပြောတတ်ခဲ့တာ ဒါကြောင့်ပါလား။

"မမတော့ ငါပြောတဲ့စကားတွေကြားရင် ဘယ်လောက် ဒေါပွလိုက်မလဲစိမ့်၊ တကယ်တော့ မမ ဒီလိုလုပ်နေတာကို ငါကိုယ် တိုင် မကြိုက်ဘူးစိမ့်၊ ဒါပေမယ့် ငါ့မှာ တားပိုင်ခွင့်မရှိဘူးလေ"

"နင့်ခံစားချက်ကို ငါနားလည်ပါတယ် ထူး"

အစ်မဖြစ်သူနှင့် ပတ်သက်လျက် ရင်ထဲ မျိုသိပ်ထားရ တာတွေ ပြောလိုက်ရ၍ ထူးစိတ်ထဲ အတော်အသင့်မှာ ပေါ့ပါးသွား ရ၏။

သည်လို ရင်ဖွင့်ရတာကလည်း စိမ့်က ထူး၏ အရင်းနှီး ဆုံးသူမို့လို့လေ။

• • •



"ဟင်...ဦးကျော်ဓောသာ"

ဆိုင်ထဲသို့ဝင်လာသော သူ့ကို မြင်လိုက်တာနှင့် စိမ့် မျက်နှာမပျက်အောင် သတိထားလိုက်ရ၏။

"အေးမာ...ဟိုညှေ့သည်ကို သွားကြိုလိုက်"

"ရှင်၊ ဟုတ်ကဲ့ မစိမ့်"

စိမ့်က တစ်နေရာမှာ ကွယ်နေလိုက်၏။ အေးမာက စိမ့် ခိုင်းတဲ့အတိုင်း ပြုံးရွှင်သွက်လက်စွာဖြင့် ဦးကျော်ဓောသာကို သွား ကြိုသည်။

"ကြွပါရှင်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယသာမှာ သူလာလျှင် ကြိုနေကျ စိမ့်မဟုတ်ဘဲ တခြားတစ်ယောက်ဖြစ်နေ၍ မျက်မှောင်တွန့်သွားရ၏။

"လူကြီးမင်းတို့အတွက် အမျိုးသားဝတ်ဒီဇိုင်းအသစ်တွေ ရောက်နေပါတယ်၊ ဒီဘက်ကြွပါရှင်"

သို့သော် ကျော်ဇေယသာက နေရာမှ ဖျတ်ခနဲရပ်လျက် အေးမာအား ခပ်တည်တည်ကြည့်၏။

"စိမ့်ကော"

"ရှင်"

"စိမ့်ကိုသွားခေါ်ပေးပါ၊ ကိုယ် သူရှင်းပြတာကိုပဲ လိုချင်တယ်"

"ရှင်၊ ဟုတ် ဟုတ်ကဲ့"

ခန့်ညားချောမော၍ ချမ်းသာပြည့်စုံသော အရှိန်အဝါကြီးသည် ဦးကျော်ဇေယသာ၏ စကားကို အေးမာ မလွန်ဆန်ရဲသည့်အလား ခပ်သွက်သွက်လေး စိမ့်ထံ ထွက်လာ၏။

"မစိမ့် ဧည့်သည်က မစိမ့်ကိုမေးနေတယ်"

"ဩော် ...အင်း"

အေးမာက မပြောခင်ကတည်းက စိမ့်ကြားခဲ့ပြီမို့ မယ်





ချင်ယောင်ဆောင်၍ မရတော့ပေ။

ကိုယ်က ဒီဆိုင်ရဲ့ဝန်ထမ်းဆိုတော့ ဧည့်သည်အလိုကျ ဆောင်ရွက်ပေးရုံသာ။

ထို့ကြောင့် သူ့ထံ ထွက်ခဲ့လိုက်သည်။

စိမ့်လာတာကို သူ ခပ်တည်တည်လှမ်းကြည့်၏။ စိမ့် သိချင်ယောင်ဆောင်ကာ...

"လူကြီးမင်းက ကျွန်မကိုခေါ်တယ် ပြောပါတယ်ရှင်"

"မင်း ကိုယ့်ကိုရှောင်နေတာလား စိမ့်"

"အို...မ မဟုတ်ဘူး၊ ကျွန်မ အလုပ်ရှိနေလို့ပါ"

လိမ်ညာဖို့ ကြိုးစားနေသော စိမ့်မျက်နှာကိုကြည့်ကာ ကျော်ဇေယသာ ခပ်လွန့်လွန့်ပြုံးသည်။

မင်းငယ်ပါသေးတယ် မိန်းကလေးရယ်။

"ကိုယ် ဝတ်စုံနှစ်စုံလောက် လိုချင်တယ်၊ မင်းရွေးပေးပါ စိမ့်"

"ကျွန်မ လိုက်ပြပါ့မယ်၊ လူကြီးမင်း ကြိုက်တာရွေးပါရှင်"

"မလိုချင်ဘူး၊ ကိုယ်က မင်းရွေးတာပဲ လိုချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



စိမ့်''

ဒါ သူတမင် စိမ့်ကို အလုပ်ပေးခြင်းဟု နားလည်လိုက်၏။ သူနှင့်စိမ့် မျက်ဝန်းချင်းဆုံတော့ သူ ဖျတ်ခနဲ မျက်စိမှိတ်သည်။

''အို''

စိမ့်မျက်နှာလေး နီသွားလျက် တစ်ဖက်လှည့်လိုက်၏

''အေးမာ''

''ရှင် မစိမ့်''

''သူဌေးဆီကို လူကြီးမင်းရောက်နေတဲ့အကြောင်း ဖုန်းဆက်ပေးပါ''

ဆိုင်မှာ ဆူးရှိမနေတာကြောင့် ဝတ္တရားအတိုင်း စိမ့် အေးမာကို ခိုင်းလိုက်၏။

''မဆက်နဲ့၊ ကိုယ်လာတာ သူ့ဆီ အကြောင်းကြား မလိုဘူး စိမ့်''

သူ မကြိုက်ဟန်ဖြင့် ခပ်ပြတ်ပြတ်ဝင်ပြောသည်၊

''ဒါပေမယ့် သူဌေးက''

''မင်းတို့ဝန်ထမ်းဆိုတာ ဆိုင်မှာ ပစ္စည်းရောင်းကော





...ဓိကမဟုတ်လား စိမ့်၊ ဒါကြောင့် ဧည့်သည်ကျေနပ်အောင် ...ဆောင်သင့်တယ်လေ''

''ကျွန်မ သဘောပေါက်ပါပြီ''

အမှန်လည်း စိမ့်တို့အလုပ်က ဒီဆိုင်ရဲ့ ရောင်းအားကောင်း ...တာဝန်ပင်။ တခြား ကိုယ်ရေးကိုယ်တာတွေမပါ။

ထို့ကြောင့် သူမကြိုက်သောအလုပ်ကို မလုပ်စေတော့ပေ။ ...ရားကျေစွာ စိမ့်က သူ့ကို ဝတ်စုံများ ရွေးပေး၏။

''ဒီအစိမ်းနုရုပ်အင်္ကျီလေးနဲ့ဆိုရင် လူကြီးမင်းအတွက် ...သင့်ပြေမယ်ထင်ပါတယ်ရှင်''

စိမ့်ပြသမျှ သူက ကျေနပ်စွာယူကြည့်သည်။ စိမ့်လက်ထဲ ...အင်္ကျီကို ယူလိုက်ချိန် လက်ချင်းထိမိသွား၏။

''ကောင်းသားပဲ စိမ့်''

သူ့အတွက် လက်ချင်းထိမိတာလောက် မထူးဆန်းပေမယ့် ...ပိုတောင်မသန်းဖူးတဲ့ စိမ့်က မျက်နှာလေး ပန်းနုရောင်ပြေးနေ၏။

အဟွန်း…သူစိတ်ထဲက ကြိတ်ပြုံးလိုက်၏။ တကယ်ပဲ ...မှာ သူတွေ့ဖူးသမျှ မိန်းကလေးတွေနှင့် မတူအောင် ရိုးသား



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်သူလေးပဲ။

"နောက်တစ်ထည်ကကော"

"ဟုတ်ကဲ့၊ ဒီအပြာနုစင်းလေးဆိုရင်ကော"

"ကြည့်မယ်လေ"

သည်တစ်ကြိမ်တော့ စိမ့်က အကင်းပါးပြီး လက်ချင်း မထိအောင် ဒတိသားလျက် သူ့ကိုလှမ်းပေးသည်။

"ဒီမှာစိမ့်"

"ရှင်"

"မနက်ဖြန် ကိုယ် မင်းနဲ့တွေ့ချင်တယ်"

"အို ကျွန်မ"

ထိုစဉ်

"သူဌေးလာပြီ"

အေးမာအသံကြောင့် ကြည့်လိုက်တော့ တကယ်ပဲ ဆူး ရောက်လာ၏။

"အို ကိုကိုကျော် ရောက်နေတယ်"

ဆူးက ကျော်ဇေယာကို မြင်တာနှင့် မျက်နှာတစ်ခုလုံး ဝင်းထိန်လျက် အနားသို့ သွက်သွက်ရောက်လာ၏။





ထို့နောက် စိမ့်ဘက်သို့ မျက်လုံးဖြင့်လှမ်းကြည့်ကာ

"စိမ့် မင်းကို ငါဘာမှာထားလဲဟင်"

"ကျွန်မ ဖုန်းဆက်ခိုင်းပါတယ်သူဌေး၊ ဒါပေမယ့်"

"ဟုတ်တယ် ဆူး၊ စိမ့်ကိုဖုန်းမဆက်ဖို့ ကိုယ်ပြောတာ"

"ဟင်"

စိမ့်ရှေ့မှာပဲ ဆူး မျက်နှာပျက်သွားသည်။ စိမ့်က အနားမှ ခွာက်ဖို့ပြင်တော့

"ဘယ်သွားမလို့လဲ စိမ့်၊ မင်း ကိုယ့်ကို အင်္ကျီရွေးပေးရ ဦးမယ်လေ"

"ဟို…ကျွန်မ"

ဆူးရှိနေတာကြောင့် စိမ့် ဘာလုပ်ရမှန်းမသိ ဖြစ်သွား၏။

"အင်္ကျီရွေးမှာများ ကိုကိုကျော်ရယ်၊ ဆူး ရွေးပေးမှာပေါ့၊ စိမ့်က မျက်စိမကြည့်တတ်ပါဘူး ကိုကိုကျော်"

ပြောပြောဆိုဆို ဆူး သွက်လက်စွာ သူ့အတွက် အင်္ကျီ များ ဝင်ရွေးသည်။

"အို ကိုကိုကျော်လက်ထဲက အင်္ကျီတွေက မကောင်းပါ ဘူး၊ ဒီလောက်အရောင်နုတာ ယောဒီ စီးညိုရင့်လေးကမှ ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်နဲ့လိုက်တာ''

ဆူးက ပြောရင်း သူ့လက်ထဲမှ အကျီများကို ဖယ်ရှားဖို့ ပြင်၏။

သူက ဖယ်ရှားမခံဘဲ

''ဒီမှာ ဆူး မင်းက အစောင်းဝန်ထမ်းလား၊ ဒီဆိုင်ရဲ့ သူဌေးလား''

''ဘယ်လိုမေးလိုက်တာလဲ ကိုကိုကျော်''

''ကိုယ်မေးတာ ရှင်းရှင်းလေးပါ ဆူး၊ မင်းက သူဌေးဆိုရင် သူဌေးနေရာမှာနေပါ၊ အစောင်းဝန်ထမ်းနေရာမှာ မင်းဝင်ပါစရာမလိုဘူးထင်တယ်''

ဆူး နှုတ်ခမ်းလေး မသိမသာ ဖိကိုက်မိ၏။ ကိုကိုကျော်က ဆူးအပေါ် ဒီလောက်ပြတ်သားတာ ခံရခက်လှသည်။

''ဒါပေမယ့် ဆူးက ကိုကိုကျော်အတွက်''

''ကိုယ် ဒီလိုအစောင်ရှင့်တွေ မကြိုက်ဘူး ဆူး၊ ကဲ စိမ့် ဒီနှစ်ထည်ပဲကိုယ်ယူမယ်''

''ရှင်…ဟုတ်ကဲ့''

ကျော်ဇေသာက စိမ့် ရွေးပေးထားသော အစိမ်းနုနှင့်





အပြာနုရုပ်အကျီနှစ်ထည်ကို ထည့်ခိုင်းလိုက်သည်။

''ဒါဆိုရင်လည်း ဒီအကျီတွေအတွက် ပိုက်ဆံမပေးပါနဲ့ ကိုကိုကျော်''

''မင်းဆိုင်ထဲကပစ္စည်းတွေက အလကားပေးဖို့လား ဆူး၊ ဒါဆို ကိုယ် တခြားလူတွေပါ ကြေငြာလိုက်ရမလား''

ဝန်ထမ်းမိန်းကလေးများက သူ့စကားကြောင့် ကြိတ်ရယ်၏။

ဆူး လှည့်ထွက်ဖို့ပြင်သည်။

''ကိုယ် မင်းနဲ့စကားပြောစရာရှိတယ် ဆူး''

သူဒီလိုတောင်းဆိုတာကြောင့် ဆူး ဝမ်းသာသွားလျက်

''ရတာပေါ့ ကိုကိုကျော်၊ အပေါ်ထပ်ရုံးခန်းကို သွားရအောင်လေ''

''အင်း''

စောစောကရယ်နေသော ဝန်ထမ်းတွေရှေ့မှာ ဆူး ခေါင်းမော့ပြီး သူနှင့်ထွက်ခဲ့၏။ လှေကားနားရောက်တော့မှ

''သြော်…စိမ့် တို့အတွက် ကော်ဖီလာပို့ပါ''

''ရှင်၊ ဟုတ်ကဲ့ သူဌေး''



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေသာ့ရှေ့မှာ စိမ့်ကို တမင်ခိုင်းပြလိုက်ခြင်းဖြင့် ဆူး ကျေနပ်စွာ ပြုံးလိုက်လေ၏။

* * *



"ဆူးကလည်း ကိုကိုကျော်ကို အခုလိုနှစ်ယောက်တည်း တွေ့ချင်နေတာ"

အပေါ်ထပ်ရုံးခန်းဆီ ရောက်တော့ ဆူးက ကျော်ဇေသာ မျက်နှာကို ပြုံးနွဲ့နွဲ့ကြည့်၍ ပြောသည်။

သို့သော် ကျော်ဇေသာမျက်နှာက တည်ငြိမ်နေ၏။

"ကိုယ် လိုရင်းပဲပြောမယ် ဆူး၊ မင်းနဲ့ပတ်သက်ပြီး ကိုယ့်ဘက်က သဘောထားကို ရှင်းရှင်းလင်းလင်း ပြောပြထားပြီးပြီ၊ ဒါကြောင့် တခြားလူတွေရှေ့မှာ မင်းဟာ ကိုယ်နဲ့ပတ်သက်တဲ့ပုံစံ မလုပ်ပြပါနဲ့"

"ဟင်"

သည်မျှထိ ပြတ်သားနေသော ကျော်ဇေသာကြောင့် ဆူး



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် မျက်နှာပျက်သွား၏။

"အထူးသဖြင့် စိမ့်ရှေ့မှာပေါ့ ဆူး"

"ဘာ စိမ့်ရှေ့ ဟုတ်လား ကိုကိုကျော်၊ ဒါဆို ရှင် ရှင်စိတ်ဝင်စားနေတဲ့မိန်းကလေးဟာ စိမ့်ပေါ့၊ ဟုတ်လား"

မေးရင်းမှ ဆူးရင်ထဲမှာ နာကျင်သွားရသည်။ သူလိုလူတစ်ယောက်က စိတ်ဝင်စားနေတဲ့ မိန်းကလေးဟာ စိမ့်ဖြစ်နေလိမ့်မယ်လို့ လုံးဝမထင်ခဲ့ပေ။

ကြည့်စမ်း စိမ့်ထက်စာလျှင် များစွာသာသော ဆူးကိုကြတော့ ပြတ်သားစွာ လမ်းခွဲစကားပြောခဲ့၏။

"ဒါက ကိုယ့်ကိစ္စပါဆူး၊ မင်းနဲ့မဆိုင်ပါဘူး"

"ဆိုင်တာယ် ကိုကိုကျော်၊ စိမ့်က ဆူးလက်အောက်မှာရှိနေတဲ့ မိန်းကလေးပဲ၊ အဟင်း နောက်ဆုံးတော့ ကိုကိုကျော်က ဆူးလက်အောက်က အလုပ်သမားကိုတောင် အလွတ်မပေးတော့ဘူးကိုး"

ထိုအပြောကြောင့် ကျော်ဇောသာမျက်နှာ ရဲခနဲဖြစ်သွား၏။ ဆူးကို ခပ်စူးစူးကြည့်ကာ…

"မင်းပြောချင်တာ ဒါပဲမဟုတ်လား ဆူး၊ ဒါပေမယ့်





စိမ့်ကို ငါချစ်မိသွားတာ လက်ထပ်ဖို့အထိဆိုတဲ့ မြတ်မြတ်နိုးနိုးအချစ်နဲ့ပဲ ဆူး"

"ဘာ ရှင်က စိမ့်ကို လက်ထပ်မယ်ဆိုတဲ့ ရည်ရွယ်ချက်အထိ ဟုတ်လား"

ဆူးခေါင်းထဲ မိုက်ခနဲဖြစ်သွားရတဲ့အထိ ခံစားမိရသည်။

စိမ့်…စိမ့်။

ကျော်ဇောသာကို ဘယ်လိုများ ဆွဲဆောင်လိုက်ပါလိမ့်။

ထိုအချိန် ကော်ဖီလာပို့သော စိမ့်မှာ သူတို့ပြောစကားများအားလုံးကြားလိုက်တာကြောင့် အံ့သြမှင်သက်သွားရသည်။

ဦးကျော်ဇောသာ ဘာကြောင့် ဒီလိုပြောလိုက်တာလဲ။ တကယ်တော့ သူနှင့်စိမ့်က ဘာမှဆိုင်ခြင်းမရှိပေ။

"ကိုယ်သွားမယ်"

ကျော်ဇောသာက လှည့်ထွက်ဖို့ပြင်သည်။ ဆူး အံလေးကြိတ်ကာ…

"စိမ့်က ကျွန်မထက် ဘာများသာလို့ ရှင်လက်ထပ်ဖို့အထိ စဉ်းစားရတာလဲ ကိုကိုကျော်"

ထိုစကားကြောင့် သူ ခြေလှမ်းတန့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းနည်းပါတယ်၊ အဲဒီအတွက် ကိုယ့်မှာ အကြောင်းပြချက်မရှိပါဘူး ဆူး"

ပြောပြီး သူ (တံခါးဖွင့်၍ထွက်လိုက်စဉ်

"ဟင် စိမ့်"

အပြင်ဘက်မှာ ကော်ဖီလင်ဗန်းကိုကိုင်၍ ရပ်နေသော စိမ့်ကို တွေ့လိုက်ရလေ၏။

"ကိုယ် မင်းနဲ့တွေ့ချင်တယ်စိမ့်၊ မနက်ဖြန် ကန်တော်ကြီးမှာ ကိုယ်စောင့်နေမယ်"

ထိုမျှပြောပြီး သူထွက်ခဲ့သည်။ စိမ့် သက်ပြင်းလေးကြိတ်ချကျန်ခဲ့ရင်း အခန်းတံခါးခေါက်ကာ အထဲဝင်လိုက်၏။

"ဩော်...မင်းရောက်လာပြီကိုး၊ အဟင်း နောက်ဆုံးတော့ မင်းဟာ ကိုကိုကျော်ကို တောင်းကောင်းကြီး ဆွဲဆောင်ခဲ့တာပါလား စိမ့်"

နာကျင်သောမျက်ဝန်းများဖြင့် ဆူးက စိမ့်ကိုကြည့်ကာ ခပ်မဲ့မဲ့ပြော၏။

"ကျွန်မ...ဦးကျော်ဇောသာကို ဘာမှမဆွဲဆောင်ခဲ့ပါဘူး သူဌေး"





"မင်း ဒီလိုပြောတိုင်း ငါယုံမယ်များ ထင်နေလား စိမ့်၊ ဟိုတစ်နေ့ညကတည်းက ကျော်ဇောသာကို မင်းဘယ်လိုပြုစားလိုက်တာလဲ စိမ့်"

"ဟင့်အင်း ကျွန်မကို သူပြန်ပို့ပေးရုံပါ"

စိမ့် အမှန်အတိုင်းပြောသည်။ ဆူး မယုံဟန်ဖြင့် ခေါင်းခါယမ်း၏။

"တော်စမ်း...ဒီလောက်လေးနဲ့ ကိုကိုကျော်က မင်းကို လက်ထပ်ဖို့အထိ စိတ်ကူးမလား စိမ့်၊ ဒီမှာ ကိုကိုကျော် အရမ်းချမ်းသာမှန်းသိလို့ မင်းအပိုင်ဖမ်းဖို့ ကြိုးစားတာမဟုတ်လား စိမ့်"

"သူဌေး"

ဆူးစကားတွေက စိမ့်၏သိက္ခာကို ထိပါးလွန်းလာတာကြောင့် မခံမရပ်နိုင်သလို အော်လိုက်မိသည်။

"ဩော် ခုတော့ မင်းက ငါ့ကိုပြန်အော်ရဲပြီပေါ့လေ စိမ့်၊ အဟင်း ဘာလဲ သူဌေးကတော် ဖြစ်တော့မှာမို့လို့လားဟင်"

"ကျွန်မကို ဒီထက်မစော်ကားပါနဲ့ သူဌေး၊ ဦးကျော်ဇောသာဟာ ဘယ်လိုလူတစ်ယောက်လဲဆိုတာ ကျွန်မမသိဘူး၊ ဒါပေမယ့် သေချာတာက ကျွန်မ သူ့ကို စိတ်မဝင်စားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကော်ဖီလင်ဗန်းကို စားပွဲပေါ်ချပေးပြီး စိမ့်
ပြန်ထွက်ခဲ့သည်။

စိမ့်၏ဖြူနုသောမျက်နှာလေးမှာ သိသာစွာနီရဲနေ၏။

''စိမ့်''

''ဟင် ထူး''

လှေကားအလယ်မှာ အပေါ်တက်လာသော ထူးနှင့်ဆေ
သည်။ ဖြူနုသောမျက်နှာလေး နီရဲနေတာကိုကြည့်ပြီး ထူး
မျက်မှောင်တွန့်သွား၏။

''စိမ့် နင့်ကို မမက ဘာပြောလိုက်ပြန်ပြီလဲဟင်''

သည်လိုမေးမှ စိမ့် မျက်ရည်ဝိုင်းချင်လာရ၏။ စိမ့် ခေါ်
ခါယမ်းကာ...

''ငါ့ကို ဘာမှလာမမေးပါနဲ့ ထူး''

ပြောပြီး ထူးနားက ခပ်သွက်သွက်ထွက်လာခဲ့၏။

ထူး ရုံးခန်းဆီသို့ အမြန်ဝင်သွားသည်။

''စိမ့်ကို ဘာပြောလိုက်ပြန်ပြီလဲ မမ''

ထူးမျက်နှာက တင်းမာနေသည်။

''ဘာ...နင်က အစ်မလုပ်သူ ဘာဖြစ်နေတယ်ဆို





မမေးဘဲ''

''မမက အမြဲတမ်း ပြဿနာရှိနေတာမဟုတ်လား၊
ကျွန်တော်က ဘာမေးရမှာလဲ''

''ထူး...နင်...နင်''

စိမ့်ကြောင့် ဒေါသဖြစ်နေသော ဆူးမှာ ထူး၏စကား
ကြောင့် ပိုအရှိန်မြင့်သွားရသည်။

''အေး...ဟုတ်တယ်၊ ငါက အမြဲတမ်း ပြဿနာနဲ့
ဟုတ်လား၊ အဟင်း နင့်စိမ့်လိုတော့ အေးမယောင်နဲ့ ခြေပုန်းမခုတ်
ဘူး ထူး''

''မမ စိမ့်ကို ဘာကြောင့်ဒီလိုပြောရတာလဲ၊ စိမ့်ဟာ
မမရဲ့ဝန်ထမ်း မဟုတ်ဘူးလားဟင်''

ကြာရှည်လျှင် မမကြောင့် ဒီဆိုင်မှာ စိမ့် မြဲတော့မည်
မဟုတ်ဟု ထူး ရိပ်မိလာပြီ။ အလုပ်နှင့်ပတ်သက်လျှင် စိမ့်က
အမြဲတမ်း တက်ကြွစွာရှိတာကြောင့် ရောင်းအားများ တက်လာ
သည်။

သည်လိုဝန်ထမ်းကောင်းမျိုး မမကြောင့် အဆုံးရှုံးမခံနိုင်
ဘာကြောင့် ထူး ဝင်ပြောနေရခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆိုင်ကဝန်ထမ်း ဟုတ်လား၊ အလုပ်သမားက အလုပ်သမားလိုမနေဘဲ အခု ငါ့ကိုကျော်သွားပြီလေ၊ ကိုကိုကျော်က သူ့ကိုလက်ထပ်မယ်တဲ့"

"ဘာ"

ဆူး၏စကားကြောင့် ယခုတစ်ခါ တုန့်လှုပ်သွားတာ ထူး။ ဆူးက ထူးကိုကြည့်ပြီး မဲ့ပြုံး ပြုံး၏။

"စိမ့်က ဘယ်လောက်ထိ ခြေလှမ်းသွက်တယ်ဆိုတာ အခု နင်သိပြီမဟုတ်လား ထူး"

"နေ နေပါဦး၊ အဲဒါ ဦးကျော်ဇေယျာ ပြောတာလား"

"ဟုတ်တယ်၊ စောစောကပဲ ကိုကိုကျော် အဲဒီစကားပြောပြီး ပြန်သွားတာ"

ထူး မျက်နှာပျက်လျက် ခေါင်းခါယမ်း၏။

"ဒါဆို စိမ့်၊ စိမ့်သဘောကကော"

"ဟဲ့ ကာယကံရှင်မပါဘဲ ဘယ်သူက ဒီလိုစကားမျိုး ပြောမှာလဲထူး"

"ဟင်"

ရုံးခန်းထဲမှ ထူး အမြန်ထွက်ခဲ့သည်။ ဦးကျော်ဇေယျာ





နှင့် ပတ်သက်ပြီး စိမ့်၏သဘောထားကို သိချင်လာ၏။

သို့သော် အောက်ထပ်ရောင်းခန်းမှာ စိမ့်က ဈေးဝယ်တွေကို ရယ်မော၍ ရှင်းပြရောင်းချနေတာကြောင့် ထူး အပြင်ထွက်ခဲ့လိုက်တော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

ထိုကိစ္စကို အကြိမ်ကြိမ်စဉ်းစားပြီးနောက် သူနှင့်တွေ့
စိမ့် ဆုံးဖြတ်လိုက်၏။

သူနှင့်ပတ်သက်၍ ဆူးက စိမ့်ကိုအထင်လွဲနေတာမျ
မခံချင်တော့ပေ။ ထို့ကြောင့် သူနှင့်တွေ့၍ ဒီကိစ္စကို ဖြတ်သား
ရှင်းဖို့ လိုအပ်လာသည်။

''စိမ့် အလုပ်သွားတော့မယ် မေမေ''

သည်မနက် အိပ်ရာမှစောစောထပြီး ရေချိုး၊ အလှပြင်
အဝတ်အစားကို အစိမ်းနုရောင်ဝတ်စုံလေး တမင်ရွေးချယ်လိုက်ခြ

ဦးကျော်ဇောသာနှင့် ပတ်သက်ပြီး စိမ့်ဘက်မှ စိမ်းနေ
တယ်ဆိုသည့်သဘော။





အားလုံးပြင်ဆင်ပြီးတာနှင့် စိမ့်က မိခင်ဖြစ်သူကို နှုတ်ဆက်
ခြင်း။

''ဒီနေ့စောလှချည်လား သမီး''

''ဟုတ်ကဲ့၊ ဆိုင်မှာ လုပ်စရာလေးတွေ ရှိသေးလို့ပါ
မေမေ''

မလွဲမရှောင်သာ မုသားသုံး၍ စိမ့် ထွက်လာ၏။ ချိန်းထား
သာနေရာတွင် သူရောက်မနေပေ။

ဒါလည်း တစ်မျိုးကောင်းတာပဲဟု စိမ့်တွေးလျက် မနက်
င်း၏ လေနုအေးကို တစ်ယောက်တည်း လန်းဆန်းစွာ ရှူရှိုက်မိ
သည်။

သို့သော် မကြာပါ။ သူရောက်လာ၏။

အရပ်မြင့်မြင့်၊ ဖြူဝင်းသောအသားအရေ၊ မျက်ခုံးမျက်လုံး
ကောင်းကောင်းနှင့် သူသည် ယောကျ်ားပီသစွာ ချောမောသူ
တစ်ယောက်ပါ။

ပစ္စည်းဥစ္စာအားဖြင့် ချမ်းသာပြည့်စုံသလို ရုပ်ရည်အရာ
လည်း ချောမောခန့်ညားသော သူက ထိုပိုင်ဆိုင်မှုများဖြင့် မိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးများကို ထည်လဲတွဲနေသူပါလားဟု အသိဝင်တာနှင့် စိမ့်
မျက်နှာလေး အလိုလိုတင်းသွားရ၏။

"ကိုယ်နောက်ကျသွားတယ် စိမ့်"

အပြုံးဖြင့် သူတောင်းပန်ပေမယ့် စိမ့် ခေါင်းလေးခါယမ်း
မိသည်။

"ကိစ္စမရှိပါဘူး၊ ကျွန်မလည်း စောစောကမှ ရောက်
တာ"

သူက စိမ့်ကို စူးစိုက်ကြည့်လာသည်။ စိမ့် မနေတတ်
မျက်လွှာချလိုက်မိ၏။ သူချိန်းတဲ့နေရာကို စိမ့်လာမိတာမှားပြီလား

"ကိုယ်ချိန်းတဲ့နေရာကို စိမ့်လာပေးတဲ့အတွက် ကျေးဇူး
တင်ပါတယ်"

သူ့အသံက နူးညံ့နေသလို သူ့ပုံစံက လူကြီးလူကောင်း
ဆန်တာအမှန်။

စိမ့်လာမိတဲ့အတွက် သူတစ်မျိုးမထင်စေချင်တာကြော

"ဦးကျော်ဇေယျာက ကျွန်မအလုပ်ရှင်ရဲ့ မိတ်ဆွေ
ဆိုင်ရဲ့ဖောက်သည်လည်းဖြစ်တော့ ဒီအတွက်ပါ"

သည်တော့ သူ့မျက်နှာပျက်ချင်သွားရ၏။





"ကိုယ်က စိမ့်ကို ဆွေးနွေးပတ်သက်ပြီး ခေါ်တာမဟုတ်ဘူး၊ ကိုယ်နဲ့စိမ့်တို့ နှစ်ယောက်တည်းကိစ္စအတွက်ပါ"

ထိုစကားကြောင့် သူ့မျက်နှာကို စိမ့် ဖျတ်ခနဲကြည့်မိသည်။

"ကျွန်မနားမလည်ဘူး ဦးကျော်ဇေယျာ၊ ရှင်နဲ့ကျွန်မတို့ကြားမှာ ဘာကိစ္စမှ မရှိလောက်ဘူးထင်ပါတယ်"

"အဟွန်း ဒါက စိမ့်ဘက်က ဟုတ်ရင်ဟုတ်မှာပါ၊ ဒါပေမယ့် ကိုယ့်ဘက်ကတော့ ရှိနေတယ်စိမ့်"

"ရှင်"

အံ့ဩနားမလည်သလို စိမ့်က သူ့ကိုကြည့်မိ၏။ သူ့အကြည့်တွေက စိမ့်အပေါ် အထူးနူးညံ့နေပါလား။

"ကိုယ်တို့ တစ်ခုခုစားရင်း စကားပြောကြတာပေါ့ စိမ့်"

"ဟင့်အင်း ကျွန်မစားခဲ့ပြီးပါပြီ ဦးကျော်ဇေယျာ"

အနီးကပ်မြင်နေရသော စိမ့်မျက်နှာလေးက တည်ငြိမ်လွန်းလှ၏။ စိမ့်ကိုကြည့်ပြီး သူ့ရင်က အံ့ဩစရာကောင်းစွာ ခုန်လာသည်။

"စိမ့်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့၊ ပြောပါ ဦးကျော်ဇောသာ''

''ကိုယ်မင်းကို ချစ်မိနေပြီစိမ့်ရဲ့''

''ရှင်''

ဒါ သူ့အတွက် ပထမဆုံး ရင်ထဲမှလာသော မေတ္တာဖြင့် မိန်းမတစ်ယောက်ကို ချစ်စကားပြောမိခြင်း။

စိမ့်မျက်နှာလေး ရုတ်တရက် နီရဲသွား၏။ ဆူး တစ်ယောက်လုံး ရှိနေလျက်နဲ့ စိမ့်ကို ဒီလိုစကားမျိုးပြောတာ ဘယ်လိုသဘောလဲ။

''ရှင် ကျွန်မကို အထင်သေးလို့ ဒီစကားမျိုးပြောတာလား ဦးကျော်ဇောသာ''

''ဘာ''

''အဟင်း ရှင်က မိန်းကလေးတိုင်းကို ငါပြောလိုက်တိုင်း လွယ်လွယ်ရမယ်လို့ ထင်ထားသလား ဦးကျော်ဇောသာ''

သူ့မျက်နှာကို တည့်တည့်ကြည့်ကာ စိမ့် မေးပစ်၏။

''ဟာ...မဟုတ်ဘူး၊ အဲဒီလိုသဘောမျိုး လုံးဝမဟုတ်ဘူး စိမ့်''

သူငြင်းပေမယ့် ဒါ ဟန်ဆောင်ပြောတာပဲဟု စိမ့်ထင်၏။





''ဝမ်းနည်းပါတယ် ဦးကျော်ဇောသာ၊ ကျွန်မ အဲဒီလို မိန်းကလေးမျိုးမှာ မပါဘူး''

ပြတ်သားစွာပြောပြီး စိမ့် လှည့်ထွက်ခဲ့သည်။

''စိမ့်''

''ဟင်''

သူ ဖျတ်ခနဲ စိမ့်၏လက်ကို လှမ်းဆွဲသည်။ စိမ့် ချက်ချင်း ပြန်ရုန်း၏။

''ရှင် ဒီလိုမလုပ်ပါနဲ့၊ လူကြီးလူကောင်းဆန်ပါ ဦးကျော် ဇောသာ''

''ကိုယ် ရှင်းပြပါရစေဦး စိမ့်''

''အဟင်း ရှင်က ဘာကိုရှင်းပြမှာလဲ ဦးကျော်ဇောသာ၊ ဘာလဲ ရှင်ထည်လဲတွဲနေတဲ့ မိန်းကလေးတွေအကြောင်းလား၊ ဒါမှ မဟုတ် ကျွန်မရဲ့သူငယ်ချင်း ဆူးရဲ့အကြောင်းလား''

အမှန်တော့ စိမ့်၏စကားတွေက သူ့မျက်နှာကို ဖျတ်ရိုက် လိုက်သလို နာကျင်စေ၏။

''မင်း ကိုယ့်ကို အထင်လွဲနေပြီ၊ ကိုယ် အဲဒီမိန်းမတွေ အားလုံးကို မချစ်ခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းပါဘူး ဦးကျော်ဇောသာ၊ ကျွန်မ ရှင့်နဲ့ ဒီအကြောင်းတွေ မပြောချင်ဘူး"

အနီးကပ်မြင်တွေ့နေရသော ချောမောခန့်ညားလွန်းသည့် ဒီယောကျ်ားတစ်ယောက်၏ စကားတွေအောက်မှာ မတုန်လှုပ်မိအောင် စိမ့် သတိဖြင့် ထိန်းချုပ်ထားပါသည်။

"ကိုယ်ကတော့ ပြောရမယ်စိမ့်၊ ကိုယ့်ဘဝမှာ စိမ့်ဟာ ပထမဆုံး ရင်ထဲက လေးနက်တဲ့မေတ္တာစစ်နဲ့ ချစ်မိတဲ့သူပါကွာ"

တော်ရုံမိန်းကလေးတစ်ယောက် ဆိုလျှင်တော့ သူ၏ ထိုအပြောအောက်မှာ ညွတ်ကျသွားနိုင်ပါသည်။ သို့သော် စိမ့်ဆိုတာ အစကတည်းက ဘဝကို တည်ငြိမ်အေးချမ်းစွာပဲ ဖြတ်သန်းလိုတာလေ။

ဘဝမှာ ပန္နည်းဥစ္စာ ချမ်းသာတာထက် စိတ်ချမ်းသာမှုကိုပဲ လိုချင်တဲ့ မိန်းကလေးမျိုး။ စိန်ရွှေငွေ အပြည့်ဖြင့် ရင်ထဲမှာ ပူလောင်မနေချင်ပါ။

"ရှင် ဒီစကားမျိုးပြောတာ ကျွန်မက ဘယ်နှစ်ယောက်မြောက်လဲဟင်"

"မင်း"





စိမ့်၏ အထင်သေးမှုကို သူ့ရင်ကို နာကျင်စေသည်။ မချစ်ဘဲနဲ့ ရှုပ်ခဲ့မိတာတွေအတွက် ယခုအချိန်မှာ သူနောင်တရနေတယ်ဆိုလျှင် ဘယ်သူယုံမှာလဲ။

"ခွင့်ပြုပါဦး"

စိမ့် လှည့်ထွက်လိုက်သည်။ သူ့အသံ နောက်မှပါလာ၏။

"မင်း ဘာကြောင့် ကိုယ့်ကို ဒီလောက်တောင် မယုံတာလဲဟင်၊ ဆူးကြောင့်လား"

ဆူးဆိုတဲ့နာမည် ပါလာတော့ စိမ့် ခြေလှမ်းတို့ တုန့်နှေးသွားစဉ်

"ဆူးကြောင့်ဆိုရင်တော့ မင်းသိထားပါ စိမ့်၊ ကိုယ် ဆူးကို လုံးဝလက်ထပ်မှာမဟုတ်ဘူး"

"ဟင်"

စိမ့် အံ့သြစွာ လှည့်ကြည့်မိသည်။ သူ့မျက်နှာက အထူးတည်ငြိမ်လေးနက်နေ၍ တကယ်ပြောနေမှန်း သိသာလွန်းသည်။

"သူ့ခွေးက ရှင့်ကို သိပ်မျှော်လင့်နေတာပါ ဦးကျော်ဇောသာ"

www.burmeseclassic.com



မိန်းမသားချင်းမို့ စာနာစိတ်ဖြင့် ဆူးဘက်မှ စိမ့် လိုက်ပြောပေးမိ၏။ သူ့နှုတ်ခမ်းတို့ တွန့်ခနဲပြုံးလိုက်သလား။

"ဒါဆို မင်း ကိုယ့်ကိုငြင်းနေတာ ဆူးကြောင့်ပေါ့၊ ဆူး မင်းကို ဘာတွေပြောထားမှန်း မသိပေမယ့် သူ့ကို ကိုယ်မချစ်ဘူး စိမ့်၊ အဲဒီအတွက် သူ့ဘက်က မနစ်နာအောင် ကိုယ်အများကြီး ပေးဆပ်ထားတယ်ဆိုရင် မင်းယုံမလား"

ဆူးပြောခဲ့သောစကားတချို့ကို စိမ့် ပြန်ကြားယောင်မိသည်။

"ကိုကိုကျော်နဲ့ မမက တစ်ယောက်ကိုတစ်ယောက် ချစ်ကြတာမဟုတ်ပါဘူး စိမ့်၊ သူတို့ချင်း လိုအပ်မှုကို အပြန်အလှန် လဲလှယ်နေကြတာပါစိမ့်"

ယခု ဦးကျော်ဇေယျာ နှုတ်များက ကိုယ်တိုင်ဝန်ခံနေပြီ။ စိမ့် ခေါင်းလေးခါယမ်းလိုက်သည်။ တကယ်တော့ ဦးကျော်ဇေယျာနှင့်ဆူးကို စိမ့် လိုက်မမီပါ။

"ဒါပေမယ့် ကျွန်မဆီကတော့ ရှင် ဘာမှမမျှော်လင့်ပါနဲ့ ဦးကျော်ဇေယျာ"

စိမ့် ထိုမျှပဲပြောနိုင်သည်။ သူ၏ စိမ်းညို့ညို့မျက်ဝန်းတွေ





ကို ရှောင်ရှား၍ အနားမှ ထွက်ခဲ့လိုက်သည်။

သို့သော် ဦးကျော်ဇေယျာ၏ ရီဝေဝေမျက်ဝန်းရိပ်တို့က သူမမျက်လုံးထဲ ဘာကြောင့်ပါလာတာလဲကွယ်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ကို စိမ့် စောစောလာခဲ့လိုက်၏။ ဦးကျော်ဇောသာ အကြောင်းများ မတွေးချင်၍ စိတ်ကို အလုပ်ထဲနှစ်ရန်ပါ။

သို့သော်

"စိမ့်"

"ဟင် ထူး"

စိမ့်ထက်စောစွာ ထူးရောက်နေတာကြောင့် အံ့သြသွား၏။ ထူးက စိမ့်ကို ခပ်ငေးငေးကြည့်သည်။

"နင်ဘယ်ကပြန်လာတာလဲ စိမ့်"

"ငါ"

"အိမ်ကလို့တော့ မပြောနဲ့နော်စိမ့်၊ ငါ ခုပဲ နင့်အိမ်ကို ဖုန်းဆက်ပြီးတယ်၊ နင် ဒီနေ့ ဆိုင်ကို အစောကြီးထွက်သွားတယ်





တဲ့"

သည်တော့ စိမ့် သက်ပြင်းလေးချမိ၏။ ထူးကို ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ ငါ ဦးကျော်ဇောသာနဲ့ တွေ့ပြီးပြန်လာတာ"

"ဟင်...ဘာ"

ထူးမှာ နားကြားမှားသလားဟု စိမ့်ကို တစ်ခါပြန်ကြည့်မိသည်။ စိမ့်မျက်နှာက တည်ငြိမ်နေ၏။

"နင် နင် ဘာပြောလိုက်တာလဲ စိမ့်၊ ဦးကျော်ဇောသာနဲ့ သွားတွေ့ခဲ့တယ် ဟုတ်လား၊ ဒါဆို မပြောတဲ့အတိုင်း နင်နဲ့ ဦးကျော်ဇောသာတို့"

"တော်တော့ ထူး၊ အဲဒီလို ဆူး အထင်လွဲနေတဲ့ ကိစ္စကို ဒီနေ့ ငါသွားရှင်းတာပဲ၊ သူ့ကို ငါနဲ့ ဘယ်တော့မှ မပတ်သက်ဖို့ ပြောခဲ့တယ်"

ထူးကိုမကြည့်ဘဲ အဝေးသို့ ခပ်ငေးငေးကြည့်ရင်း စိမ့် ပြောလိုက်၏။

"နင် တကယ်ပဲ အဲဒီလိုပြောခဲ့တယ်ပေါ့ စိမ့်၊ ငါကို



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မခေါ်ဘဲ နင်တစ်ယောက်တည်း သွားတွေ့ရတာလဲစိမ့် ရယ်၊ မတော် သူက နင့်ကို"

"ဆက်မပြောနဲ့ ထူး၊ ငါ့အမြင်မှာ ဦးကျော်ဇောသာဟာ နင်ပြောသလောက် အောက်တန်းကျမယ့်လူမျိုး မဟုတ်ပါဘူး"

ဘယ်လိုအနေအထားနှင့်ဖြစ်စေ ဦးကျော်ဇောသာ၏ ခန့်ညားချောမောတည်ကြည်မှုက သာမန်လူတွေထက် အရှိန်အဝါ တစ်မျိုး တောက်ပနေသလိုပါ။

"ငါက နင့်အတွက် စိုးရိမ်လို့ပြောတာပါ စိမ့်"

"ကျေးဇူးပဲထူး၊ ငါ အလုပ်ဝင်တော့မယ်"

အမှန်တော့ ဒီအချိန်မှာ စိမ့် မည်သူနှင့်မျှ စကားမပြော ချင်ပါ။ ကိုယ့်ဘာသာ တစ်ယောက်တည်း အေးအေးနေလျက် အလုပ်ထဲသာ အာရုံနှစ်ချင်၏။

"နင် ဘာစားပြီးပြီလဲ စိမ့်"

"ဟင့်အင်း"

"ဒါဆို ငါ တစ်ခုခုသွားဝယ်လိုက်ဦးမယ် စိမ့်"

ထူးက ထွက်သွားသည်။ စိမ့် သက်ပြင်းချကျန်ခဲ့၏။ ထူးကတစ်မျိုး။





ဆူးကတစ်မျိုး။

ဦးကျော်ဇောသာကတစ်မျိုးနှင့် ဘာကြောင့် သူတို့သုံး ယောက်နှင့် စိမ့် လာဆုံနေရပါလိမ့်။

မကြာခင် ထူး ပြန်လာ၏။ စားစရာတွေနှင့်ဖြစ်သည်။

"စိမ့် မုန့်အရင်စားလိုက်ဦး၊ ဒီအချိန် ဘာမှမစားရသေး တော့ နင်ဆာနေမှာပေါ့ စိမ့်"

"နင်ကောစားလေ ထူး"

"နင်နဲ့အတူ ငါစားရမယ်ပေါ့၊ ဟုတ်လား စိမ့်"

အပြုံးမျက်နှာဖြင့် ထူးမေးတော့ စိမ့် မျက်စောင်းထိုးပစ် လိုက်၏။ ထို့နောက် နှစ်ယောက်သား မုန့်အတူစားကြသည်။

"မမက ငါ့ကို နင်နဲ့ပတ်သက်ပြီးဆူတယ် စိမ့်"

"ဟင် ဘာကြောင့်လဲ ထူး"

"အဟက် ငါက နင့်ကိုမဆွဲဆောင်နိုင်လို့တဲ့လေ"

ထူး ရယ်နေပေမယ့် မချိပြုံးလို့ပါ။ စိမ့် စိတ်မကောင်းဖြစ် သွား၏။

"မဆိုင်ပါဘူး ထူးရယ်၊ နင်နဲ့ငါက သူငယ်ချင်းတွေပဲ"

"နင် ငါ့ကို အဲဒီထက်ပိုပြီး မစဉ်းစားပေးနိုင်ဘူးလား



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ရယ်”

ထူးကိုသနားပေမယ့် အချစ်ဆိုတာ တောင်းခံတိုင်းလည်း ပေး၍ဖြစ်တာမှမဟုတ်ဘဲ။ ထို့ကြောင့် ပြည်းညှင်းစွာ ခေါင်းခါယမ်းမိ၏။

“ငါ စိတ်မကောင်းပါဘူး ထူး၊ ဒီနေ့ ငါ့ကို မုန့်ဝယ်ကျွေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

ထူးကိုထားခဲ့ပြီး စိမ့် ထွက်လာ၏။ သည်လိုသာ ရှေ့ရှည်ဆိုရင်ဖြင့် စိမ့် တစ်စုံတစ်ရာ ဆုံးဖြတ်ရလိမ့်မည်။

ဆူး ရောက်လာတော့

“ဒီနေ့ အစည်းအဝေးလုပ်မယ်”

ပြောပြီး အပေါ်တက်သွား၏။

ဆိုင်မဖွင့်ခင် ရုံးခန်းမှာ လူစုကြသည်။ ဆူးက တစ်လအရောင်းစာရင်းများကိုကြည့်ကာ

“ဆိုင်က ရောင်းအားတိုးမလာဘူး၊ မင်းတို့ဝန်ထမ်းတွေ ဘာလုပ်နေကြတာလဲ”

ဆူးစကားကြောင့် စိမ့်အပါအဝင် အားလုံး မျက်နှာပျက်ကုန်၏။ ထူးက





“ဘယ်လိုပြောလိုက်တာလဲ၊ ဆိုင်ဖွင့်တာ ဘယ်လောက်ကြာသေးလို့လဲ၊ ဒါနဲ့တောင် ခုလထဲမှာ အတော်အသင့်ရောင်းရတာပဲ မဟုတ်လား”

“အို လေးငါးထည်လေးရောင်းရတာနဲ့ ဘာလုပ်မှာလဲ၊ စိမ့် မင်းက အရောင်းမန်နေဂျာဖြစ်ပြီး ရောင်းအားတိုးဖို့ ကြိုးစားရမှာပေါ့၊ ခုတော့ လခအလကား ထိုင်ယူနေကြတာလား”

“ဟင်”

ထိုစကားကြောင့် စိမ့်နှင့်အရောင်းဝန်ထမ်းတွေ ဆူးကို ကျေနပ်သလို ကြည့်သည်။ စိမ့် နေရာမှ ထရပ်လိုက်၏။

“သူဌေးအနေနဲ့ ဒီလိုစကားပြောတာ လွန်တယ်လို့ ကျွန်မ ထင်ပါတယ်၊ ဒီဆိုင်ကဝတ်စုံများတွေဟာ သာမန် ထောင်ဂဏန်း၊ ရာဂဏန်းနဲ့ ဝယ်လို့ရတာမဟုတ်ပါဘူး၊ အနည်းဆုံး သောင်းဂဏန်းမှ ဝယ်လို့ရတာပါ၊ ဒီလို အဆင့်မြင့်ဆိုင်တွေကိုလာတဲ့ လူတန်းစားဟာ လက်ချိုးရေတွက်လို့ရနေတဲ့ အထဲကပါ၊ ဒါကြောင့် တစ်လကို လေးငါးထည်ထွက်ရင်ပဲ ရောင်းအားမဆိုးဘူးလို့ သတ်မှတ်ရမှာပါ သူဌေး”

“အရောင်းမန်နေဂျာပြောတာကို ကျွန်မတို့လည်းထောက်



www.burmeseclassic.com

www.burmeseclassic.com



ခံပါတယ်''

စိမ့် ပြောပြီးသည်နှင့် ဝန်ထမ်းမိန်းကလေးတချို့ ထ၍ ထောက်ခံသည်။

''ကျွန်တော်လည်း ထောက်ခံတယ် မမ၊ မမဆိုင်က ပစ္စည်းတွေထဲမှာ တချို့ဆို သိန်းချီတန်ဖိုးရှိနေတာ တော်ရုံလူတန်းစား ဘယ်ဝယ်နိုင်မှာလဲ''

အားလုံးက တစ်ညီတညွတ်တည်း ထပြောတော့ ဆူး မျက်နှာ တင်းမာသွား၏။

''နေပါဦး၊ အခု မင်းတို့က ငါ့ကို ဆန့်ကျင်နေတာလား ဟင်၊ ငါက ဒီဆိုင်ရဲ့သူဌေး၊ ငါက ရောင်းအားမကောင်းလို့ ကြိုးစားဆိုရင် မင်းတို့က ကြိုးစားရမှာမဟုတ်လား''

နေရာမှ ဝုန်းခနဲထလျက် ဆူး ပြောသည်။ ထို့နောက် စိမ့်ဘက်သို့ကြည့်ပြီး

''နောက်တစ်ခုက ဒီဆိုင်မှာ ကိုယ်ရေးကိုယ်တာ ပတ်သက်ပြီး ဘယ်သူမှ ရှုပ်ရှုပ်ယှက်ယှက် မလုပ်ပါနဲ့''

သည်နောက် ဒေါက်ဖိနပ်သံ တခွပ်ခွပ်ဖြင့် ဆူး ထွက်သွား၏။ စိမ့်မှာ အားလုံးရှေ့ အပြောခံလိုက်ရသလို ဖြစ်တာကြော





နှုတ်ခမ်းလေး ဖိကိုက်မိသည်။

ထူးက နေရာမှထ၍ ဆူးနောက်လိုက်ဖို့ပြင်၏။ စိမ့် တားလိုက်သည်။

''နေပါစေ ထူး၊ ငါနဲ့ပတ်သက်ပြီး သူဌေးကို ဘာမှသွားမပြောပါနဲ့၊ ငါက သူ့ရဲ့ဝန်ထမ်းပဲ သူပြောတဲ့စကား နားထောင်ရမှာပေါ့''

''စိမ့်ရယ်''

စိမ့်က သည်းခံနိုင်လေ ထူးမှာ စိတ်မကောင်းဖြစ်ရလေပါ။

တကယ်တမ်း ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်ပြီး စိမ့်ကို ပြီးနေတာ ဆူးဖြစ်၏။ ဒါကိုသိသော ထူးက သက်ပြင်းကြိတ်ချ ခေါင်းခါယမ်းရုံသာ။

အစည်းအဝေးပြီးတာနှင့် စိမ့်က ဝန်ထမ်းများရှေ့မှာ ဘာမှ မဖြစ်သလို အပြုံးလေးဖြင့်

''ဘာပဲဖြစ်ဖြစ် ကျွန်မတို့လည်း အရင်ကထက်ပို ကြိုးစားကြတာပေါ့ ဟုတ်လား''

''ဟုတ်ကဲ့၊ ကြိုးစားပါ့မယ် မန်နေဂျာ''



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ညီညွတ်စွာ ပြောလိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ကဲ ကျွန်မတို့ အလုပ်စဝင်ကြစို့"

လုပ်ငန်းခွင်ထဲမှာ တစ်ယောက်တစ်လက် တက်ကြွစွာဖြင့် ကိုယ့်တာဝန်ကိုယ် ဆောင်ရွက်ကြလေသည်။

စိမ့်၏ စည်းရုံးဆောင်ရွက်နိုင်မှုကိုကြည့်၍ ထူး ကျေနပ်စွာ ပြုံးမိ၏။

မမဆုးက စိမ့်လိုဝန်ထမ်းတွေကို စည်းရုံးနိုင်ရင် ဘယ်လောက်ကောင်းမလဲ။

အပေါ်ထပ်မှာတော့ ဆုးတစ်ယောက်တည်း ထူးကို ဒေါသထွက်နေ၏။

"အလုပ်သမားတွေရှေ့မှာ သင်းက ငါ့ကို ပြန်ပြောလိုက်တာ၊ ကိုယ့်ကိုယ်ကို အလုပ်ရှင်မှန်းမသိ အလုပ်သမားမှန်းမသိတဲ့ကောင်ပဲ"

ထူးကို မောင်ဖြစ်နေ၍ ဆက်ဆံနေရ၏။ ဆုးစိတ်ထဲ နည်းနည်းမှ အားမရပါ။

"စိမ့်ဆိုတဲ့ မိန်းမကလည်း ကျော်ဇောသာမျက်နှာသာပေးတာနဲ့ ငါ့ကို အစကတည်းက ဆန့်ကျင်ချင်နေပြီ၊ ဟင်း နေ





ဦးပေါ့ စိမ့်ရယ်"

ဆုး၏ ကြိမ်းဝါးမှုကို စိမ့်က မကြားလေပါ။ အောက်ထပ်မှာ ဝန်ထမ်းမိန်းကလေးများနှင့် ပျော်ရွှင်စွာ အလုပ်လုပ်နေလေ၏။

● ● ●



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ပိတ်ပြီးမို့ စိမ့် ယူနီဖောင်းချွတ်၍ အိမ်ကဝတ်လာသော အဝတ်အစားများ လဲလိုက်သည်။ စိမ့်တို့ဝန်ထမ်းအားလုံး ယူနီဖောင်းကို ဆိုင်ရောက်မှ လဲကြသည်။

ရွှေရောင်ပုလဲကြယ်သီးလေးများ တပ်ထားသည့် အနက်ရောင် ရင်ဖုံးအင်္ကျီခါးတင်ပုံစံ လက်ပြတ်လေးကို အနက်ပေါ်တွင် ရွှေရေးခက်နွယ်များပါသော လုံချည်ဖြင့် တွဲဝတ်ကာ ဆံပင်များကို နောက်တွဲလေး ထုံးလိုက်၏။

အဆီပြန်ချင်နေသော မျက်နှာကို သေသပ်အောင် ပေါင်ဒါမှုန့်တို့လိုက်ပြီး နှုတ်ခမ်းကို ပန်းနုရောင်လေး ဖြန်းဆိုးလိုက်၏။

"မိန်းကလေးဆိုတာ ဘယ်အချိန်ကြည့်ကြည့် ကိုယ့်ကိုယ်ကို အမြဲသပ်ရပ်လှပနေရမယ်"





မိန်းကလေးတစ်ယောက်၏ သန့်ရှင်းသပ်ရပ်မှုကို မေမေသည် စိမ့် ငယ်စဉ်ကတည်းက အမြဲသွန်သင်ဆုံးမခဲ့လေ၏။

ထို့ကြောင့် စိမ့်က အမြဲတမ်း ကိုယ့်ကိုယ်ကို ဂရုစိုက်ခဲ့သည်။

မလှရင်နေပါ။ သပ်ရပ်သန့်ရှင်းသော မိန်းကလေးဖြစ်ဖို့လိုသည်။ ဒါကို စွဲမြဲထား၏။

"စိမ့်"

"ဟင် ရှင်"

အပြင်သို့ထွက်လိုက်တာနှင့် ဆိုင်ရှေ့မှာရပ်စောင့်နေသော ဦးကျော်ဇေယျာ။

"စိမ့် ပြန်တော့မှာမဟုတ်လား၊ ကိုယ်လိုက်ပို့မယ်"

ကျော်ဇေယျာက ကားတံခါးဖွင့်ပေးရင်း ပြော၏။ စိမ့် ခေါင်းခါယမ်းကာ

"အို…ဟင့်အင်း၊ ကျွန်မဘာသာပြန်ပါ့မယ် ဦးကျော်ဇေယျာ"

သူ မျက်နှာပျက်လျက် စိမ့်ကိုကြည့်သည်။

"ကိုယ် စိမ့်ကို ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနဲ့ မပတ်သက်ဖို့ ရှင့်ကိုပြောထားတယ်မလား ဦးကျော်ဓေသာ"

ဝန်ထမ်းအားလုံး ပြန်သွားပေမယ့် စိမ့်က အမြဲနောက်ကျတတ်၏။ တစ်နေ့တာ အရောင်းစာရင်းများကို စစ်ပြီး ထူးထံအပ်ရ၏။ ထူးမှတစ်ဆင့် ဆူးဆီသို့။

ယခုထိ ဆူးနှင့်ထူးက ဆိုင်ထဲမှာဖြစ်သည်။ စာရင်းအပ်ပြီးတာနှင့် စိမ့် ထွက်လာခြင်း။

သူ့ မျက်နှာတည်သွားလျက်

"ကိုယ့်ကို အမိန့်နာခံစေချင်ရင် စိမ့်က ကိုယ့်စကားနားထောင်ပါ"

"ရှင်"

စိမ့် ဘာမှမပြောဘဲ လှည့်ထွက်လိုက်၏။

"စိမ့်"

"အို"

ထိုစဉ်

"ဟိတ်လူ ခင်ဗျား ဒါဘာလုပ်တာလဲ"

"ဟင် ထူး"





စိမ့် လှည့်ထွက်စဉ် ကျော်ဓေသာက လက်ကို လှမ်း၍ ဆုပ်ကိုင်လိုက်သည်။ ထိုအချိန် အိမ်ပြန်ဖို့ထွက်လာသော ထူး မြင်သွားကာ ဒေါသဖြင့် ကျော်ဓေသာထံ ဝင်လာ၏။

"စိမ့်လက်ကို အခုလွှတ်၊ ကဲ"

"ခွပ်"

"အို…ထူး"

ထူးက ကျော်ဓေသာကို မုန်းတီးစွာဖြင့် လက်သီးနှင့်ထိုး၏။ အငိုက်မိသွားသလိုမျိုးမို့ ထူး၏လက်သီးက ကျော်ဓေသာ မျက်နှာဆီ တည့်တည့်ရောက်သွားတော့သည်။

စိမ့် မျက်လုံးလေးဝိုင်းကာ ထူးကိုတားလိုက်ပေမယ့် မမီ။

"ခင်ဗျားက စိမ့်ကိုတောင်မချန်ဘဲ စော်ကားချင်တဲ့လူကို ကျုပ်က ဟောဒီလိုဆုံးမရမယ်"

"ခွပ်…ခွပ်"

လက်သီးချက်ကြောင့် ယိုင်လဲသွားသော ကျော်ဓေသာထံသို့ ထူး၏ ဆင့်ကာလက်သီးချက်တွေ ထပ်ရောက်ကုန်ပြန်၏။

"ထူး…ထူး နင်ဘယ်လိုလုပ်လိုက်တာလဲဟင်၊ ငါ့ကိစ္စ ငါဘာသာရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွင် သွေးများထွက်လျက် လဲကျနေသော ဦးကျော်ဇောသာထံ စိမ့် ဘယ်လိုရောက်သွားမှန်း မသိ။

"ရရဲ့လားဟင်"

ဦးကျော်ဇောသာသောမှာ ဒူးထောက်ထိုင်ချလိုက်ရင်း စိတ်မကောင်းစွာ မေးမိ၏။

"မင်းအစ်မအတွက် မင်းကျေနပ်သွားပြီလား ထူး"

နှုတ်ခမ်းမှသွေးစများကို သုတ်ရင်း ကျော်ဇောသာက ထူးအား လှမ်းမေး၏။

ထူးက စိမ့်ကို လှမ်းကြည့်သည်။ တကယ်တော့ ဒီလက်သီးချက်တွေဟာ ဘယ်သူ့အတွက် ထိုးမိတယ်ဆိုတာ ထူး မသိတော့ပါ။

"နင် ကိုကိုကျော်ကို ဘယ်လိုလုပ်လိုက်တာလဲ ထူး"

ဆူးက ယခုမှရောက်လာကာ ထူးကို ဝင်တား၏။ ထူးက ဘာမှမဖြေ။ ထူး မျက်နှာလွှဲကာ…

"စိမ့် နင့်ကိုငါလိုက်ပို့မယ်၊ လာ"

"ဪ နင်က စိမ့်အတွက်နဲ့ ကိုကိုကျော်ကို ဒီလိုလုပ်လိုက်တာလား ထူး၊ ကြည့်စမ်း ကိုကိုကျော့်နှုတ်ခမ်းမှာ သွေးတွေ"





ဆူး ရောက်လာတာကြောင့် စိမ့်က ကျော်ဇောသာနားမှ ထလိုက်၏။

"မသွားပါနဲ့ စိမ့်"

ဦးကျော်ဇောသာ လှမ်းတားသည်။

"မင်းပြန်ပါ ဆူး၊ တကယ်တော့ ထူး ငါ့ကို ဒီလိုထိုးတာ ကျေနပ်ပါတယ်၊ ငါ့အပြစ်အတွက် ငါပေးဆပ်တယ်လို့ ခံယူတယ်ဆူး"

"အို…မ…မဟုတ်ဘူး၊ ကိုကိုကျော်မှာ ဘာမှအပြစ်မရှိပါဘူး"

"မမ"

ယခုချိန်ထိ ဦးကျော်ဇောသာအပေါ် စိတ်မပြတ်ချင်သော အစ်မအား ထူး ဒေါသဖြင့် ကြည့်လိုက်၏။

"နင် ဘာမှမပြောနဲ့ထူး၊ ကိုကိုကျော်ကို ငါ"

"ခင်ဗျား ဆက်မပြောနဲ့ မမ"

ထူးက ဆူးကိုအော်ရင်း ကျော်ဇောသာအား လှမ်းကြည့်၏။

"ဒီမှာ အစ်ကိုကျော်၊ ခင်ဗျားနဲ့ မမကိစ္စမှာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းကမှ ခင်ဗျားကို အပြစ်မတင်ခဲ့ဘူး၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားနဲ့မမဟာ အပြန်အလှန် ဟန်ဆောင်နေခဲ့ကြလို့ပဲ၊ ဒါပေမယ့် ခုတော့ ခင်ဗျားကို ကျွန်တော်တောင်းပန်ပါရစေ၊ စိမ့်ကို ဒီအတိုင်းထားပေးပါ၊ စိမ့်ဟာ ခင်ဗျားတွေ့ဖူးတဲ့ မိန်းကလေးတွေလို မဟုတ်ပါဘူး"

ထူးစကားကြောင့် ကျော်ဇေယျာသာလည်း နေရာမှ ထလိုက်၏။ ထို့နောက် နူးညံ့သောမျက်ဝန်းများဖြင့် စိမ့်ကို တစ်ချက်လှမ်းကြည့်သည်။

ပြီးမှ ထူးဘက်လှည့်ကာ…

"ငါကလည်း မင်းနဲ့ဆူးကို တောင်းပန်ပါရစေ ထူး၊ အရင်က ငါဟာ အချစ်မပါဘဲ မိန်းကလေးတချို့နဲ့ တွဲခဲ့တာ ဝန်ခံပါတယ်၊ ဒါပေမယ့် စိမ့်ကိုတော့ ငါ့ဘဝမှာ တစ်ခါမှမဖြစ်ပေါ်ဖူးတဲ့ လေးနက်စစ်မှန်တဲ့ အချစ်နဲ့ ချစ်မိသွားတာပါ ထူး"

"ဟင်"

"အို"

ကျော်ဇေယျာသာ၏ တည်ငြိမ်လေးနက်သောဟန်နှင့် ရင်ထဲမှ လှိုက်ကာလာသော စကားများကြောင့် ထူးနှင့်ဆူးတို့ ရုတ်တရက်





အံ့သြသွားရ၏။

သူတို့သိခဲ့တဲ့ ကျော်ဇေယျာသာဆိုတာ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလိုခံစားတတ်ခဲ့တဲ့လူမှ မဟုတ်ဘဲ။

"ဒါကြောင့် စိမ့်ကို ချစ်မိတဲ့ ငါ့ရဲ့ချစ်ခြင်းတွေကို ယုံကြည်ပေးပါ၊ မင်းထင်သလို စိမ့်ကို ငါတစ်ခဏတာအတွက် အပျော်ချစ်ဖို့ မဟုတ်ဘူး၊ တစ်သက်တာအတွက် မြတ်မြတ်နိုးနိုးနဲ့ လက်ထပ်ဖို့အထိ ရည်ရွယ်တာပါ ထူး"

ဦးကျော်ဇေယျာသာ ပြောနေသောစကားတွေကို စိမ့် ဆက်လက်မကြားချင်၍ တစ်ယောက်တည်း ထွက်လာခဲ့လိုက်၏။

ရင်ထဲမှာ ဘာကိုမှန်းမသိ ဝမ်းနည်းမိရသည်။

ထိုစဉ် စိမ့်နောက်မှ ကားသံပေါ်လာ၏။ စိမ့် လှည့်ကြည့်တော့

"အို"

ကားပေါ်မှ မျက်နှာတွင် ဒဏ်ရာတွေနှင့် ကျော်ဇေယျာသာ ဆင်းလာသည်။

"ကားပေါ်တက်ပါ စိမ့်"

တောင်းပန်သောမျက်ဝန်းများဖြင့် သူတောင်းဆို၏။



www.burmeseclassic.com

www.burmeseclassic.com



❀

စိမ့် ခေါင်းလေးခါယမ်းပြီး ပြန်လှည့်ထွက်ခဲ့သည်။ ဘာကို မှန်းမသိ စိမ့်ရင်ထဲ ဝမ်းနည်းနေမိ၏။

"စိမ့် မင်း ကိုယ့်အပေါ် ဒီလောက်တောင် အယုံအကြည် မရှိဘူးလားဟင်၊ ကောင်းပြီလေ မင်းသွားပါ၊ ဒါပေမယ့် ကိုယ်က တော့ ဟောဒီနေရာမှာ မင်းပြန်မလာမချင်း စောင့်နေမယ် ဟုတ်လား"

သူဘာပြောပြော စိမ့် လှည့်မကြည့်ဖို့ ဆုံးဖြတ်ထား၏။ ထို့နောက် တဂ္ဂစီစီး၍ အိမ်ပြန်ခဲ့လိုက်သည်။

● ● ●



ခေါင်းထဲမှာ သူ့အကြောင်းတွေ ထုတ်ဖယ်ဖို့ ကြိုးစား သည်။ မိသားစုထမင်းဝိုင်းမှာ စိမ့် နည်းနည်းသာ စားနိုင်၏။

"ဟင် သမီး ထမင်းစားနည်းလှချည်လား"

"ဟုတ်ကဲ့ အမေ၊ ဟို စိမ့်ပြန်လာကာနီးမှ မုန့်စားထားမိ လို့ပါ"

"ဪ…အေး ဒါဆို အိပ်ရာစောစောဝင်၊ ပင်ပန်းလာ မှာပေါ့"

"ဟုတ်ကဲ့"

သည်နေ့အဖို့ ဘယ်သူနှင့်မှ စကားမပြောချင်တာကြောင့် အခန်းထဲ အမြန်ဝင်ခဲ့လိုက်၏။ အိပ်ရာပေါ်ရောက်ပေမယ့် သူမ အိပ်မပျော်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇေသာ။

ရုပ်ရည်ချောမောခန့်ညားသော ယောကျာ်းတစ်ယောက် အမှန်တော့ သူမလည်း ငယ်ရွယ်နုနယ်သော မိန်းမသားပါ သည်လူတစ်ယောက်ကို စိမ့်နှလုံးသားက လက်ခံမလာအောင် အတင်းကြိုးစားနေရခြင်းဖြစ်၏။

အချိန်တွေ မည်မျှကြာသွားတယ်မသိ 'ဝေါ'ခနဲအသံနှင့် အဟူ မမျှော်လင့်ဘဲ မိုးတွေရွာချလိုက်တာကြောင့် စိမ့် အိပ်ရာ ဆတ်ခနဲ ထလိုက်မိသည်။

"ဦးကျော်ဇေသာက သိပ်ဖွဲ့ကောင်းတဲ့လူတစ်ယောက် သူလုပ်မယ်လို့ ဆုံးဖြတ်ထားတဲ့ ကိစ္စကို ဘာအကြောင်းနဲ့မှ မဖျက် တတ်ဘူး"

ထူးထံမှ ဦးကျော်ဇေသာနှင့် ပတ်သက်၍ စိမ့် ကြား ထားသည့် စကားများပါ။ ဒါဆိုလျှင်

"ကောင်းပြီ၊ မင်းသွားပါ၊ ဒါပေမယ့် ကိုယ်ကတော့ ဟောဒီနေရာမှာ မင်းမလာမချင်း စောင့်နေမယ်စိမ့်"

လေးနက်ပြတ်သားစွာ ပြောလာသည့် သူ့အသံ ပြန်ကြားယောင်မိတော့





"အို ဒီအချိန်ထိများ သူ"

မျက်နှာမှာဒဏ်ရာနှင့် သူ့အတွက် စိုးရိမ်စိတ်က စိမ့်ကို နှိုင်ယူသွားပြီ။

အလုပ်ကပြန်လာတဲ့အတိုင်း ဝတ်စုံမလဲရသေးသော စိမ့်က ထီးတစ်လက်ကိုဆွဲယူ၍ အပြင်ထွက်ခဲ့၏။

"ဟင် သမီး မိုးထဲဘယ်ကိုလဲ"

"ဟို အ အလုပ်မှာ အရေးကြီးတဲ့ စာရင်းတွေကျန်ခဲ့လို့ အမေ"

ထိုမျှပြောပြီး စိမ့်ထွက်ခဲ့၏။ အငှားကားအသင့်တွေ့၍ စီးခဲ့လိုက်သည်။

"ဟိုရှေ့မှာ၊ ဟိုရှေ့နားရပ်လိုက်ပါ ဦးလေး"

ကားခပေးပြီးနောက် စိမ့် ထီးဆောင်း၍ဆင်းခဲ့၏။

"အို"

ကြည့်စမ်း တကယ်ပဲ ယခုချိန်ထိ သူ့ကားသည် နေရာ ရှေ့ ရပ်ထားနေတုန်းပါလား။

လမ်းဘေးမှာရပ်ထားသော ကားဟူ၍ သူ့တစ်စီးတည်း။

"အရှုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



စိမ့် တိုးတိုးလေးရွတ်ဆိုလိုက်မိ၏။ ထီးဖြင့် သူ့ကား[illegible]ရောက်သွားသည်။

ကားတံခါးမှန်များတင်ထား၍ အထဲမှာ အဲကွန်းဖွင့်လျ[illegible]သူထိုင်နေတာ မလှုပ်မယှက်။

သူမ ကားတံခါး အသာဆွဲဖွင့်၍ ဝင်ထိုင်လိုက်၏။

"ဟင် မင်း"

အံ့သြမယုံကြည်သော မျက်လုံးများဖြင့် စိမ့်ကို သူကြ[illegible]လာသည်။ စိမ့် ထီးကိုရုပ်သိမ်းလိုက်၏။

"မင်း မင်း ကိုယ့်ဆီပြန်လာတယ်နော် စိမ့်"

"အို"

သူမေးရင်း ဖြုန်းခနဲ သူမကိုယ်လေးကို တင်းကြပ်စွာ[illegible]ဖက်လိုက်သည်။

"ဒါ ဒါတကယ်ပဲလားကွယ်၊ စိမ့်က ကိုယ့်ဆီပြန်[illegible]တယ်ဆိုတာ"

သူမကိုယ်လေးကို မလွှတ်တမ်းဖက်ရင်း သူ မယုံ[illegible]ထပ်မေးနေပြန်၏။ စိမ့် ဝမ်းနည်းလာကာ မျက်ရည်များကျ[illegible]သည်။





"ကျွန်မ ကျွန်မ ရှင့်ကိုရှုံးပြီထင်တယ် ဦးကျော်ဇေသာ"

ပြောရင်း သူမမျက်ရည်တစ်ပေါက်က သူ့ပခုံးပေါ်[illegible]ခနဲ ကျသွား၏။

"မငိုနဲ့ မင်းမငိုပါနဲ့ကလေးရယ်၊ ကိုယ့်ကြောင့် မင်းဘယ်[illegible]တော့မှ မျက်ရည်မကျစေရဘူးလို့ ကတိပေးပါတယ် စိမ့်ရယ်"

သူက သူမကိုယ်လေးကိုခွာလျက် မျက်နှာလေးကို[illegible]က်နှစ်ဖက်ဖြင့် အသာဆွဲမော့ယူသည်။

ထိုနောက် သူမမျက်ရည်တွေကို ညင်သာစွာသုတ်ပေးလာ[illegible]

"ရှင် ဒီမှာတကယ်ပဲ အကြာကြီးနေခဲ့တာလားဟင်"

သူနှင့်မျက်ဝန်းချင်းဆုံတော့ သူမ တိုးညင်းစွာမေးမိသည်။ [illegible]ရှက်သလိုပြုံးကာ

"အင်း"

ဟု ခေါင်းညိတ်ပြ၏။ စိမ့် သူ့ကိုငေးကြည့်မိ၏။

"ဘာကြောင့် ဒီလိုနေရတာလဲဟင်၊ ရှင့်မှာ ဒဏ်ရာတွေ[illegible]တကယ်လို့ ကျွန်မမလာရင် ရှင်ဘယ်လိုလုပ်မှာလဲဟင်"

သူဖြည်းညှင်းစွာ ခေါင်းခါယမ်းသည်။ ထိုနောက် သူမ



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများကို စိုက်ကြည့်လျက်

"ကိုယ် ယုံနေတယ်၊ မင်း ကိုယ့်ဆီပြန်လာမှာပဲလို့"

"အို"

"ဘာကြောင့်လဲဆိုတော့ ကိုယ့်ရင်ထဲက မင်းအပေါ်ထား တဲ့ မေတ္တာစစ်မှန်လို့လေ၊ ကိုယ် အချစ်စစ်မှန်ရင် မင်းပြန်လာမယ် လို့"

"ရှင် ရူးတာပဲ"

စိမ့်မျက်နှာလေးနီကာ သူ့ရင်ခွင်မှာ ကွယ်ဝှက်မိ၏။ သူ စိမ့်ကျောပြင်လေးကို ညင်သာစွာလက်ဖြင့် ဖွဖွပွတ်သပ်လျက်

"ဟုတ်တယ် ကိုယ့်ဘဝမှာ မင်းနဲ့ပတ်သက်ပြီး ပထမဆုံး ရူးသွားတာပဲ စိမ့်"

သူဒီလိုပြောတော့ စိမ့်နှလုံးသားတစ်ခုလုံး အရည်ပျော်သွား သလိုပါပဲ။ သူ့ကို ဖြည်းညင်းစွာ မော့ကြည့်မိ၏။

"ရှင် ကျွန်မကို ဟန်ဆောင်တာပဲဖြစ်ဖြစ်၊ လှည့်စားချင် လို့ပဲဖြစ်ဖြစ်၊ ဒီစကားမျိုး ပြောနေတယ်ဆိုရင်တောင် ခုချိန်မှာ ကျွန်မ က ကျေနပ်ရမယ့်သူပါ ဦးကျော်ဇေသာ"

"ဘယ်လိုပြောလိုက်တာလဲ စိမ့်၊ မင်းစကားတွေက





ကိုယ့်ရင်ကို အရမ်းထိခိုက်စေတယ်ဆိုတာ မသိဘူးလားဟင်၊ မင်း ကိုယ့်ကိုမယုံရင် ခုပဲ မင်းမိဘတွေဆီမှာ လက်ထပ်ဖို့ ကိုယ်သွား တောင်းပန်မယ်"

သူပြောရင်း ကားစက်နှိုးသည်။ စိမ့် မျက်လုံးလေးပြူးသွား ၏။

"အို ရှင် ဒီလိုလုပ်လို့မဖြစ်ဘူး"

"မင်းပဲ ကိုယ့်ကို မယုံဘူးဆို"

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံ၏။

"ကျွန်မ ရှင်နဲ့ပတ်သက်ပြီး ဘာမှမသိတော့ဘူး ဦးကျော် ဇေသာ"

"မင်းသိရမယ်၊ ကိုယ် မင်းကို ဘယ်လောက်ချစ်တယ် ဆိုတာ"

စိမ့်ကိုယ်လေးကို ပွေ့ဖက်ကာ သူပြောသည်။

"ကျွန်မဘဝမှာ ဘယ်သူ့ကိုမှ မချစ်ဖူးဘူး ဦးကျော်ဇေ သာ"

"ကိုယ်ကတော့ အပြစ်တွေများတဲ့လူပါ စိမ့်၊ ဒါပေမယ့် သေချာတာက ကိုယ်ချစ်တာ မင်းတစ်ယောက်တည်းပါ"

၆



www.burmeseclassic.com

www.burmeseclassic.com



တိုးရှိုက်စွာ သူပြောလာ၏။ သူမ၏ ဖြူနုသော လက်ချောင်းလေးများက သူ့ကျောပြင်ကြီးပေါ် ခပ်ဖွဖွရောက်ရှိသွားသည်။

"ကျွန်မ ယုံလိုက်ရမှာလားဟင်"

"တစ်သက်တာအတွက် ထာဝရယုံလိုက်ပါကွယ်"

နုညက်သောပါးပြင်ပေါ်သို့ သူ့နှုတ်ခမ်း ဖွဖွတို့ထိလာ၏။

"ကိုယ့်အသက် ဘယ်လောက်ရှိပြီလဲ သိလား"

စိမ့်မျက်နှာလေးကို ငုံ့ကြည့်ကာ သူမေးသည်။ စိမ့် ခေါင်းလေးအသာယမ်းပြမိ၏။

"အဟွန်း ကိုယ်က အသက်ကြီးပြီဗျ။ သုံးဆယ့်ငါးနှစ်ရှိပြီ"

သို့သော် သူ့ကို ဒီလောက်အသက်ရှိလိမ့်မည်ဟု မည်သူကထင်မှာလဲ။

"မင်းကော အသက်ဘယ်လောက်ရှိပြီလဲ"

စိမ့် နှုတ်ခမ်းလေးစေ့ပြုံးလိုက်ကာ

"နှစ်ဆယ့်ငါးနှစ်"

"ဆယ်နှစ်တောင်ကွာတာပါလား၊ ကိုယ်တော့ ကလေးကိုချစ်မိတာပဲ"





"အဟင်း ဒါဆို မချစ်နဲ့လေ"

ထိုအပြောကြောင့် သူက စိမ့်ကို အသည်းယားသလို စိုက်ကြည့်၏။

"မရတော့ဘူးဗျ ကိုယ့်နှလုံးသားတံခါးက ပွင့်သွားပြီ၊ ပြန်ပိတ်လို့မရတော့ဘူး အမိလေးရဲ့"

"ရှင်ရယ်"

သည်လူတစ်ယောက်ကို ချစ်မိလို့ နောက်ဆုံးမှာ စိမ့် နာကျင်ချင် နာကျင်ခံစားရပါစေတော့။ ယခုချိန်မှာ သူ့ရင်ခွင်တွင် ကျေနပ်စွာ ခိုလှုံမိခဲ့ပြီလေ။

• • •



www.burmeseclassic.com

www.burmeseclassic.com

"မိုးတိတ်သွားပြီ"

ယခုမှ ပတ်ဝန်းကျင်ကိုသတိထားကြည့်လိုက်တော့ စောစောက သည်းထန်စွာရွာသောမိုးမှာ ရုတ်တရက် တိတ်ဆိတ်လို့။

"ဟုတ်သားပဲ မင်းလာတုန်းက မိုးတွေရွာနေတယ်နော်"

သူလည်း ပတ်ဝန်းကျင်ကို လိုက်ကြည့်ကာ နူးညံ့သော အပြုံးဖြင့်ပြောသည်။ စိမ့်မျက်နှာလေးနီကာ

"ရှင့်မျက်နှာမှာ ဒဏ်ရာရထားတယ် မဟုတ်လား"

"အင်း မင်းလာတော့ ကိုယ့်အနာပျောက်သွားသလိုပဲ စိမ့်"

ကြည့်မဝသော မျက်လုံးများဖြင့် သူပြောသည်။ စိမ့် ညင်သာသော မျက်စောင်းလေးထိုးမိ၏။





"မိန်းကလေးတွေကို ရှင် အမြဲတမ်း ဒီလိုပြောတတ်သလားဟင်"

သူ့မျက်နှာ ကွက်ခနဲပျက်သွားသည်။ စိမ့်စကားက သူ့အားနည်းချက်ကို ထိလိုက်သလို။

"ကိုယ် တကယ်စိတ်မကောင်းပါဘူး စိမ့်၊ မင်းနဲ့မတွေ့ခင်အချိန်တွေမှာ ကိုယ်ဘာကြောင့် ဒီလိုနေခဲ့မိတယ်ဆိုတာ၊ ဒါပေမယ့် ခုချိန်ကစပြီး ကိုယ့်ဘဝမှာ မင်းမှမင်းတစ်ယောက်ပဲ စိမ့်ရယ်"

"ကျွန်မ ယုံပါတယ်"

သည်တော့မှ သူ့မျက်နှာပြန်၍ လန်းဆန်းလာ၏။ စိမ့်ကို ကျေးဇူးတင်ဟန်ဖြင့်ကြည့်၏။

"ရှင့်မျက်နှာက ဒဏ်ရာနည်းနည်းရှိသေးတယ်"

ပြောရင်း စိမ့်က လက်ကိုင်အိတ်လေးထဲ နူးညံ့သော ဝမ်းစကိုယူ၍ သူ့မျက်နှာကို ဖွဖွသုတ်ပေးသည်။

"ကျွန်မကြောင့်ဖြစ်ရတာ စိတ်မကောင်းပါဘူး"

တောင်းပန်သလို စိမ့်ပြောသည်။ သူက စိမ့်လက်လေးကို ဖမ်းဆုပ်ကိုင်ကာ

"ကိုယ်က အဲဒီဒဏ်ရာတွေကို ကျေးဇူးတင်နေတာ စိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘာကြောင့်လဲ"

နားမလည်သော မျက်ဝန်းဝိုင်းလေးများဖြင့် စိမ့်မေးတော့ သူ သဘောကျဟန်ပြုံးသည်။

"မင်း ကိုယ့်ဆီပြန်လာတာ အဲ့ဒီဒဏ်ရာတွေကြောင့် မဟုတ်လား စိမ့်"

သည်တော့ စိမ့်ပြုံးမိလျက်

"ဟင့်အင်း ကျွန်မလည်း မသိတော့ဘူး၊ မိုးရွာလာတဲ့ အချိန်မှာ ရှင့်အတွက် စိုးရိမ်ပြီး ဘာကိုမှ မစဉ်းစားနိုင်ဘဲ ရောက်လာတာ"

"စိမ့်ရယ် မင်းဟာအချစ်နဲ့ပတ်သက်လာရင် တကယ်ပဲ ရိုးသားဖြူစင်သူပါဗျာ"

ထိုမျှဖြူစင်သော မိန်းကလေးတစ်ယောက်၏ အချစ်ကို သူပိုင်ဆိုင်ရတာကြောင့် အထူးဝမ်းသာမိရသည်။

"ဦးကျော်ဇောသာ"

"မင်း ကိုယ့်ကို ဒီလိုပဲ အမြဲခေါ်တော့မှာလား စိမ့်"

အနီးကပ်မြင်တွေ့နေရသည့် သဘာဝအတိုင်းလှပနေသော စိမ့်မျက်နှာလေးအားကြည့်ကာ သူမေးသည်။





"ဒါဆို ကျွန်မ ဘယ်လိုခေါ်ရမှာလဲဟင်"

"တစ်ခုခုပေါ့"

"ကျွန်မ စဉ်းစားဦးမယ်"

ယခုလိုရောက်လာတာပင် သူ့အနေဖြင့် စိမ့်ကို ကျေးဇူးတင်ရ၏။ ထိုကြောင့် စိမ့်အနှောင့်အယှက်ဖြစ်အောင် ထပ်မတိုက်တွန်းပါ။

"အချိန်သိပ်နောက်ကျနေပြီ၊ ကျွန်မ ပြန်တော့မှထင်တယ်"

"အင်း ဟုတ်တာပေါ့၊ ကိုယ်လိုက်ပို့မယ်နော်"

"ရှင် သိပ်ပင်ပန်းနေပြီ"

"ရပါတယ်ဗျာ"

အမှန်တော့ သူပင်ပန်းနေပေမယ့် ချစ်သည့်မိန်းကလေးနှင့် မိနစ်အနည်းငယ်မျှတိုးပါစေ အတူရှိနေချင်၏။

သူကားစက်နှိုးလိုက်သည်။ အဲကွန်းဖွင့်ထားတာကြောင့် လက်ပြတ်ဝတ်လာသော စိမ့်က ယခုမှအေးတာကို သတိပြုမိလျက် လက်မောင်းလေးပွတ်သပ်မိ၏။

"နေဦး မင်းအေးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဒါကိုသတိထားမိသွားသော သူက အပေါ်ကုတ်အင်္ကျီ ချွတ်လျက် သူမပခုံးပေါ် ယုယစွာခြုံပေးသည်။

စိမ့် ပြုံးပြလိုက်၏။ ကုတ်အင်္ကျီမှ သူ့ကိုယ်သင်းနံ့ဖျော့ဖျော့ကြောင့် စိမ့်ရင်ခုန်သွားရ၏။

"မနက်ဖြန် မင်းအလုပ်မဆင်းနဲ့တော့ စိမ့်"

"ဟင်"

ကားမောင်းရင်းသူပြောလိုက်ခြင်း။ စိမ့်က နားမလည်ဟန်။

"ကိုယ်တို့နှစ်ယောက် ခုလိုချစ်သွားကြတာ ဆူးသိရင် မင်းနေရခက်မယ်"

"ကျွန်မ သိပါတယ်၊ ဒါပေမယ့် ချက်ချင်းထွက်ဖို့ဆိုတာက"

"ကိုယ်က မင်းအတွက် စိုးရိမ်လို့ပါ စိမ့်"

"ကျွန်မ သိပါပြီ"

မကြာခင် သူမတို့လမ်းထိပ်ရောက်ခဲ့၏။ သူဆင်း၍ စိမ့်အတွက် ကားတံခါးဖွင့်ပေးသည်။

သူမ ကားပေါ်မှဆင်းလိုက်၏။

"ကျေးဇူးတင်ပါတယ်"





အပြုံးလေးဖြင့် စိမ့်ပြောသည်။ သူပြုံးကာ ခေါင်းခါယမ်း၏။

"မင်း ကိုယ့်ဆီလာတဲ့အတွက် ကိုယ်ကကျေးဇူးတင်ရတာပါ၊ ဒါနဲ့ ကိုယ့်ကိုမင်းရဲ့ဖုန်းနံပါတ် ပြောပြပါလား"

"ဟင် ကျွန်မဆီဆက်လို့မဖြစ်ဘူးထင်တယ်၊ ဦးကျော်အောင်သာ"

"ဘာကြောင့်လဲ စိမ့်"

သူနားမလည်သလိုမေးတော့ စိမ့် မျက်လွှာလေးချကာ

"အိမ်မှာ ကြိုးဖုန်းပဲရှိတာပါ၊ ဖုန်းလာရင် မေမေတို့က ကိုင်တော့"

"ကိုယ်သိပြီ စိမ့်"

သည်နေ့လိုခေတ်မှာ ဟန်းဖုန်းလေးတစ်လုံးမျှမရှိသော စိမ့်ကို သူကရုဏာဖြစ်သွား၏။

"ဪ ဒီမှာရှင့်အင်္ကျီ"

ပခုံးပေါ်လွှမ်းခြုံထားသော ကုတ်အင်္ကျီကို စိမ့်လှမ်းပေးသည်။ သူယူလိုက်ပြီး ကုတ်အင်္ကျီအိတ်ကပ်များကိုစမ်း၏။

"ဟော တွေ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က အော်ရင်း လက်ထဲပါလာတာက ခဲရောင် တောက်နေသည့် ဟန်းဖုန်းလေး။

"ရော့ စိမ့်၊ ဒါလေးကို မင်းယူထားလိုက်၊ အိမ်ရောက် တာနဲ့ ကိုယ်ဖုန်းဆက်မယ်နော်"

"အို ဒါက"

"ကိုယ့်မှာ နောက်ဖုန်းတစ်လုံးရှိပါတယ် စိမ့်၊ မပူပါနဲ့၊ ကဲ ကိုယ်သွားတော့မယ်"

နှုတ်ဆက်ပြီး သူကားထဲဝင်၍ မောင်းထွက်ခဲ့လိုက်၏။ နောက်မှန်မှကြည့်တော့ သူမက ရပ်၍ငေးကြည့်နေကာ။

သူပြုံးလိုက်၏။ သေချာစဉ်းစားကြည့်တော့ ဒီမိန်းက လေးရဲ့ အချစ်ကိုရဖို့အတွက် တကယ်မလွယ်ကူပါလားဟုပင်။

မမျှော်လင့်ဘဲ သူမထံက အချစ်ကို ရလိုက်တဲ့အတွက် သူပျော်မဆုံးပါ။ ပင်ပန်းသည့်ကြားက လေချွန်လိုက်မိ၏။

"အပွန်း စိမ့်ရယ်၊ ကိုယ် မင်းနဲ့ ဒီထက်စောစော ဘာကြောင့်မတွေ့ခဲ့ရတာပါလိမ့်"

အိမ်ရောက်တော့ မာမီကမအိပ်သေးဘဲ စောင့်နေ၏။

"နောက်ကျလှချည်လား သား"





"ဟုတ်ကဲ့၊ မာမီက ကျွန်တော်ကို စောင့်နေတာလား ဟင်"

"ဒါပေါ့ မင်းခုလိုနောက်ကျနေတာ ဘယ်နှစ်ခါရှိပြီလဲ၊ လက်ထပ်ဖို့ကော စဉ်းစားပြီးပြီလား ကျော်"

သူပြုံးကာ ခေါင်းညိတ်လိုက်သည်။

"ကျွန်တော် စဉ်းစားပြီးပါပြီ မာမီ"

"ဟင် ဟုတ်လား၊ ဒါဆို မင်းလက်ထပ်မယ့် မိန်းမကို တွေ့ထားပြီလား သား"

"ဟုတ်ကဲ့ မာမီ၊ ခုတော့ ကျွန်တော် ပင်ပန်းလာလို့ နားတော့မယ်နော်"

"အေး အေး"

မာမီ ဘာမှထပ်မမေးခင် သူအခန်းထဲဝင်ခဲ့လိုက်၏။ ထို နောက် စိမ့်ထံ ဖုန်းလှမ်းခေါ်သည်။

"ဟဲလို"

ကြည်လင်နူးညံ့သော အသံတိုးတိုးလေးကြောင့် သူပြုံးမိ၏။

"ကိုယ်ပါ စိမ့်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"အိပ်နေပြီလားဟင်"

"ဟင့်အင်း၊ ရှင်ကော အခုအိမ်ရောက်ပြီလားဟင်"

"ဟုတ်တယ်၊ ကိုယ်ခုပဲရောက်လို့ မင်းဆီဖုန်းဆက်လိုက်တာ စိမ့်"

"ဩော်"

နှစ်ယောက်သား တစ်ခဏမျှ တိတ်ဆိတ်သွား၏။ တစ်ယောက်အသက်ရှူသံကို တစ်ယောက်ကြားနေရသလို။

"စိမ့်"

"ရှင်"

"ကိုယ် မင်းနာမည် တစ်ခါခေါ်လိုက်တိုင်း ဘယ်လောက်ထိ ရင်ခုန်ရတယ်ဆိုတာ သိလားဟင်"

သူ့အသံက အထူးချိုသာနူးညံ့နေ၏။ နားထောင်နေရသော စိမ့်မှာ ရင်ထဲ လှိုက်ခနဲဖြစ်လျက် ယခုပင် သူ့ရှိရာသို့ ပြေးသွားချင်မိတဲ့အထိပါ။

"ရှင့်ရဲ့စကားကြောင့် ကျွန်မနှလုံးသားတစ်ခုလုံး အရည်ပျော်ကျကုန်ပြီ ကို"





"ဟင် ဘယ်လိုခေါ်လိုက်တယ် စိမ့်"

"အဟင်း ဥဒ်နိုက်ကို"

'ကို'တဲ့။

ကြည့်စမ်း ဘယ်လောက်တောင် ချိုမြိန်စေတဲ့ ခေါ်သံလေးလဲဆိုတာ။ သူ့နှစ်ခြိုက်စွာပြုံးရင်း သူ့အိပ်ရာထဲ ပစ်လှဲလိုက်၏။ အိပ်မက်ထဲမှ သူနှင့်စိမ့်တို့ ဖန်းခင်းလမ်းထဲ လျှောက်လို့ပျော်နေကြသည်တဲ့လေ။

• • •



www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မနက်မှာတော့ စိမ့် အိပ်ရာက လန်းဆန်းစွာ နိုးလာ၏။ ပြတင်းတံခါးဖွင့်ကြည့်လိုက်တော့ ခြံထဲမှာ ပန်းလေးတွေ လှပစွာဖူးပွင့်လို့။

အပေါင်း စိမ့်အတွက် အရာရာတိုင်းဟာ လှပလို့နေပါလား။ ဒါဟာ အချစ်ကြောင့်ဖြစ်သည်။

"သမီး"

"ဪ အမေ"

အခန်းထဲဝင်လာသော မိခင်ကို စိမ့်ပြုံးပြလိုက်၏။

"ညက သမီး အိမ်ပြန်တာ နောက်ကျတယ်နော်"

"ဟုတ်ကဲ့ ဟိုစာရင်းတွေ အပြီးစစ်နေတာနဲ့"

စိမ့်တစ်သက်မှာ ပထမဆုံး 'အချစ်' အတွက် မိခင်ကို ညာ





ခြင်းပါ။

"အင်း အမေ့သမီးလေးပင်ပန်းတယ်၊ ကဲ ကဲ နေချိုးပြီး ထွက်ခဲ့၊ မနက်စာအသင့်ပြင်ထားတယ်"

"ဟုတ်ကဲ့ အမေ"

အမေထွက်သွားတာနှင့် စိမ့် ရေချိုးဖို့ပြင်သည်။ နာရီကြည့်တော့ အလုပ်ချိန်နီးပြီမို့ စိမ့်ခပ်သွက်သွက်ပြင်ဆင်ရ၏။

အားလုံးပြီး၍ စိမ့်ထွက်လာတော့ အမေက ထမင်းပွဲ အသင့်ပြင်ထား၏။

"စိမ့်ရေ လာဟော့၊ ဒီမှာ အမေက မုန့်ဟင်းခါးစပယ်ရှယ် ချက်ထားတယ်"

အစ်ကိုဖြစ်သူက လှမ်းခေါ်သည်။ အဖေနှင့်ယောက်မ လည်း အတူဝိုင်းစားနေ၏။ စိမ့်ကိုမြင်တော့ ပြုံးပြနှုတ်ဆက်၏။

"လာ ညီမလေး၊ မမ မုန့်ပွဲပြင်လိုက်မယ်"

"ကျေးဇူးပဲ မမ"

ယောင်းမပြင်ပေးသော မုန့်ဟင်းခါးကို စိမ့် နှစ်ခြိုက်စွာစား လိုက်၏။ အမေချက်သော မုန့်ဟင်းခါးက ငှက်ပျောဖတ်နုနုလေး တွေနှင့်းချင်း။ ကြက်သွန်နီဥသေးလုံးတို့အပြင် ငါးဖယ်၊ ဘဲဥ၊



www.burmeseclassic.com

www.burmeseclassic.com



အကြော်တို့ဖြင့် စုံလင်စွာစားကောင်းနေသည်။

"သမီး စားကောင်းရဲ့လား"

"ဟုတ်ကဲ့ အမေ၊ စားလို့ကောင်းပါတယ်"

"အေး အေး အဖေတို့လည်း စားကောင်းတယ်သမီး"

"ကဲ အမေကြားတယ်နော်"

အစ်ကိုကဝင်ပြော၍ အားလုံးရယ်၏။ စိမ့်တို့မိသားစုလေးက ဒီလိုအေးချမ်းပျော်ရွှင်စရာပါ။

စားပြီးတာနှင့် စိမ့် အားလုံးကိုနှုတ်ဆက်သည်။

"သမီး အလုပ်သွားတော့မယ်နော် အဖေနဲ့အမေ"

"အေး အေး ကောင်းကောင်းသွား သမီး"

ထီးလေးယူ၍ ဘတ်စ်ကားဂိတ်သို့ စိမ့်လျှောက်လာသည်။

"စိမ့်"

"ဟင် ကို"

မမျှော်လင့်ဘဲ သူ့ကိုတွေ့လိုက်ရ၍ အံ့သြသွား၏။ သူကားပေါ်မှဆင်းကာ

"ကိုယ် စိမ့်ကိုလာကြိုတာ"

"အို"





"ကဲ ကားပေါ်တက်စိမ့်"

စိမ့်အတွက် ကားတံခါးဖွင့်ပေးသည်။ ပတ်ဝန်းကျင်က လူတချို့ကြည့်နေတာမို့ စိမ့် ကားပေါ်တက်လိုက်၏။

သူကားတံခါးပြန်ပိတ်ပြီး မောင်းသည့်နေရာတွင် ဝင်ထိုင်၏။

"ဒီထိ ဘာလို့လာကြိုရတာလဲ ကိုရယ်"

"အဟွန်း မနက်စောစော စိမ့်မျက်နှာလေးကို မြင်ချင်လို့ပေါ့ဗျာ"

ကားမောင်းရင်း သူပြုံး၍ပြောသည်။ အစိမ်းနုရောင် ရှပ်အင်္ကျီအပျော့သားလက်ရှည်ကို အနက်ရောင်သက္ကလပ်ပျော့ဘောင်းဘီရှည်နှင့် တွဲဝတ်ထားသော သူ့ပုံစံက ရှင်းသန့်ခန့်ညားနေသည်။

"စိမ့် ဒီအင်္ကျီလေးကိုမှတ်မိလား"

"အင်း ကိုဆိုင်လာဝယ်တုန်းက စိမ့်ရွေးပေးခဲ့တာပဲ"

"အဟွန်း စိမ့်က မှတ်မိသားပဲ၊ ဒီမနက် စိမ့်ကို သတိရပြီး ကိုဝတ်လာတာဗျ"

အချစ်ကြောင့်လားတော့မသိ။ သေးတိုက်မြင်နေရသော



www.burmeseclassic.com

www.burmeseclassic.com



သူ့ရုပ်သွင်က ဆယ်ကျော်သက် လူငယ်တစ်ယောက်လို နုပျိုနေသည်ဟု ထင်မိ၏။

"ကိုက အပြောကောင်းတယ်နော်၊ ကို ဒီလိုအပြောကောင်းတာကြောင့် ကို့ဘေးနားမှာ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်ခဲ့တာလားဟင်"

သူပခုံးတွန့်ကာပြုံးသည်။ ထို့နောက် စိမ့်ကို ရွှန်းစိုတောက်ပသော မျက်ဝန်းညိုကြီးများဖြင့်ကြည့်ကာ

"ခုချိန်မှာတော့ ကို့နားမှာ မင်းတစ်ယောက်ကလွဲပြီး ဘယ်သူမှမရှိပါဘူး စိမ့်၊ နောင်အနာဂတ်မှာလည်း မင်းသာ ကိုယ့်ရဲ့ ထာဝရပါ စိမ့်"

"ညက ကျွန်မစဉ်းစားမိတယ် ကို၊ ကျွန်မလေ ကို့ကို မချစ်မိဖို့ အတန်တန်ကြိုးစားခဲ့တယ်၊ ဒီကြားထဲက ဘယ်လိုကြောင့် ကျွန်မနှလုံးသားက ကို့ကိုချစ်မိသွားတယ် မသိဘူး၊ ဒါကြောင့် တကယ်လို့ ကိုက ကျွန်မကို ဟန်ဆောင်ချစ်ခဲ့တယ်ဆိုရင်လည်း ကျေနပ်ရမယ့်ဘဝပါလို့"

သည်တော့ သူကကားကို 'ကျွိ'ခနဲအုပ်ပြီး လမ်းဘေးထိုးရပ်၏။





"ဘယ်လိုပြောလိုက်တာလဲ စိမ့်၊ ကို့အချစ်ကို စိမ့်မယုံလို့ ဒီစကားပြောတာ မဟုတ်လားဟင်၊ ဘယ်သူ့ကိုမှ လက်ထပ်ဖို့ မစဉ်းစားခဲ့တဲ့ကိုဟာ မင်းနဲ့ကြတော့ တစ်သက်တာလက်တွဲဖို့ ဆုံးဖြတ်ခဲ့တဲ့ကောင်ပါစိမ့်"

စိမ့်ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ သူစိတ်ထိခိုက်ဟန်နှင့်ပြောသည်။

"စိမ့် ဒီလောက်မှမယုံရင် အခုရုံးဖွင့်ချိန်ပဲ ကိုယ်တို့သွားပြီး လက်ထပ်ကြမယ်"

"အို"

သူပြောပြီးကားကို ဝေါခနဲမောင်းထွက်၏။ စိမ့်မျက်လုံးလေးပြူးကာ

"ကို ဒါဘယ်လဲ"

"တရားရုံးလေ"

"ဟင်"

သူ့မျက်နှာက တကယ်လုပ်မည့်ဟန်ဖြင့် အရမ်းတည်နေသည်။ 'ကျော်ဇောသာဘက်မှလည်း အချစ်ကို စော်ကားခံရတဲ့အတွက် ရင်ထဲနာကျင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



စိမ့်ကို ဘယ်သူ့နှင့်မတူအောင် သူတန်ဖိုးထားချစ်မြတ်နိုးခဲ့တာလေ။

"ကို ကားရပ်လိုက်နော်၊ ကျွန်မမှားပါတယ် ကို"

သူ့ပခုံးပေါ် ခေါင်းလေးမှေးတင်ကာ စိမ့်ချော့မိ၏။ သူခေါင်းခါယမ်းသည်။

"ဘာလဲ တကယ်လက်ထပ်ကြမယ်ဆိုတော့ စိမ့်က ကြောက်နေပြီလားဟင်၊ ကို့အချစ်ကိုမယုံဘူးဆို"

"အဟင်း ခုယုံပါပြီကိုရယ် နော်"

ပြုံးနွဲ့နွဲ့လေးပြောပုံက အသည်းယားစရာ။

"ဘာပဲဖြစ်ဖြစ် ကိုယ့်ဘဝတော့ စိမ့်နဲ့ လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ခုလား ကို"

"အခု ဆိုရင်တော ခင်ဗျားလေးက လက်ခံမှာလား မရွှေစိမ့်"

ထိုအမေးကြောင့် စိမ့်လွှန့်လွှန့်လေးပြုံး၏။ သူ့ကို နူးညံ့သော မျက်ဝန်းများဖြင့်ကြည့်ကာ

"စိမ့် တစ်ယောက်တည်းဆိုရင်တော့ လက်ခံမှာပါ ကို၊





ဒါပေမယ့် အခု စိမ့်မှာ မေမေတို့ကရှိလေတော့"

"အလကားစတာပါ စိမ့်ရယ်၊ ကိုယ့် စိမ့်ကိုချစ်တာ မြတ်နိုးတန်ဖိုးထားမှုနဲ့ပါကွာ"

ချစ်သူက ဒီလိုပြောလာတော့ စိမ့်ရင်ထဲ ကြည်နူးသွားရ၏။ သူ၏လေးနက်သော မျက်ဝန်းတွေက တကယ်ပြောနေမှန်း သိသာထင်ရှားသည်။

"ကျေးဇူးတင်ပါတယ်ကို၊ ခုတော့ စိမ့်ကို အလုပ်လိုက်ပို့တော့နော်"

"စောပါသေးတယ် စိမ့်ရယ်၊ ကိုယ်ဘာမှမစားခဲ့ရသေးဘူး၊ ဒင်ဆမ်စားရအောင်နော်"

သည်တော့လည်း ချစ်သူအလိုကျ စိမ့် ခေါင်းလေးညိတ်မိရ၏။ ဆိုင်မှာ ဒင်ဆမ်းလာစားသောကားတွေပြည့်နေသည်။

သူနှင့်စိမ့်က နှစ်ယောက်စာ စားပွဲရတာကြောင့် မျက်နှာချင်းဆိုင်ဖြစ်သွား၏။ ဆိုင်တိုင်းမှာ လူတွေပြည့်နေကြတာ အလှူပေးနေသည့်အလားပင်။

"လူတွေများတယ်နော် ကို"

"ဟုတ်တယ် ဒီဆိုင်က ဒင်ဆမ်မှာ နာမည်ရနေတာ



www.burmeseclassic.com

www.burmeseclassic.com



စိမ့်၊ ဒါနဲ့ စိမ့် ဘာတွေစားမလဲ''

''ကို ကြိုက်တာမှာပါ''

မှန်တာပြောရလျှင် စိမ့်က ဒီဆိုင်မျိုးကို ပထမဆုံးရောက်ဖူးတာပါ။ မကြာခင် စိမ့်တို့စားပွဲပေါ်မှာ အင်ဆမ်မျိုးစုံလာချပေး၏။

''ကြိုက်တာစားစိမ့်၊ ကိုယ်ကတော့ အမဲသားကလွဲပြီး အားလုံးစားတယ်''

စိမ့်အတွက် တူတစ်စုံထုတ်ယူပေးပြီး သူပြောသည်။

''စိမ့်တော့ အသီးအရွက်ပိုကြိုက်တယ် ကို''

''ဒါကြောင့် စိမ့်ကပိန်နေတာ၊ အသားလည်းစားမှပေါ့ကွ''

သူနှင့်စာလျှင် စိမ့်က ဖြူနုသွယ်လျနေ၏။ ဒါကို သူအားမရသလိုပြောခြင်း။ စိမ့်ပြုံးကာ

''အသားလည်းစားပါတယ်၊ ဒါပေမယ့် နည်းနည်းပေါ့ကို''

''ကိုနဲ့လက်ထပ်ပြီးရင် များများစားရမယ်နော်၊ ဟုတ်လား''

''အဟင်း...အင်းပါ''





သူကျေနပ်အောင် ခေါင်းညိတ်လိုက်ရ၏။ စိမ့်အပေါ် ဂရုတစိုက်ရှိသော သူ့အပြုအမူတွေကြောင့် ကြည်နူးရတာအမှန်။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်စမ်း တောက်"

ယနေ့မှ ဆိုင်သို့ စောစွာရောက်လာသော ဆူးမှာ ကျော်ဇောသာကားပေါ်က 'စိမ့်'ဆင်းလာတာမြင်တော့ မျက်နှာတစ်ခုလုံး နီရဲသွား၏။

"ညနေ ကိုယ်လာကြိုမယ်နော် စိမ့်"

"အို ဟင့်အင်း၊ နေပါစေ ကို"

သို့သော် သူက စိမ့်ကိုပြုံးပြနှုတ်ဆက်ပြီး ထွက်သွားသည်။ စိမ့်သိပြီ ညနေသူလာကြိုတော့မယ်ဆိုတာ။

ထူးလည်း ထိုမြင်ကွင်းကိုမြင်သည်။

"တွေ့လား ထူး၊ နင်လုပ်လိုက်တာ သူတို့နှစ်ယောက်ကို





တွန်းပို့လိုက်သလို ဖြစ်သွားပြီဆိုတာ"

ဆူးက အံလေးကြိတ်၍ ထူးကိုဆူသည်။ ထူး ခေါင်းခါယမ်း၏။

"ဦးကျော်ဇောသာက စိမ့်ကို တကယ်ချစ်သွားတာပဲ မမ"

"တော်စမ်း၊ ဟိုမိန်းမက အမိဖမ်းနိုင်လို့ဆိုတာ နင်မသိဘူးလား ထူး"

ထိုအချိန်၌ စိမ့်က ဆိုင်ထဲသို့ တည်ငြိမ်စွာဝင်လာ၏။ ဆူးနှင့်ထူးကိုမြင်တော့ အံ့သြသွားသည်။

"ဟင် သူဌေး အစောကြီးရောက်နေတာပါလား"

ပုံမှန်အတိုင်းဆိုလျှင် ဆိုင်သို့ ဆူး၏လာချိန်မှာ နေ့ခင်းဘက် ဖြစ်တာကြောင့် စိမ့် လွှတ်ခနဲပြောမိတော့

"ဘာလဲ ငါဒီလိုအစောကြီးရောက်လာတော့ မမြင်သင့်တဲ့ မြင်ကွင်းကို မြင်လိုက်ရလို့လား စိမ့်"

ဆူးက ဒေါသစိတ်ဖြင့် စိမ့်ကို စူးစိုက်ကြည့်၍ ခပ်မဲ့မဲ့မေးသည်။ ဆူး ဘာကိုဆိုလိုတယ်ဆိုတာ စိမ့်သိလိုက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို သဘောမျိုးမဟုတ်ပါဘူး သူဌေး၊ ဒါပေမယ့် သူဌေးကို ကျွန်မတောင်းပန်ပါချင်ပါတယ်"

"ဘာ့အတွက်လဲ စိမ့်"

ထူးကဝင်မေးသည်။ ဆုူးက မျက်မှောင်ကြုတ်နေ၏။

စိမ့်သက်ပြင်းလေးချကာ ဆုူးကို နူးညံ့စွာကြည့်သည်။

"ကျွန်မစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားတဲ့ကြားက ကိုကို ချစ်မိသွားပါတယ်ရှင်"

"ဘာ ဘယ်သူ့ကို"

တမင်သိလျက်နှင့် ဆုူးခံပြင်းစွာ ထပ်မေးခြင်းပါ။ စိမ့် တောင်းပန်ဟန်ကြည့်၏။

"ဦးကျော်ဇေယျာကိုပါ"

"ဩော် ဒါဆို မင်းတို့နှစ်ယောက်က တကယ်ချစ်သွားကြပြီပေါ့ဟုတ်လား စိမ့်"

ဆုူးက မခံသာဟန်ဖြင့် သေချာအောင်ထပ်မေးသည်။ စိမ့် ခေါင်းလေးညိတ်ကာ

"ဟုတ်ကဲ့"ဟုဖြေ၏။ လှပစွာပြင်ထားသော ဆုူးမျက်နှာ





မည်းခနဲဖြစ်သွား၏။ စိမ့်ကို ရူးရူးရှားရှားကြည့်ကာ

"ဒါ နင် ငါ့ကို တမင်အရွဲ့တိုက်လိုက်တာ မဟုတ်လား စိမ့်"

"မဟုတ်ရပါဘူး သူဌေး၊ ကျွန်မ သူဌေးကို ဘာအရွဲ့တိုက်စရာအကြောင်းမှ မရှိပါဘူးရှင်"

ယခုချိန်ထိ စိမ့်က ဆုူးကို နူးညံ့သိမ်မွေ့စွာပဲ ဆက်ဆံ၏။

"ဘာ ငါ့ကို အရွဲ့မတိုက်ဘူးဟုတ်လား စိမ့်၊ ဒါဆို ကျော်ဇေယျာရဲ့အချစ်ကို နင်ဘာကြောင့် လက်ခံလိုက်တာလဲဟင်"

"ဒါကတော့ သူက ကျွန်မကို သိပ်ချစ်နေလေတော့"

"ဘာ ဘာ ကျော်ဇေယျာက နင့်ကိုသိပ်ချစ်တယ်ဟုတ်လား၊ အဟင်း ရယ်စရာကောင်းလိုက်တာ သူလိုလူမျိုးမှာ တကယ်အချစ်စစ်ရှိတယ်လို့ နင်ထင်နေသလားဟင် စိမ့်"

ဆုူးက ကျော်ဇေယျာကို အထင်သေးဟန်ဖြင့် စိမ့်ကို ခပ်လှောင်လှောင်မေးလိုက်၏။

စိမ့်နှုတ်ခမ်းလေး တင်းခနဲစေ့သွားသည်။

"ဒီလိုဆို သူဌေးကကော ကိုလိုအချစ်စစ်မရှိတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ဘာ့အတွက် မျှော်လင့်နေတာလဲဟင်''

''ဘာ''

စိမ့်၏အမေးက ဆူးရဲ့အရှိက်ကို ထိရောက်စွာမှန်သွားစေသည်။

''နှင် နှင်က ငါ့ကို''

ရုတ်ခနဲ ဆူး၏လက်တစ်ဖက် မြောက်တက်သွားသည်။

''မမ မလုပ်နဲ့''

ဆူး၏လက်ကို ထူး အချိန်မီလှမ်းဆွဲသည်။

''ဖယ်စမ်း ထူး၊ သူလို အရှက်မရှိတဲ့ မိန်းမကို ငါရိုက်ရမှ ကျေနပ်မယ်''

''ဒီစကားမျိုး ကျွန်မကို မသုံးပါနဲ့ သူဌေး၊ တကယ်အရှက်မရှိတာ ကျွန်မမဟုတ်ပါဘူး၊ ကိုယ့်ကို မချစ်ပါဘူး၊ လက်မထပ်နိုင်ပါဘူးဆိုတဲ့ ယောကျ်ားတစ်ယောက်ကို ဖွတ်တွယ်ကပ်နေတာကမှ ရှက်စရာပါ''

အမြဲတမ်းသည်းခံခဲ့သောစိမ့်က ဒီတစ်ကြိမ်တော့ မထိန်းချုပ်နိုင်ဘဲ ဆူးမျက်နှာအား ခပ်စူးစူးပြန်ကြည့်လျက် တစ်လုံးချင်း





ပြောလိုက်ခြင်း။

''ဘာ ဘာ နှင်ကများ ငါ့ကို အရှက်မရှိဘူးတဲ့ ဟုတ်လား စိမ့်၊ နှင် နှင် အခုငါ့ရှေ့ကထွက်သွားစမ်း''

ဆူးက ဆိုင်ပြင်ကို လက်ညှိုးထိုး၍ စိမ့်ကို နှင်ထုတ်သည်။ စိမ့် နှုတ်ခမ်းလေးတွန့်ကာ ပြုံးလိုက်၏။ ထိုစဉ်

''သူ့ကိုနှင်ထုတ်စရာမလိုပါဘူး ဆူး''

''ဟင် ကို''

''အို ကိုကိုကျော်''

မားမတ်သော ခြေလှမ်းများဖြင့် ဆိုင်ထဲသို့ တစ်လှမ်းချင်း ဝင်လာသူက ကျော်ဇေယျာ။

သူပြန်လာလိမ့်မည်ဟု မထင်ထားသော စိမ့်က အံ့သြသွားသလို သူ့ရှေ့မှ ဆူး၏မိုက်ရိုင်းမှုတို့ အစွမ်းကုန်ပေါ်သွားတဲ့အဖြစ်မို့ ဆူး မျက်နှာတစ်ခုလုံး နီသွားသည်။

''သူ သူက ဆူးကို''

အပြစ်မရှိဟန်ဖြင့် ဆူးက ကျော်ဇေယျာကိုတိုင်ဖို့ ကြိုးစားသည်။ ကျော်ဇေယျာ တည်ကြည်သောမျက်နှာဖြင့် ဆူးကို ရင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



၏။

"မင်း ဘာမှဟန်ဆောင်ဖို့ မကြိုးစားနဲ့ ဆူး၊ ငါအားလုံးကြားခဲ့ပြီးပြီ၊ တကယ်တော့ မင်းရဲ့အဲဒီလို ဟန်ဆောင်ကောင်းမှုတွေကို ငါစောစောကထဲက ရိပ်မိခဲ့လို့ မင်းနဲ့လမ်းခွဲတာပဲ ဆူး၊ မင်းငါ့ကို လက်ထပ်ချင်တယ်ဆိုတာ ငါ့ကိုချစ်လို့မဟုတ်ဘူး ငါ့ပစ္စည်းတွေကိုမက်လို့ ဆိုတာလည်းသိတယ်"

"အို ဆူး ဆူး ရှင်းပြပါရစေဦး ကိုကိုကျော်"

ထူးက ခေါင်းခါယမ်းသည်။ အစ်မဖြစ်သူ၏ လောဘရမ္မက်စိတ်ကို ထူး အစောကြီးကထဲက မကြိုက်ခဲ့တာ။ ယခုတော့ ဟန်ဆောင်မရဘဲ ပေါ်ကုန်ပြီ။

"အမှန်အတိုင်းသာ ရင်ဆိုင်လိုက်ပါတော့ မမ၊ အစကကျွန်တော်လည်း စိမ့်အတွက် စိုးရိမ်ခဲ့ပါတယ်၊ ဒါပေမယ့် ဒီနေ့မှာတော့ ကိုကိုကျော်နဲ့စိမ့်ဟာ တကယ်ပဲ တစ်ယောက်ကိုတစ်ယောက်မေတ္တာစစ်နဲ့ ချစ်နေကြပြီလို့ ကျွန်တော်သိလိုက်တယ်၊ ဒါကြောင့်သူတို့ချစ်တဲ့သူအချင်းချင်း အေးချမ်းစွာ ဆုံစည်းပါစေတော့ မမ"

"နင် နင့် အဟင့် ဟင့်"





မောင်လုပ်သူကပါ ဆူးကိုနားချလာတော့ နောက်ဆုံးဝမ်းနည်းစွာ ဆူးငိုကြွေးမိ၏။

ထိုနောက် ကျော်ဇေသာနှင့်စိမ့်ကိုကြည့်ကာ

"ဟုတ်ပါတယ် ကိုကိုကျော်၊ ဆူးမှားခဲ့ပါတယ်၊ အစကတော့ ကိုကိုကျော်ကို လိုချင်ခဲ့တာ ပိုင်ဆိုင်မှုတွေကြောင့်ဆိုပေမယ့်တကယ်တမ်း ကိုကိုကျော်နဲ့ လမ်းခွဲရမယ်ဆိုတော့ ဆူးရင်ထဲ ထိခိုက်ခံစားခဲ့ရတယ်၊ ဒီတော့မှ ဆူးအနေနဲ့ ကိုကိုကျော်အပေါ် တကယ်ချစ်မိလို့ဆိုတာ သိခဲ့ရတာပါ"

သို့သော် အရာရာဟာ ဆူးအတွက် အားလုံးနောက်ကျလေပြီ။

"ကိုယ်စိတ်မကောင်းပါဘူး ဆူး"

ကျော်ဇေသာ ဒီတစ်ခွန်းပဲပြောသည်။ ဆူးစိတ်ထိခိုက်စွာပြုံး၏။ ထိုနောက် စိမ့်ကိုကြည့်သည်။

"စိမ့်"

"ပြောပါ ဆူး"

"မင်းကိုလည်း ဆူးတောင်းပန်ပါတယ်၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ဘယ်သူနဲ့မှမတူအောင် သည်းခံနိုင်တဲ့ စိတ်ထားဖြူစင်တဲ့ မိန်းကလေးပါ၊ ဒါကြောင့် ကိုကိုကျော်ရဲ့ အချစ်စစ်နဲ့ မင်းထိုက်တန်ပါတယ် စိမ့်ရယ်''

မျက်ရည်တွေနှင့်ပြောလာသော ဆူးကိုကြည့်ပြီး စိမ့် စိတ်မကောင်းဖြစ်ရ၏။

''စိမ့် ဘယ်သူ့ကိုမှ အပြစ်မယူပါဘူး ဆူး''

''အို စိမ့်ရယ်၊ ကျေးဇူးပါပဲကွယ်''

ဆူးလှိုက်လှဲစွာပြုံးရင်း စိမ့်ကိုပြောသည်။ စိမ့်က ထူးကို တောင်းပန်သလိုကြည့်၏။

''ထူး ငါ့ကိုခွင့်လွှတ်ပါနော်၊ တကယ်တော့ ငါ့ဘဝမှာ နင်ဟာ အကောင်းဆုံး သူငယ်ချင်းတစ်ယောက်ပါ ထူးရယ်''

သည်တော့ ထူးက ကြေကွဲသလိုပြုံး၏။

''ငါ့ကို တောင်းပန်စရာမလိုပါဘူး စိမ့်၊ နင် တကယ်ပျော်ရွှင်ရတယ်ဆိုရင် ငါက ကျေနပ်ပြီးသားပါဟာ''

''ထူးရယ်''

ကျော်ဇောသာက စိမ့်လက်လေးကိုဆွဲ၍ သူတို့ရှေ့မှလှည့်





ထွက်ခဲ့သည်။ သည်မျှနူးညံ့သော လက်ဖဝါးလေးကို သူ့တစ်သက်တာအတွက် မလွှတ်တမ်း နိုင်နိုင်မြဲမြဲ ခေါ်သွားမည့်ခရီး၏ အစ မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

စိမ့်ကို မြင်လိုက်သည့်ခဏမှာပင် မာမီခေါင်မြဖင်က ဘဝ ဘဝကရေစက်ရှိသူနှင့် ပြန်တွေ့ရသလို လှိုက်လှဲခင်မင်စွာ သဘောကျသွားလေ၏။

"စိမ့်တဲ့လားကွယ် နာမည်လေးနဲ့ လူလေးက သိပ်လိုက်ဖက်တာပဲ၊ သမီးကို မြင်လိုက်ရတာ မာမီ့ရင်ထဲ အေးစိမ့်သွားတာပဲကွယ်"

အေးချမ်းနူးညံ့သည့် စိမ့်မျက်နှာလေးကိုကြည့်ကာ မာမီတို့ပြောတော့ ကျော်ဇောသာပြုံးမိ၏။

သူလည်း စိမ့်နဲ့စတွေ့စဉ်တုန်းက မာမီ့လို ခံစားရတဲ့အဖြစ်လေ။





"စိမ့်ကလည်း မာမီကို မြင်မြင်ချင်း ကိုယ့်ဆွေမျိုးသားချင်းတစ်ယောက်ကို တွေ့လိုက်ရသလို စိတ်ထဲခံစားရပါတယ်ရှင်"

"အမယ်လေး ပြောတတ်လိုက်တဲ့ သမီးလေးရယ်၊ အဲဒါမှ မာမီနဲ့သမီးတို့က ရေစက်အစစ်ကွယ့်၊ သား ကျော်"

"ဗျာ မာမီ"

စိုး

"မင်း ဘာကြောင့် သမီးလေးကို စောစောကတည်းက မာမီ့ဆီ ခေါ်မလာရတာလဲဟင်"

"ဗျာ အဟွန်း"

အမှန်တော့ မာမီသဘောကျခဲ့သော မိန်းမမျိုး အလွန်ရှားပါသည်။ ထိုအထဲကမှ စိမ့်ကို မာမီသဘောကျသွားခြင်းဟာ စိမ့်ရဲ့ကံကောင်းခြင်းပါ။

ယခုတော့ မာမီက စိမ့်ကိုအခေါ်နောက်ကျလို့ သူ့ ဆူခံထိနေရပြီ။

သူပြုံး၍ စိမ့်ကိုလှမ်းကြည့်၏။ စိမ့်မျက်နှာလေးနီကာ

"ဟို ဒါ ဒါက ဒီလိုပါ မာမီ၊ ကို ကိုနဲ့စိမ့်က တွေ့ကြတာ မကြာသေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါကြောင့်ကိုး၊ သမီးလိုမိန်းကလေးနဲ့တွေ့တာ မာမီ့သား ကံကောင်းတာပဲ၊ ဘာပဲဖြစ်ဖြစ် သားနဲ့သမီးကို အမြန်ဆုံး လက်ထပ်ပေးရမယ်"

"အို"

"ဟင်"

စိမ့်က ရှက်လန့်တကြားလေးဖြင့် 'အို'ဟု ထွက်လိုက်ခြင်း။ ကျော်အောသာကတော့ မာမီ့စကားကြောင့် ဝမ်းသာလုံးဆို့ကာ 'ဟင်' ခနဲဖြစ်သွားရတာပါ။

"ဘာလဲ မင်းကငြင်းချင်သေးလို့လား ကျော်"

"ဟာ မ မဟုတ်ပါဘူး မာမီ၊ မာမီ သဘောအတိုင်းပါဗျာ အဟွန်း"

လူလည်လုပ်သောသူ့ကို စိမ့်က မျက်စောင်းလေးကြိတ်ထိုး၏။ သူတစ်ဖက်လှည့်ကာ ပြုံးနေလိုက်သည်။

မာမီဘယ်လောက် စိတ်မြန်တယ်ဆိုတာ သူအသိဆုံး။

"ကဲ ဒါဆို သမီးမိဘတွေဆီ မာမီ ဒီနေ့ပဲ လာပြောမယ်"

"ရှင်၊ ဟုတ် ဟုတ်ကဲ့ မာမီ"





မငြင်းသာသောစိမ့်မှာ ခေါင်းလေးသာ တွင်တွင်ညိတ်နေရတာကြောင့် သူကြိတ်ရယ်လိုက်မိသည်။ မာမီရှေ့က နှစ်ယောက်သား ထွက်လာတာနှင့်

"ကိုက သိပ်သဘောကျနေတယ်ပေါ့လေ"

စိမ့် မျက်စောင်းလှလှလေးထိုးရင်း ပြောလိုက်၏။ စိမ့် အပြစ်တင်တော့ သူပြုံးကာ

"အဟွန်း ဒါပေါ့ စိမ့်ရဲ့၊ ကိုယ့်ချစ်သူလေးကို အမြန်ပိုင်ဆိုင်ရမှာပဲ"

"ဒါပေမယ့် လက်ထပ်ဖို့က သိပ်မမြန်လွန်းဘူးလား ကို"

"အလိုဗျာ ကို့အနေနဲ့ပြောရရင် နောက်တောင်ကျသေးတယ် စိမ့်၊ စောစောကသာ စိမ့်နဲ့တွေ့ရင် ခုဆို ကလေးနှစ်ယောက်လောက်တောင်ရနေပြီ"

"ကြည့်စမ်း ကို"

သူက အတည်ပေါက်နှင့်ပြောသမျှ စိမ့်မျက်နှာလေးနီရဲလျက် သူ့လက်မောင်းကို ဆွဲဆိတ်၏။

"အား မာမီရေ ကယ်ပါဦး၊ မာမီ့ချွေးမ သားကိုနှိပ်စက်

www.burmeseclassic.com



နေတယ်''

''ဘာ မာမှီချွေးမလဲ၊ ကိုနော် တကယ်လည်း မဟုတ်သေးဘဲနဲ့၊ သိပ်အသားယူတာပဲ''

စိမ့်က ရှက်ရှက်နှင့် သူ့ရင်ဘတ်ကို လက်သီးဆုပ်နုနုလေးများဖြင့် အဆက်မပြတ် ထုရိုက်လေ၏။

''စိမ့် စိမ့်ရယ်၊ အချစ်လက်လေးတွေ နာပါမယ်ဗျာ''

''အို''

သူက စိမ့်လက်ကလေးနှစ်ဖက်ကို ဆွဲယူ၍ စိမ့်ကိုယ်လေးကို ရင်ခွင်ထဲမှာ တင်းကြပ်စွာ ဖက်ထားလိုက်သည်။

ထိုနောက် ဖူးငုံစိုအိနေသော နှုတ်ခမ်းနုနုလေးကို အချိန်ကြာမြင့်စွာ တိတ်ဆိတ်စေလျက် လှပသောပန်းဥယျာဉ်ထဲမှာ ပျားလေးတစ်ကောင်ပျံ့ဝဲလို့လေ။

မကြာခင်မှာပဲ နှစ်ဘက်မိဘများ၏ သဘောတူညီချက်အရ ကျော်ဇောသာနှင့်စိမ့်တို့၏ မင်္ဂလာပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့သည်။

ထိုမင်္ဂလာပွဲမှာ အပျော်ဆုံးက ကျော်ဇောသာ။ အဖြူရောင်





သတို့သမီးဝတ်စုံလေးဖြင့် ရင်ထဲအေးစိမ့်နေအောင်လှသော ချစ်ဇနီးအသစ်စက်စက်လေးကို မကြာခဏ ငေးမောကြည့်ရှုရင်း သူ့အတွက် ဒါဟာ အိပ်မက်မဟုတ်ပါလားဟုတွေးကာ ပီတိဖြစ်ရတာ အကြိမ်ကြိမ်ပါ။

''စိမ့်''

''ကို''

''အဟွန်း ခုဆို ကိုနဲ့စိမ့်တို့ တကယ်ပဲ လက်ထပ်ဖြစ်ပြီနော်''

မင်္ဂလာပွဲပြီးတော့ မာမီသီးသန့်လက်ဖွဲ့သော ရွှေတောင်ကြားရှိတိုက်သို့ သူတို့လာခဲ့ကြသည်။

အသစ်စက်စက်ဇနီးမောင်နှံအတွက် ပြင်ဆင်ထားတာတွေက အားလုံး အပုံစား အကောင်းစားတွေချည်းပါ။

''အဲဒီ့အတွက် ကိုက နောင်တရနေတာလားဟင်''

''ကြည့်စမ်း ဘာယ်လိုမေးလိုက်တာလဲ ကောင်မလေး၊ ကိုက ဘာ့အတွက် နောင်တရရမှာလဲဟင်''

စိမ့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူလျက် မျက်နှာလှလှအား



www.burmeseclassic.com

www.burmeseclassic.com



စိုက်ကြည့်မေးတော့

"အဟင်း သိဘူးလေ၊ ခုဆို စိမ့် ကိုယ့်ဇနီးဖြစ်နေပြီဆိုတော့ ကိုအရင်လို ကောင်မလေးတွေနဲ့ ရှုပ်လို့မရတော့ဘူးမလား"

"အဟွန်း ဘာလဲ စိမ့်က ကို့ကို ကောင်မလေးတွေနဲ့ ရှုပ်စေချင်တယ်လား"

သူပြုံးစေ့စေ့မေးတော့ စိမ့်က သူ့ရင်ဘတ်ကို ဆတ်ခနဲ တွန်းဖယ်၏။

"ကိုနော်"

"ဟောဗျာ ဒီစကား စိမ့်စပြောပြီးတော့"

"ဟင်း ကို ရှုပ်ရဲရှုပ်ကြည့်ပါလား၊ စိမ့်မျက်နှာကို တစ်ခါတည်း မမြင်ရတော့ဘူးမှတ်ပါ"

မျက်နှာတည်တည်လေးဖြင့်ပြောနေသော စိမ့်ပုံစံက တကယ်လုပ်မည့်ဟန်။ သူ စိမ့်ကိုယ်လေးကို သိမ်းကျုံးပွေ့ဖက်လိုက်ရင်း

"ကြောက်ပါတယ်ဗျာ၊ ဒီကောင်က ခင်ဗျားလေး ပျောက်သွားရင် ရူးမှာဗျ။ မင်းလေးတစ်ယောက်ကို ဒီလိုပိုင်ပိုင်ရဖို့





တောင် ဘယ်လောက်ကြိုးစားခဲ့ရလဲ၊ စိတ်ချ ကိုအပြင်က ကောင်မလေးတွေနဲ့ ဘယ်တော့မှ မရှုပ်ဘူး၊ ဟော့ဒီကောင်မလေးနဲ့ပဲ ရှုပ်မှာဗျာ"

"အို"

လက်တွေ့သက်သေပြသည့်အလား သူ၏အကြင်နာအနမ်းတွေက စိမ့်မျက်နှာလေးအနှံ့ မှတ်သိပ်စွာကျရောက်လာသည်။

ရွှမက်ယစ်မူးဖွယ် သူ့အနမ်းတွေကြားမှာ စိမ့်မျက်နှာလေး မှေးမှိတ်လျက် အချစ်ကမ္ဘာမှာ တိတ်ဆိတ်ငြိမ်သက်သွားရလေတော့၏။

နှလုံးစိတ်ဝမ်း ငြိမ်ချမ်းကြပါစေ။
ဆုအဥ္ဂလိ



www.burmeseclassic.com